# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်း ဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။ **ဇရာဝဂ်(ဓမ္မပဒ-၁၄၆)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၅)


# ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း အကြံပေးအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် H.E. Prof. Dr.Surakiart Sathirathai ဦးဆောင်သည့် အဖွဲ့ဝင် ၁၀ ဦးပါ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**လာရောက်တွေ့ဆုံ**

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏

*စာမျက်နှာ ၃ ကော်လံ ၁ သို့* ❑



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် H.E. Prof. Dr.Surakiart Sathirathai တို့အား ညစာစားပွဲတွင် တွေ့ရစဉ်။**

သတင်းစဉ်



**အဂတိလိုက်စားမှုက လူတိုင်းရဲဘုံရန်သူဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ပြောကြား**

စာ » ၄



**ရမ်းဗြဲမြို့မှ ကျောက်ဖြူမြို့သို့ ဆက်သွယ်ပေးမည့် ကင်းချောင်းတံတားတည်ဆောက်**

စာ » ၁၁

**ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုး တက်ရောက်မည်**



စာ » ၁၄




မြန်မာ့အလင်း

# နိုင်ငံတကာဆုနှင့် ရိုးစုံ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနယ်ပယ်၌ အဆင့်အမြင့်ဆုံးဆုသည် Energy Globe Award ဖြစ်ပါသည်။ Energy Globe Foundationက နှစ်စဉ်ချီးမြှင့်သောဆုဖြစ်ပြီး ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု နယ်ပယ်ဆိုင်ရာ နိုဗယ်လ် (Noble Prize) ဆုဟု ရည်ညွှန်းပြောဆိုရသောဆု ဖြစ်ပါသည်။ သဘာဝသယံဇာတတို့ကို စနစ်တကျထိထိရောက်ရောက် အသုံးပြု၍ အစားထိုးစွမ်းအင်ရင်းမြစ်တို့အား ဖော်ထုတ်ပေးနိုင်သော လုပ်ငန်းစီမံကိန်းတို့ကို ချီးမြှင့်သောဆု ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မြေ၊ ရေ၊ လေ၊ မီးနှင့် လူငယ်ဟူသောကဏ္ဍငါးရပ်အတွက် ဆုချီးမြှင့်ပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ ရေရှည်တည်တံ့လည်ပတ်နိုင်သော ပလတ်စတစ်ဟူသောကဏ္ဍတစ်ရပ်ကို ထပ်ဖြည့်စွက်ဆုချီးမြှင့်ခဲ့ပါသည်။ ဤဆုကို ဩစတြီးယားနိုင်ငံသား စွမ်းအင်လုပ်ငန်းရှင် ဝုလ်ဖဂန်နူမန် (Wolfgang Neumann) က ဦးဆောင် အကောင်အထည်ဖော်ပေးခဲ့သောဆု ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်မှစပြီး Energy Globe Award ဆုကို ကမ္ဘာလုံးဆိုင်ရာဆု၊ ဒေသဆိုင်ရာဆုနှင့် တစ်နိုင်ငံချင်းဆိုင်ရာ နိုင်ငံလုံးဆိုင်ရာဆုဟူ၍ သုံးမျိုးခွဲခြား ပေးအပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွက် နိုင်ငံလုံးဆိုင်ရာဆု (Energy Globe National Award) အား မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံကျေးရွာဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို ပေးအပ်ခဲ့ပါသည်။ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဇန်နဝါရီလ ၁၅ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့သော (၁၈) ကြိမ်မြောက် Energy Globe Award ဆုပေးပွဲ၌ ယခုကဲ့သို့ ဆုချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။ ရိုးစုံကျေးရွာဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောအား သစ်တောဦးစီးဌာနမှ ရွေးချယ်၍ Energy Globe Award ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့၏ စီမံအုပ်ချုပ်မှုဖြင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုဗယ်လ်ဆုဟု တင်စားရသောနိုင်ငံတကာဆုကို ရရှိချီးမြှင့်ခံရခြင်းသည် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူလိုက်ခြင်း ဖြစ်ပါသည်။

Community Forest ဟုခေါ်ဆိုသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို မြန်မာနိုင်ငံ၌ ၁၉၉၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အဓိကရည်ရွယ်ချက်သည် မြန်မာ့သစ်တောသယံဇာတများအား စီမံခန့်ခွဲအုပ်ချုပ်ရာ၌ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရန်ဖြစ်ပါသည်။ ဤလုပ်ငန်း၏ သဘောသဘာဝမှာ သစ်တောတို့ကို ဒေသခံပြည်သူတို့က တိုက်ရိုက်စီမံအုပ်ချုပ်ပြီး သစ်တောဦးစီးဌာနက ပံ့ပိုးကူညီသူအခန်းကဏ္ဍမှသာ ပါဝင်ဆောင်ရွက်ပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို စတင်ဆောင်ရွက်ချိန်၌ ဒေသခံကျေးရွာသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်၊ မျော စသည်တို့ကို ထောက်ပံ့ပေးနိုင်ရန်သာ ရည်ရွယ်ခဲ့ပါသည်။ သို့သော် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အရ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ ရည်ရွယ်ချက်ကို သစ်တောအခြေခံစီးပွားရေးလုပ်ငန်းများပေါ် ပေါက် ဖွံ့ဖြိုးလာရေးအထိ အဆင့်မြှင့်သတ်မှတ်ခဲ့ပါသည်။

ရိုးစုံအစုအဖွဲ့ပိုင်သစ်တောကို ၂၀၀၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့ဝင် ၈၄ ဦးဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ရိုးစုံအစုအဖွဲ့ပိုင်သစ်တော၏ စုစုပေါင်းဧရိယာသည် ဧက ၅၅၀ ကျယ်ဝန်းပါသည်။ အဆိုပါဧရိယာဧက ၅၅၀ အနက် ဧရိယာဧက ၇၀ ကိုသာ သဘာဝသစ်တောအဖြစ်ထိန်းသိမ်းပြီး ကျန် ဧရိယာဧက ၄၈၀ ကို အဖွဲ့ဝင်များ၏ မိသားစုဝင်ဦးရေအလိုက် အချိုးကျခွဲဝေကာ သီးနှံသစ်တောရောနှောစိုက်ပျိုးကြပါသည်။ အဓိကအားဖြင့် ယာသီးနှံနှင့် လျှော်ဖြူ (ဆေးကုလားမ)ပင်တို့ကို စိုက်ပျိုးကြကြောင်း သိရှိရပါသည်။ ရိုးစုံအစုအဖွဲ့ဝင်တို့သည် လျှော်ဖြူပင်အစေးကို ထုတ်ယူရောင်းချခြင်းဖြင့် ကားပိုင်၊ အိမ်ပိုင်အဆင့်အထိ တိုးတက်လာကြောင်းကိုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါသည်။ သက်ဆိုင်ရာ မိသားစုတို့၏ ဘဝကိုသာမက ဒေသပတ်ဝန်းကျင်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုကိုပါ မြှင့်တင်ပေးသော အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတို့ကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။



# ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဥပဒေအရာရှိများ မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးက တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုရှေ့နေချုပ်က ယခုသင်တန်းမှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများရှိ ဥပဒေအရာရှိအဆင့်-၁၊ အဆင့်-၂ တို့အတွက် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် လက်တွေ့ဆောင်ရွက်ရသည့် တရားစွဲနှင့် အမှုလိုက်ဆိုင်ရာလုပ်ငန်းများတွင် လိုအပ်ချက်များကို လေ့လာမှတ်သားကြရန် လိုအပ်ကြောင်း၊ ဥပဒေအရာရှိများသည် လာဘ်ပေး လာဘ်ယူ ကင်းရှင်းရန်နှင့် မိမိတို့၏ ပညာလုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်ပြီး ပန်းတိုင်ရောက်အောင် ကြိုးစားကြရန် လိုကြောင်း၊ ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းနေထိုင်ကြရန်လိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပိုမိုသိုလှောင်နိုင်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ခင်းများဖြင့် စိမ်းလန်းဝေဖြာကြတော့မည်

**မကွေး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ခြင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်များမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ကြတော့မည် ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ဆည်ရေဖြင့် နွေစပါး ဧက ၁၂၀၁၀၊ အခြားသီးနှံ ၉၀၇ ဧကဖြင့် စုစုပေါင်း ၁၂၉၁၇ ဧကကို ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးနိုင်ခဲ့ကြပြီး ယခု ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါး ၂၂၄၅၈ ဧကနှင့် အခြားသီးနှံ ၃၁၅၃ ဧက စုစုပေါင်း ၂၅၆၁၁ ဧကကို စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပေးဝေရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးရွာသွန်းမှု ပိုမိုအားကောင်းခဲ့သောကြောင့် တိုင်းဒေသကြီးအတွင်းရှိ ကျောက်တံခါးရေလှောင်တမံ၊ ပင်းကန်၊ နတ်မောက်ရေလှောင်တမံ၊ စွန်ချောင်းရေလှောင်တမံ၊ ဆဒ္ဒန်ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ ဘုတ်ချောင်းရေလှောင်တမံ၊ ငမင်ရေလှောင်တမံ၊ ကန်တော်ကြီးကန်၊ ကင်မွန်းတောင်ရေလှောင်တမံ၊ ဘန်းကုန်းရေလှောင်တမံနှင့် ရန်ပယ်ရေလှောင်တမံ စုစုပေါင်း ရေလှောင်တမံ ၁၂ ခုအနက် နတ်မောက်ရေလှောင်တမံ၌ ကန်ရေပြည့်ရေပမာဏ ၁၁၇၉၇၄ ဧကပေ၊ စွန်ချောင်းရေလှောင်တမံ၌ ကန်ရေပြည့်ရေပမာဏ ၃၂၉၂၈ ဧကပေ၊ ဆဒ္ဒန်ရေလှောင်တမံ၌ ကန်ရေပြည့်ရေပမာဏ ၂၈၀၃၉ ဧကပေတို့ကို သိုလှောင်နိုင်ခဲ့ကြပြီး ရေလှောင်တမံများမှ စုစုပေါင်းရေပမာဏ ဧကပေ ၂၉၃၀၂၀ သိုလှောင်ထားရှိကြောင်း၊ ရေလှောင်တမံများမှ ဆည်ရေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ တူးမြောင်းမကြီးများ၊ လက်တံမြောင်းများ၊ မြောင်းခွဲများဖြင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေ စတင်ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## စစ်ရေးပြဖြင့် လက်နက်ငယ်ကျွမ်းကျင် (မွမ်းမံ) သင်တန်း အမှတ်စဉ် (၂/၂၀၁၈) ဆင်းပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော စစ်ရေးပြဖြင့် လက်နက်ငယ်ကျွမ်းကျင် (မွမ်းမံ) သင်တန်း အမှတ်စဉ် (၂/၂၀၁၈) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၂-၁-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ . ၁ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီမွှေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

◆ ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အနေဖြင့် စတင်တည်ထောင် ပြီးချိန်မှစ၍ ပထမဆုံးအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်

◆ အကြံပြုချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိ

❑ ရှေ့စာမှ

အကြံပေးအဖွဲ့အနေဖြင့် စတင်တည်ထောင်ပြီးချိန်မှစ၍ ပထမဆုံးအကြိမ် လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

**အပြီးသတ် အစီရင်ခံစာ**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် အကြံပေးကော်မရှင်သည် အကြံပြုချက် ၈၈ ချက်ပါသည့် အပြီးသတ် အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။

**အကောင်အထည်ဖော်**

ဖော်ပြပါ အကြံပြုချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသည်။

**ဖွဲ့စည်းခဲ့**

သို့ဖြစ်၍ ယင်းကော်မတီကို အထောက်အကူပြုရန်အတွက် ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများ ပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**တည်ခင်းဧည့်ခံ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Dr. Surakiart Sathirathai နှင့် အဖွဲ့ကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## သတင်းအချက်အလက်ရရှိပိုင်ခွင့်ကို မြှင့်တင်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၌ မိမိတို့နိုင်ငံ၏ပုံရိပ်ကို မြင့်မားအောင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် သတင်းအချက်အလက် ရရှိပိုင်ခွင့်ကို မြှင့်တင်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၌ မိမိတို့နိုင်ငံ၏ ပုံရိပ်ကို မြင့်မားအောင် ဆောင်ရွက်ရန်အတွက် ကြိုးစားအားထုတ်ကြရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ပြုလုပ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဦးစီးအရာရှိများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။(ယာပုံ)





တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာက စိတ်ဝင်စားမှုကြီးမားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများပြားကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မိမိနိုင်ငံကို ပုံဖော်ရာ၌ နိုင်ငံပိုင်မီဒီယာက ကောင်းစွာ ပုံဖော်နိုင်မှု အားနည်းကြောင်း၊ ပုဂ္ဂလိကသတင်းစာများမှာ သက်တမ်းအားဖြင့် သုံးလေးငါးနှစ်သာ ရှိသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမီဒီယာများ၏ လက်ထဲတွင် မိမိတို့နိုင်ငံကို ပုံဖော်ရန် ထိုးအပ်ထားရသကဲ့သို့ ဖြစ်နေကြောင်း။

မိမိတို့အနေဖြင့် Access to Information ကို မြှင့်တင်ပြီး သတင်းအချက်အလက်စီးဆင်းမှုကို မြန်ဆန်အောင် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များမှ တာဝန်ရှိသူများက နယ်မြေဒေသအလိုက် သတင်းရယူမှု၊ သတင်းပေးပို့မှုအခြေအနေနှင့် တွေ့ကြုံရသည့်အခက်အခဲများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ သတင်းရေးသားနည်းနှင့် ပေးပို့နည်း၊ ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာများ သင်တန်းပို့ချရန် လျာထားမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ကိုရီးယားသမ္မတနိုင်ငံက ဆောက်လုပ်လှူဒါန်းသော တိုးချဲ့ဆောင်သစ်ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကိုရီးယားသမ္မတနိုင်ငံ SEOK SUNG Scholarship Foundation က ဆောက်လုပ်လှူဒါန်းသော တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို သန်လျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ-ဘဏ္ဍာ) ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ပညာရေးမှူး ဦးသက်စိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအေးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် SEOK SUNG Scholarship Foundation ဥက္ကဋ္ဌ Mr. Cho Young Keun နှင့် အဖွဲ့ဝင် Mr. Choi Yoon Hee တို့က အမှာစကားပြောကြားကြပြီးကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ (ယာပုံ)

ယင်းနောက် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်နှင့် ကျောင်းအကျိုးတော်ဆောင် နာယက ဦးအောင်မင်းထွန်းတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။ ယနေ့ဖွင့်လှစ်သော ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ စာသင်ခန်း နှစ်ခန်းပါ ကျောင်းဆောင်ဖြစ်ပြီး လေးဆောင်မြောက် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**



# အဂတိလိုက်စားမှုက လူတိုင်းရဲ့ ဘုံရန်သူဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ပြောကြား




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ " စာတမ်းဖတ်ကြားဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

**ရန်ကုန် ဇန်နဝါရီ ၂၂**

"အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုတာ ပြည်သူလူထုရဲ့လိုလားချက်၊ ပြည်သူလူထုရဲ့ တောင်းဆိုချက်ဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ အယူအဆတွေ ဘယ်လောက်ပဲ ကွဲပြားခြားနားနေပါစေ၊ အသင်းအဖွဲ့တွေ ဘယ်လောက်ပဲ များပြားနေပါစေ အဂတိလိုက်စားမှုကတော့ လူတိုင်းရဲ့ဘုံရန်သူပဲဖြစ်ပါတယ်"ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောသည်။

ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး စာတမ်းဖတ်ကြားဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် United Nations Office on Drugs and Crime ( UNODC )တို့ပူးပေါင်း၍ "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

"ဒီဘုံရန်သူကိုတွန်းလှန်တဲ့နေရာမှာ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တစ်ခုတည်းနဲ့လည်းမရပါဘူး၊ အစိုးရဌာနဆိုင်ရာတွေပါဝင်ရုံမျှနဲ့လည်း မရပါဘူး၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီး၊ အသက်အရွယ် ကြီး၊ ငယ်၊ လတ် အသီးသီး၊ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာမှ ကျွန်တော်တို့ တွန်းလှန်နိုင်မှာ ဖြစ်ပါတယ်"ဟု ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ဆက်လက်ပြောကြားသည်။

## ငါးဆကျော် တိုးတက်လာ

ထို့အပြင် ကော်မရှင်ဥက္ကဋ္ဌက "လက်ရှိအခြေအနေမှာ ကျွန်တော်တို့ကော်မရှင်ဟာ တည်ဆဲဥပဒေမူဘောင်အတွင်းက တိုင်ကြားစာစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းလုပ်ငန်းတွေကို စွမ်းအားရှိသမျှ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်၊ တိုင်ကြားမှုယန္တရားကို ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ထားတဲ့အတွက် ကျွန်တော်တို့ တာဝန်ယူတဲ့ နှစ်လတာကာလအတွင်း တိုင်ကြားမှုနဲ့ အရေးယူဆောင်ရွက်မှုဟာ ယခင်နှစ်အလားတူကာလထက် ငါးဆကျော် တိုးတက်လာခဲ့ပါတယ်။

"သို့သော် ဒါဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် အကျိုးသက်ရောက်မှု အနည်းငယ်သာဖြစ်ထွန်းလာနိုင်တာမို့ ကျွန်တော်တို့ကော်မရှင်အနေနဲ့ ပေါ်လစီမူဘောင်နဲ့ ဥပဒေမူဘောင်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပညာပေးရေး၊ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဘက်စုံထောင့်စုံကနေ စနစ်တကျ ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်"ဟု ပြောသည်။

ဆက်လက်၍ကော်မရှင်ဥက္ကဋ္ဌက "အဂတိလိုက်စားမှုတိုက်ဖျက်ရေးစစ်ပွဲဟာ ရေတိုတစ်ပွဲတိုးလုပ်လို့ရတာ မဟုတ်ပါဘူး၊ ရေရှည်စနစ်တကျနဲ့ ဘက်ပေါင်းစုံကနေ ပါဝင်ဆင်နွှဲရမယ့် စစ်ပွဲဖြစ်ပါတယ်၊ စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားသက်သက်နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးစစ်ပွဲကို ဆင်နွှဲလို့မရနိုင်ဘူးဆိုတာ ကျွန်တော်တို့ ကောင်းစွာနားလည်ပါတယ်၊ သို့သော်လည်းပဲ စိတ်ဓာတ်နဲ့ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးမပါဘဲနဲ့လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ဟာ ရေရှည်မှာ ဘယ်လိုနည်းနဲ့မှ အောင်မြင်မှုမရနိုင်ဘူးဆိုတာကိုတော့ ကျွန်တော်တို့အားလုံးက လက်ခံကြရမှာဖြစ်ပါတယ်။

## အစဉ်အမြဲရှိနေဖို့လို

"အဂတိလိုက်စားတယ်ဆိုတာ အလွန်ဆိုးရွားတဲ့ပြစ်မှုကို ကျူးလွန်တာပဲဖြစ်ပါတယ်၊ ဒီပြစ်မှုကို ဘယ်လိုအကြောင်းပြချက်နဲ့မှ သည်းမခံနိုင်ဘူး၊ ခွင့်မလွှတ်နိုင်ဘူး၊ လျစ်လျူ မရှုနိုင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုး ကျွန်တော်တို့အားလုံးဆီမှာ အစဉ်အမြဲရှိနေဖို့လိုပါတယ်၊ ဘယ်လို အကျိုးကျေးဇူးတွေ၊ ဘယ်လို အခွင့်အရေးတွေနဲ့ ဆွယ်ဆွယ်၊ ဘယ်တော့မှ ဒီလိုမကောင်းမှု ဒုစရိုက်ကို ဘယ်တော့မှ မကျူးလွန်ဘူးဆိုတဲ့ ကိုယ်ကျင့်သိက္ခာဆိုင်ရာ စောင့်ထိန်းမှုအတွက် လုပ်ပိုင်ခွင့်အာဏာရှိသူတွေနဲ့ အခွင့်အရေးမျှော်ကိုးပြီး ကိုယ်ကျိုးစီးပွားရှာစားနေကြသူတွေကို တာဝန်သိ နိုင်ငံသားတိုင်းက အစဉ်အမြဲ ထောက်ပြနေကြရမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာနှင့် စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌက "ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဒီလိုစိတ်ဓာတ်မျိုး၊ ဒီလိုဂုဏ်သိက္ခာမျိုးရရှိစေဖို့အတွက် ကလေးဘဝကစတင်ပြီး ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးလုပ်ငန်းတွေကို တစိုက်မတ်မတ် လုပ်ဆောင်သွားဖို့ ကျွန်တော်တို့ကော်မရှင်က ရည်မှန်းထားပါတယ်၊ အဂတိကင်းစင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့အတွက်ဆိုရင် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်တာမို့ ကျွန်တော်တို့လက်ရှိရေးဆွဲနေတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာမှာဖြစ်ပါတယ်။

"ဒီမဟာဗျူဟာမှာ ပညာရှင်ကြီးတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ အတွေ့အကြုံနဲ့ အကြံဉာဏ်တွေ ပါဝင်ပေးကြဖို့ ကျွန်တော်က လေးစားတန်ဖိုးထားစွာ ဖိတ်ခေါ်လိုပါတယ်၊ သမားရိုးကျပညာရေးလမ်းကြောင်းက ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးလုပ်ငန်းဟာ တဖြည်းဖြည်းမှသာ ရုပ်လုံးပေါ်လာမှာဖြစ်ပေမယ့် ယခုတက်ရောက်လာကြတဲ့ လူမှုအဖွဲ့အစည်းတွေက တစ်ဆင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးအတွက် မျှဝေပေးနိုင်စွမ်းကတော့ ပြည်သူလူထုအတွင်းမှာ ချက်ချင်းလက်ငင်း ပျံ့နှံ့စီးဝင်သွားစေမှာ ဖြစ်ပါတယ်၊ ဒါဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ အများဆုံးထိရောက်မှုရှိစေမှာဖြစ်ပါတယ်"လို့ ယုံကြည်ပါတယ်။

"နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ အဂတိလိုက်စားမှုမှန်သမျှကို အဖွဲ့အစည်းအသီးသီးက လုံးဝသည်းမခံ၊ ခွင့်မလွှတ်၊ လျစ်လျူမရှုကြဖို့ တိုက်တွန်းနှိုးဆော်ပေးကြပါရန် လူ့အဖွဲ့အစည်းတွေကတစ်ဆင့် အလေးအနက်ထား မေတ္တာရပ်ခံတင်ပြလိုက်ရပါတယ်"ဟု ပြောကြားသည်။

ထို့နောက် UNODC Country Manager Mr.TroelsVesterက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စီးပွားရေးပညာရှင် ဦးမြင့်က အဂတိလိုက်စားမှုအကြောင်း၊ အကျိုးနှင့် ကုထုံးများခေါင်းစဉ်၊ စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Promoting business Integrity ခေါင်းစဉ်ဖြင့်ဆွေးနွေးကြသည်။ ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ၊ ပညာရှင်များ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် (ငြိမ်း) ဦးမြသိန်းနှင့် ဦးခင်မောင်ညို (ဘောဂဗေဒ)တို့က ဦးဆောင်ဆွေးနွေးကြပြီး ဒေါက်တာဒေါ်ညိုညိုသင်း၊ ဦးညွန့်အောင်၊ ဦးသန်းဝင်း၊ ဦးနိုင်ကိုကို၊ ဦးငွေအောင်၊ ဦးဖြိုးမင်းလှိုင်၊ ဦးခင်မောင်တင့်နှင့် ဒေါ်မိုးမိုးထွန်းတို့က အုပ်စုအလိုက်စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

## ဖတ်ကြားဆွေးနွေး

အဆိုပါ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ရာ စာတမ်းဖတ်ပွဲဒုတိယနေ့တွင် ဦးဇေယျာသူ၊ ဦးညွန့်ဝေ၊ ဒေါက်တာဒေါ်ခိုင်ခိုင်ဝင်း၊ ဦးသွင်လင်းအောင်၊ ဦးဇော်တူးနှင့် ဦးဝင်းမြင့်သန်းတို့က စာတမ်းများကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်က အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဒုတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၁၀/၂၀၁၇)ဖြင့် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption –UNCAC) တွင် ၂၀၀၅ ခုနှစ်က ၁၃၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**သတင်း-ရီရီမြင့်၊ နန္ဒာဝင်း**
**ဓာတ်ပုံ-ရဲထွန်း**



**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ဆွေးနွေးပြောကြားစဉ်။**



**ဦးမြင့် ဆွေးနွေးပြောကြားစဉ်။**



**UNODC Country Manager Mr. Troels Vester ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

❄ *ကျောဖုံးမှ*

အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ ငလျင်ငယ်တစ်ခု ယင်းနေ့ မြန်မာစံတော်ချိန် ၁၆ နာရီ ၃၆ မိနစ် ၄၈ စက္ကန့်က တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်း မော်လိုက်မြို့၏ အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၉၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၉ ဒီဂရီ မြေအောက် အနက် ၇၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ ငလျင်ငယ်တစ်ခု ယင်းနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၃၅ မိနစ် ၅၈ စက္ကန့်က ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၈၈ မိုင်ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်း ဖြူးမြို့၏ တောင်-အနောက်တောင်ဘက် ၂၄ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၁၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၈ ဒီဂရီ၊ မြေအောက်အနက် ၁၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ထိုသို့ ငလျင်ငယ်များ ခပ်စိပ်စိပ် လှုပ်မှုကြောင့် ပြည်သူများ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး သွားလာနေထိုင်မှုများကို အထူးသတိပြုသင့်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုး/ဇလ**

❖ *ကျောဖုံးမှ*

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှ၊ ကမ္ဘာ့ကာယဗလနှင့် ကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် Secretary General Mr. Dafuk Paul Chua တို့က ဆုများချီးမြှင့်ကြသည်။

"ကျွန်တော် ၂၀၁၁ ခုနှစ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ရွှေရခဲ့တယ်၊ ပြိုင်ပွဲနားတာကြာပြီ၊ အခုပြိုင်ပွဲအတွက် လေ့ကျင့်မှုပြုလုပ်တာ ခြောက်လပဲရှိတယ်၊ နှစ်ဆုစလုံးရမယ်လို့ မထင်ထားဘူး၊ ဒီ့ထက်ကြိုးစားသွားမှာပါ၊ ပြည်ပပြိုင်ပွဲတွေလွှတ်ရင် ပြိုင်ချင်ပါတယ်" ဟု မောင်မြန်မာဆုရ ကျော်မင်းသန်းက ပြောသည်။ **အေးကေလင်း**

# အဂတိလိုက်စားမှု တွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်စို့

**အဂတိလိုက်စားမှုဆိုသည်မှာ အများပြည်သူအကျိုးဆောင်ရန် ပေးအပ်ထားသည့် အာဏာနှင့် အခွင့်အရေးများကို ပုဂ္ဂလိကအကျိုးအမြတ်အတွက် အသုံးပြုခြင်း၊ တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံထားရသူတစ်ယောက်က သူတရားဝင်ရရှိထားသော အဆင့်နေရာနှင့် ရာထူးဌာနန္တရကို သူ့ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းပင်ဖြစ်သည်ဟု စီးပွားရေးပညာရှင် ဦးမြင့်က ယနေ့ဖတ်ကြားတင်သွင်းသည့် အဂတိလိုက်စားမှု အကြောင်းအကျိုးနှင့် ကုထုံးများ မြင်သာမှု ရှုထောင့်စာတမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။**



ဦးအောင်ကြည် ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်
စီးပွားရေးပညာရှင်



ဦးခင်မောင်ညို
( ဘောဂဗေဒ)



ဦးဟန်ညွန့် (အဂတိလိုက်စားမှုတိုက်ဖျက်ရေး
ကော်မရှင်အဖွဲ့ဝင်)

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ရန်ကုန်မြို့ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ယနေ့မှစ၍ နှစ်ရက်ကြာ ကျင်းပလျက်ရှိရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ပြည်သူများ၏ လိုလားချက်ဖြစ်သည့်အတွက် ပြည်သူများ သိသင့်သိထိုက်သည်များကို ကော်မရှင်ဥက္ကဋ္ဌနှင့် ပညာရှင်များအား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးအောင်ကြည် ဥက္ကဋ္ဌ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

ဒီပွဲလုပ်တဲ့ ရည်ရွယ်ချက်နံပါတ်တစ်က (CSO) အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ရှေ့ကိုအတူတကွ လက်တွဲပြီး ဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုရရှိအောင် ရင်းနှီးမှုရရှိအောင် ဆိုတဲ့အချက်လည်း ပါတယ်။ သူတို့နဲ့ နယ်မြေ၊ ဒေသ၊ ကျွမ်းကျင်မှု၊ သူတို့ရဲ့ ပတ်ဝန်းကျင်အလိုက် ဒီအဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး တွေ့ရှိထားတဲ့ တွေ့ရှိချက်တွေလည်း အများကြီးရှိနိုင်ပါတယ်။ ရှိနိုင်တဲ့ အချက်အလက်တွေကိုလည်း ကျွန်တော်တို့ကော်မရှင်က အခုစတင်ရေးဆွဲနေတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာထဲမှာ အချက်အလက်တွေအနေနဲ့ ထည့်သွင်းအသုံးပြုချင်တယ်။ အချက်အလက်စုဆောင်းတဲ့သဘောပါပဲ။ ဒီမှာတင်ပြတာတွေအားလုံးကို ကျွန်တော်တို့က စဉ်းစားမယ်၊ ကော်မရှင်အဖွဲ့ဝင်တွေအားလုံးလည်း ရောက်နေကြပါတယ်။ သူတို့တွေက ဒီမှာဆွေးနွေးသမျှအားလုံးကို မှတ်တမ်းတင်မယ်၊ ပြန်ပြီး Analyze လုပ်မယ်။ ပြီးရင်လိုအပ်တဲ့ အချက်အလက်တွေအားလုံးကို မဟာဗျူဟာထဲမှာ ထည့်သွင်းရေးဆွဲနိုင်အောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

ကျွန်တော်တို့တာဝန်ယူတဲ့ နှစ်လတာကာလအတွင်း တိုင်ကြားမှုနဲ့ အရေးယူဆောင်ရွက်မှုဟာ ယခင်နှစ်အလားတူ ကာလနဲ့ နှိုင်းယှဉ်ရင်ငါးဆကျော်တိုးတက်လာတာကို တွေ့ရပါတယ်။ ကျွန်တော်ထင်တာက တိုင်ကြားမှုယန္တရားကို လွယ်ကူအောင် လုပ်ပေးထားလို့ဖြစ်ပါတယ်။ အွန်လိုင်းက ထုတ်ပြန်ပေးတာရှိသလို သတင်းစာရှင်းလင်းပွဲတွေနဲ့ ဘယ်လိုတိုင်ရမယ်၊ ဘယ်နေရာကို တိုင်ရမယ်၊ ဘယ်ကိစ္စတွေဆို တိုင်လို့ရမယ်ဆိုတာ လွယ်ကူအောင် ပြောပြပေးတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်လာတာအားလုံးကို ထည့်သွင်းစဉ်းစားပေးပါတယ်။ သဘာဝအားဖြင့် ကိုယ်နဲ့ မသက်ဆိုင်ဘူးဆိုပြီး ဘေးဖယ်ထားတာမျိုး မရှိပါဘူး။ ဘယ်ကိစ္စမဆို အဂတိလိုက်စားမှုနဲ့ အကျုံးဝင်သလား၊ မဝင်ဘူးလားဆိုတာကိုကြည့်ပြီး အကျုံးဝင်တာမှန်သမျှအားလုံးကိုစဉ်းစားပြီး တုံ့ပြန်ဆောင်ရွက်မှုပေးပါတယ်။

အဓိကပြောချင်တာကတော့ အဂတိလိုက်စားမှုဆိုတာ ဒီတိုင်းပြည်ကို ဆင်းရဲအောင်ဖြစ်နေတဲ့ အကြောင်းတရားတစ်ရပ်ပဲ၊ ဒီအဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ဆိုတာ ပြည်သူလူထုတစ်ရပ်လုံးက လိုလားနေတဲ့၊ တောင်းဆိုနေတဲ့ ကိစ္စပါပဲ၊ အဲဒီတော့ ဒီလို လိုလားချက် တောင်းဆိုချက်ကို ကျွန်တော်တို့ကော်မရှင်အနေနဲ့ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးသွားပါမယ်၊ အဲဒီလို ဆောင်ရွက်ရာမှာ အရေးကြီးတဲ့အချက်ကတော့ နိုင်ငံသားတိုင်း၊ နိုင်ငံသားတိုင်းက မည်သည့် အဂတိလိုက်စားမှုကိုမဆို သည်းမခံဖို့၊ ခွင့်မလွှတ်ဖို့၊ လျစ်လျူမရှုဖို့ ဒါကိုအဓိကထားပြီး ပြောချင်ပါတယ်။ ဒီလိုပြစ်မှုမျိုး အဂတိလိုက်စားမှုတွေကို တွေ့ရှိလာရင် ကျွန်တော်တို့ကော်မရှင်ကို တင်ပြပြီး ကျွန်တော်တို့ကော်မရှင်နဲ့ အတူတကွအဂတိလိုက်စားမှုတွေကို တိုက်ဖျက်သွားနိုင်အောင် ပူးပေါင်းဆောင်ရွက်သွားကြပါလို့ ပြောချင်ပါတယ်။

**ပါမောက္ခဒေါက်တာ အောင်ထွန်းသက်**
**စီးပွားရေးပညာရှင်**

ကျွန်တော် ဒီနေ့ဆွေးနွေးမှာကတော့ စီးပွားရေးလုပ်ငန်းရှင်တွေ အဂတိလိုက်စားမှုမှာ မပါဝင်ဖို့ကို အဓိကထား တင်ပြမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ပြောရင် သတိပြုဖို့လိုတာက လူ့အဖွဲ့အစည်းတစ်ခုမှာ အပိုင်းသုံးပိုင်းရှိတယ်။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ပြောတဲ့အခါ ဒီသုံးရပ်စလုံးက အဂတိလိုက်စားမှုကို ရှောင်ဖို့လိုပါတယ်။ နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှုကို ရှောင်ဖို့လိုသလို လုပ်ငန်းရှင်တွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကလည်း အဂတိလိုက်စားမှုကို ရှောင်ဖို့လိုပါတယ်။ အဲဒီသုံးပွင့်ဆိုင်အလယ်ဗဟိုကတော့ တစ်ဦးချင်းပေါ့။ တကယ်တမ်းရင်ဆိုင်ဖို့ဆိုရင် တစ်ဦးချင်းတစ်ယောက်ချင်းတာဝန်ကျေမှုရမယ်။ လွယ်လွယ်လေးပါ၊ မပေးဖို့၊ မယူဖို့ဘဲ။ ခက်တာကလွယ်ပေမယ့် အင်မတန်ခက်တာ၊ မပေးရင်လည်း မနေတတ်တော့ဘူး၊ မယူရင်လည်း အကျင့်ပါနေတယ်။ ကျွန်တော်တို့အနေနဲ့ Mindset စိတ်နေစိတ်ထားတွေကိုပြောင်းလဲရမယ်။ ကျွန်တော်စိတ်မကောင်းတာက အဂတိလိုက်စားမှုက ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေတယ်။ ကန်တော့ရတယ်၊ လက်ဆောင်ပေးရတယ်၊ ဒါတွေကိုဖြတ်မှုရမယ်၊ ကိုယ့်ယဉ်ကျေးမှုအရ ကန်တော့တာကတစ်ပိုင်း၊ သို့သော်လည်း ကန်တော့တဲ့ နောက်ကွယ်မှာ နှောင်ကြိုးတွေမပါဖို့ အဓိကဖြစ်တယ်။ အဂတိလိုက်စားမှုက တစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ စိတ်ပေါ်မှာ မူတည်တယ်။ တစ်ဦးချင်း၊ တစ်ယောက်ချင်းက ဖြေရှင်းမှုရမယ်လို့ တိုက်တွန်းချင်ပါတယ်။ ငွေကြေး ဘယ်လောက်အတိုင်းအတာမှာ အဂတိလိုက်စားမှုလို့ သတ်မှတ်တယ်ဆိုတာမရှိဘူး။ တစ်ကျပ်ယူလည်း အဂတိလိုက်စားတာ၊ တစ်သန်းယူလည်း အဂတိလိုက်စားတာဖြစ်ပါတယ်၊ တစ်ကျပ်ယူတာအသေးအဖွဲ့ပါဆိုပြီး လက်ခံတာ၊ တစ်ထောင်ယူတာ၊ နှစ်ထောင်ယူတာ လခနည်းလို့ အရေးမကြီးပါဘူး၊ လခနည်းတာနဲ့မဆိုင်ဘူး၊ သိက္ခာနဲ့ဆိုင်တာ၊ အဂတိလိုက်စားမှုတွေက ပမာဏများတာ၊ နည်းတာနဲ့မဆိုင်ဘူး၊ တာဝန်ကြီးတဲ့သူက ပိုသတိထားရမယ်၊ နမူနာပြဖို့လိုတယ်။

◆ **အဂတိလိုက်စားမှုဆိုတာ ဒီတိုင်းပြည်ကို ဆင်းရဲအောင်ဖြစ်နေတဲ့ အကြောင်းတရားတစ်ရပ်ပဲ၊ ဒီ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ဆိုတာ ပြည်သူလူထုတစ်ရပ်လုံးက လိုလားနေတဲ့၊ တောင်းဆိုနေတဲ့ ကိစ္စပါပဲ။**

◆ **အရေးကြီးတဲ့အချက်ကတော့ နိုင်ငံသားတိုင်း၊ နိုင်ငံသားတိုင်းက မည်သည့် အဂတိလိုက်စားမှုကိုမဆို သည်းမခံဖို့၊ ခွင့်မလွှတ်ဖို့၊ လျစ်လျူမရှုဖို့ ဒါကို အဓိကထားပြီး ပြောချင်ပါတယ်။**

တာဝန်ယူတဲ့ နိုင်ငံတော်အစိုးရ၊ တာဝန်ရှိတဲ့ အစိုးရဝန်ထမ်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအားလုံးက ဒါကိုထိန်းမှုရမယ်၊ အရေးကြီးတာ လူငယ်တွေပါ။ လူငယ်ဆိုတာအားလုံးက ရိုးသားတယ်၊ ရိုးတဲ့လူငယ်တွေက လုံးဝမရိုးသားတာကို လက်မခံရင်အောင်မြင်မယ်။ အဂတိလိုက်စားမှုကို ညှာနေလို့မရဘူး။ သေးတာကြီးတာ မဟုတ်ဘူး၊ တကယ့်ကိုကိုင်တွယ်နိုင်ရင်တော့ ပျောက်သွားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးက အားလုံးနဲ့ဆိုင်တယ်၊ အစိုးရနဲ့လည်းမဟုတ်ဘူး၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့လည်း မဟုတ်ဘူး၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေတင် မဟုတ်ဘဲ တစ်ဦးချင်း၊ တစ်ယောက်ချင်းက တာဝန်ယူနိုင်ရင်ပျောက်ကွယ်သွားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

**ဦးခင်မောင်ညို( ဘောဂဗေဒ)**

ကျွန်တော်တို့ နိုင်ငံက အခုဒီမိုကရေစီအသွင်ကူးပြောင်းရေးတွေ လုပ်နေတယ်။ ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်ပြီး သွားနေတဲ့အခါ ကောင်းတာတွေရှိတယ်။ ဆိုးတာတွေလည်းရှိတယ်။ ကောင်းတာကတော့ အကျင့်ပျက်တာတွေကို ထိန်းနိုင်တဲ့ နည်းလမ်းတွေ ပိုများလာတယ်။ အကျင့်ပျက်မယ့်နည်းတွေလည်း ပိုများလာတယ်။ ဒီမိုကရေစီလမ်းကြောင်းကို သွားလိုက်ရုံနဲ့ အကျင့်ပျက်ခြစားမှုတွေက အလိုအလျောက်လျော့မသွားဘူး။ အလွယ်ဆုံးပြောလိုက်ရင် နှစ်နည်းပေါ့၊ တစ်ခုကဆုပေး ဒဏ်ပေးတဲ့နည်းပေါ့။ နောက်တစ်ခုက သူတို့ရဲ့အကျင့်စာရိတ္တတွေ ကောင်းမွန်အောင်လုပ်တဲ့နည်းပေါ့။ အဲဒီအချက်လေးတွေကို ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်။ အခုဒီမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ပြောတာကို ကော်မရှင်လူကြီးတွေက နားထောင်မယ်။ ထူးခြားတာကတော့ အနယ်နယ်အရပ်ရပ်က အဖွဲ့အစည်းတွေလာကြတာဆိုတော့ နယ်တွေကဖြစ်နေတဲ့ အခြေအနေတွေကို ကြားသိရလိမ့်မယ်လို့ မျှော်လင့်တယ်။ မြန်မာနိုင်ငံရဲ့အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ဒီလိုပွဲတွေကခြေလှမ်းတစ်ခုပါ၊ ဒီအပေါ်မှာမှ အကြံပြုချက်တွေကို စုစည်းမယ်။ ရှေ့ဆက်သွားဖို့ ခြေလှမ်းတစ်ခုပေါ့၊ အထူးသဖြင့် ဒါကအစိုးရဝန်ထမ်းတွေကို ဦးတည်ပြီးပြောတာပါ၊ အဲဒီလိုဆောင်ရွက်ရာမှာ တစ်ဖက်ကလည်း သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့လိုသလို တစ်ဖက်ကလည်း သူတို့ရဲ့စိတ်ဓာတ်တွေ ပိုပြီး မြင့်မားလာဖို့လိုတယ်၊ နောက်တစ်ခုက ဒီအကျင့်ပျက် ခြစားတာကို ကြိုတင်ပြီး တားဆီးနိုင်တဲ့ နည်းလမ်းတွေ၊ အဖွဲ့အစည်းတွေ ဒါတွေလည်း လိုအပ်ပါတယ်၊ ဒါတွေအားလုံးဘက်ပေါင်းစုံက ဆောင်ရွက်မှုရမှာ ဖြစ်ပါတယ်။

**ဦးဟန်ညွန့် (အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်)**

ဒီနေ့ကျင်းပတဲ့ စာတမ်းဖတ်ပွဲရဲ့ခေါင်းစဉ်က "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" ဆိုတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးက ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်ကျင့်သိက္ခာမြင့်မားမှသာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တစ်ခုတည်းနဲ့ တာဝန်ရှိ အဖွဲ့အစည်းတစ်ရပ်တည်းနဲ့ လုပ်ကိုင်ဆောင်ရွက်လို့မရပါဘူး၊ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ အများပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ အချက်၊ အများပြည်သူတွေကို ပညာပေးရမယ်ဆိုတဲ့ အချက်၊ အဲဒီပညာပေးရမယ်ဆိုတဲ့ အချက်တွေက ပေါက်ဖွားလာတဲ့ အတွေ့အကြုံတွေကို အဂတိလိုက်စားမှုကော်မရှင်နဲ့အတူ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်တွေကို အထူးသဖြင့် ဖော်ပြပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

အခုအချိန်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အများပြည်သူက ပိုမိုပူးပေါင်းဆောင်ရွက်လာတာကိုလည်း တွေ့ရပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ဖို့ဆိုတာကလည်း ကျွန်တော်တို့ရဲ့ အခြေခံဗဟုသုတတွေ ပြည့်ဝနေရမှာဖြစ်ပါတယ်။ ဗဟုသုတတွေ၊ အသိပညာ၊ အတတ်ပညာတွေ မြင့်မားတိုးတက်လာလေလေ ကိုယ်ကျင့်သိက္ခာကို ပိုမိုထိန်းသိမ်းနိုင် လေလေဖြစ်ပါတယ်။ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းနိုင်ဖို့က အသိပညာ၊ ဉာဏ်ပညာဗဟုသုတကြွယ်ဝမှ ဖြစ်ပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ဘယ်လိုနည်းလမ်းတွေ ရှိတယ်။ ဘယ်လိုစီမံချက်တွေရှိတယ်။ ဘယ်လိုရည်ရွယ်ချက်တွေရှိတယ်။ ရှေ့လုပ်ငန်းစဉ်တွေ စသည်ဖြင့် ဖော်ပြပြဋ္ဌာန်းထားပါတယ်။ အခုဆိုရင် အများသိတဲ့အတိုင်းပါပဲ နေ့စဉ်ထုတ်သတင်းစာများမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနဲ့ပတ်သက်ပြီး ဥပဒေပြင်ဆင်ချက်တွေကိုလည်း လတ်တလော ဖော်ပြထားတာရှိပါတယ်။ အဲဒီပြင်ဆင်ချက်တွေကလည်း အများပြည်သူရဲ့ ကိုယ်ကျင့်သိက္ခာမြင့်မားရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပိုမိုအားကောင်းစေရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေရဲ့ အားနည်းချက်၊ ချို့ယွင်းချက်၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းတင်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီဖြည့်ဆည်းတင်ပြချက်တွေကိုလည်း အများပြည်သူ လေ့လာဖတ်ရှုနိုင်အောင် နိုင်ငံပိုင်သတင်းစာများမှာဖော်ပြပါတယ်။ အားနည်း၊ ချို့ယွင်းချက်တွေကို လေ့လာပြီး ဘယ်အချက်တွေက ပိုပြီးဖြည့်စွက်သင့်တယ်။ ဘယ်အချက်တွေကလျော့ပေါ့သင့်တယ်။ တိုးပြီးဆောင်ရွက်သင့်တယ်ဆိုတာအများပြည်သူရဲ့ဆန္ဒကို ခံယူထားရှိပါတယ်။

ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တစ်ခုတည်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလုပ်လို့မရပါဘူး။ အများပြည်သူက ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကူညီမှု၊ သတင်းပေးမှု ဒီလုပ်ငန်းက အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ပူးပေါင်းကြပါ၊ ပါဝင်ကြပါ၊ အကြံပေးကြပါ၊ ကူညီကြပါလို့ ထပ်လောင်းဖိတ်ခေါ်အပ်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ နန္ဒာဝင်း**
**ဓာတ်ပုံ-ရဲထွဋ်**

# ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဟူသည်

**မောင်စာဂ**

**ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ကို လူသိများနေကြသည်။ အဘယ်ကြောင့်ပါနည်း။ ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုမှုတွေရှိနေသည်။ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေး၊ ပြည်သူ့အုပ်ချုပ်ရေးတို့တွင် လွတ်လပ်စွာရေးသားပြောဆို ဝေဖန်ခွင့်များရှိသည်။ ပုဒ်မ ၅၀၅ (ခ) မလိုဟု ဆိုကြပြောကြသံများလည်း ကြားနေရသည်။ ပုဒ်မ ၅၀၅ (ခ) သည် ဘာကိုဆိုပါသနည်း။ ပုဒ်မ ၅၀၅ (ခ) သည် ပုဒ်မ ၅၀၅ ၏ ပုဒ်မခွဲ တစ်ခုဖြစ်သည်။ ပုဒ်မ ၅၀၅ သည် အများပြည်သူ၏အကျိုးပျက်စီးစေမှုကိုဖြစ်စေသော ဖော်ပြချက်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ပုဒ်မဖြစ်သည်။**

ပုဒ်မ ၅၀၅ ၏ ပုဒ်မခွဲ (ခ)သည် ကြောက်စရာပုဒ်မတစ်ခုမဟုတ်၊ သုံးတတ်လျှင် ဆေး မသုံးတတ်လျှင် ဘေးသာဖြစ်စေသည်။ ပုဒ်မ ၅၀၅ (ခ)ကို ကြည့်တတ် မြင်တတ်လျှင် မိမိအတွက် အားကိုးဖွယ်ရာ အကာအကွယ်ဖြစ်စေသည်။ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေရန် နည်းလမ်းကောင်းတစ်ရပ်ဖြစ်စေသည်။ အသုံးချတတ်လျှင် မိမိအတွက် အသိဉာဏ်ပညာ၊ ဗဟုသုတ တိုးပွားစေသည်။ အများပြည်သူအတွက် အသိအမြင် အလင်းခာတ်တွေ့ရစေသည်။ ယင်းပြဋ္ဌာန်းချက်တို့ကို ရှင်းရှင်းလင်းလင်း သိရှိကြရန် လိုအပ်ကြလိမ့်မည်ဟု ဆင်ခြင်စောကြောမိသည်။ အနှစ်ချုပ် မျှဝေပါရစေ။

**အများပြည်သူ၏အကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်**

ရာဇသတ်ကြီး ပုဒ်မ ၅၀၅ တွင် အများပြည်သူ၏အကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင်

(က) ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေတပ် တစ်ခုခုမှ အရာရှိအား သို့တည်းမဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်းကို သော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိ၏တာဝန်ဝတ္တရားကို မလေးစားခြင်းသော်လည်းကောင်း၊ ပျက်ကွက်ခြင်းကို သော်လည်းကောင်း ပြုစေရန်အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ ပြုစေတန်ရာသည့် အကြောင်းရှိလျှင် သို့တည်းမဟုတ်

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကို သော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကို သော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင် သို့တည်းမဟုတ်

(ဂ) လူအမျိုးအစားအချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါလှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်

ထိုသူသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည်။

ကင်းလွတ်ချက် ။ ။တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် ထိုဖော်ပြချက်သော်လည်းကောင်း၊ ထိုကောလာဟလသော်လည်းကောင်း၊ ထိုသတင်းသော်လည်းကောင်း မှန်ကန်သည်ဟုယုံကြည်ရန် အကြောင်းရှိသည့်အပြင် အထက်ကဆိုခဲ့သော အကြံမရှိဘဲပြုလျှင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာလျှင် သို့တည်းမဟုတ် ဖြန့်ချိလျှင် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ပြစ်မှုမမြောက်ပါ။

**ချမှတ်ရမည့်ပြစ်ဒဏ်**

ပုဒ်မ ၅၀၅၊ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) တစ်ခုခုကိုကျူးလွန်လျှင် ကျူးလွန်သူသည် နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် ဖြစ်သည်။

**ပြစ်မှုကျူးလွန်ရာမရောက်ခြင်း**

ပုဒ်မ ၅၀၅ ပြဋ္ဌာန်းချက်များ၏ ကင်းလွတ်ချက်တွင် “တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် ထိုဖော်ပြချက်သည် လည်းကောင်း၊ ထိုကောလာဟလကို လည်းကောင်း၊ ထိုသတင်းကိုလည်းကောင်း မှန်ကန်သည်ဟုယုံကြည်ရန် အကြောင်းရှိသည့်အပြင် ပုဒ်မခွဲများတွင် ဖော်ပြထားသည့် အကြံမရှိဘဲပြုလျှင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာလျှင် သို့တည်းမဟုတ် ဖြန့်ချိလျှင် ဤပုဒ်မ၏အဓိပ္ပာယ်အရ ပြစ်မှုမမြောက်”ဟူ၍ကင်းလွတ်ခွင့်ပေးထားသည်။ ဤကင်းလွတ်ချက်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာဟောပြောခွင့်နှင့် လွတ်လပ်စွာရေးသားခွင့်ကို အာမခံချက်ပေးထားခြင်းပင် ဖြစ်သည်။

အထက်ပါပြဋ္ဌာန်းချက်အရ “ဖော်ပြချက်ကို ဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင်” ဟူသော စကားစုသည် ပုဒ်မ ၅၀၅ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့၏ ပင်မအခြေခံကျောရိုးကြီးဖြစ်သည်။

ပုဒ်မခွဲ (က) သည် ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေတပ်တစ်ခုခုတို့နှင့် သက်ဆိုင်သည်။ စစ်ပုန်ကန်စေရန် သို့မဟုတ် အဓိကရုဏ်းဖြစ်ပွားစေရန် အကြံဖြင့်

> **“ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပါ ပြဋ္ဌာန်းချက်များအရ မိမိ၏သတင်းဖော်ပြချက် စသည် ပြောဆိုရေးသား ထုတ်ပြန်ကြေညာခြင်းများသည် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့မှစ၍ နိုင်ငံတော်နှင့် အများပြည်သူအကျိုး ထိခိုက်ပျက်စီး နစ်နာ ဆုံးရှုံးမှုမရှိစေရန် လွန်စွာ အရေးကြီးသည်။ ရည်ရွယ်ချက်နှင့် စေတနာ မမှန်ကန်ဘဲ အပျက်သဘောကြံစည်လုပ်ဆောင်ခြင်းဖြစ်ပါက ဥပဒေအရ အရေးယူအပြစ်ပေးခံရမည်သာဖြစ်”**

သတင်းဖြန့်ချိခြင်း၊ ဟောပြောခြင်းကို တားမြစ်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤပုဒ်မခွဲသည် ကြည်း၊ ရေ၊ လေတပ်ဖွဲ့အတွက် သတ်မှတ်ထားသည့် ရာဇသတ်ကြီး၏ အခန်း (၇) ရှိ ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့်ဆိုင်သော ပြစ်မှုများနှင့် အကျုံးဝင်မည်ဖြစ်သည်။

ပုဒ်မခွဲ (ခ) သည် နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကို ထိခိုက်စေခြင်းနှင့် သက်ဆိုင်သည်။ ယင်းပုဒ်မခွဲသည် ပုဒ်မ ၁၂၄-က အစိုးရကို အကြည်ညိုပျက်အောင်ပြုသည့်ပြစ်မှုနှင့် အလားသဏ္ဍာန်တူသည်။ ခြားနားချက်မှာ ပုဒ်မ ၅၀၅ (ခ)သည် သူတစ်ဦး သို့မဟုတ် ပြည်သူအများ သို့မဟုတ် ပြည်သူတစ်စုကို ဦးတည်သည်။ ပုဒ်မ ၁၂၄-က သည် အစိုးရကို ဦးတည်သည်။

ပုဒ်မခွဲ (ဂ) သည် လူအမျိုးအစားအချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်း ဖြစ်စေတို့နှင့် သက်ဆိုင်သည်။ ယင်းပုဒ်မခွဲသည် ပုဒ်မ ၁၅၃-က အမျိုးအစားတစ်ခုနှင့်တစ်ခု ရန်ငြိုးထားစေရန် အားပေးအားမြှောက်ပြုခြင်းပြစ်မှုနှင့် အလားသဏ္ဍာန်တူသည်။

**လိုအပ်သောအင်္ဂါရပ်များ**

လူအများပြောနေကြသည့် ပုဒ်မခွဲ ၅၀၅ (ခ) နှင့်စပ်လျဉ်း၍ လိုအပ်သည့်အင်္ဂါရပ်မှာ ဖော်ပြချက် ကောလာဟလ သို့မဟုတ် သတင်းကိုပြုခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြန့်ချိခြင်းပြုရာတွင် အစိုးရကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို ကျူးလွန်ချင်လာအောင် ပြည်သူကိုသော်လည်းကောင်း၊ ပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်ခုခုဖြစ်စေရန်အကြံနှင့် ပြုခြင်းတို့ပင်ဖြစ်သည်။

ရေးကြ ပြောကြ ဟောကြမည်ဆိုလျှင်၊ ဖြန့်ချိကြ ထုတ်ပြန်ကြ ဖော်ပြကြမည်ဆိုလျှင် မိမိဖော်ပြချက်၊ ကောလာဟလနှင့် သတင်းများသည် မှန်ကန်သည်ဟု ယုံကြည်ရန် လုံလောက်သောအကြောင်းများ ရှိရမည်။ အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်စေရန်အကြံမရှိရပါ။ ထိုသို့ထိခိုက်စေအောင် တစ်ဦးတစ်ယောက်သောသူက ကျူးလွန်စိတ်ရှိလာအောင် အကြံမျိုးလည်းမရှိရပါ။ အများပြည်သူကို ကြောက်ခြင်း၊ ထိတ်လန့်ခြင်းဖြစ်လာစေရန် အကြံမျိုးလည်း မရှိရပါ။ ထိုသို့သောအခြေအနေများ ဖြစ်လာစေတန်ရာသည့် အကြောင်းအချက်များလည်း မရှိစေရပါ။ ထိုသို့ဆိုလျှင် ပုဒ်မ ၅၀၅ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ကျူးလွန်ရာရောက်မည်မဟုတ်ပါ။ ယင်းပုဒ်မအရလည်း တရားစွဲဆို အရေးယူခြင်း ခံရနိုင်မည်မဟုတ်ပါ။

- ဤပုဒ်မသည် လူ့ဘောင်အဖွဲ့အစည်းတည်ငြိမ်အေးချမ်းရေးကို ဦးတည်သည်။ တရားဥပဒေစိုးမိုးရေးကို ရှေးရှုသည်။
- “မီးဘေးရှောင် မလောင်ခင်ကတား” ဆိုသကဲ့သို့ လည်းကောင်း၊ “အမှိုက်ကစ ပြာသာဒ်မီးလောင်” မဖြစ်စေရန်လည်းကောင်း ကြိုတင်ကာကွယ် တားဆီးစေရန်လည်း ဖြစ်သည်။
- အကျင့်စာရိတ္တ မပျက်ပြားရေးကိုလည်း ရည်ရွယ်သည်။
- တရားဥပဒေစိုးမိုးရေး၏ အခြေခံလိုအပ်ချက် အင်္ဂါရပ်တစ်ခုလည်း ဖြစ်သည်။

ဤပုဒ်မပါ ကင်းလွတ်ချက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာနိုင်ကြလျှင် ကောင်းမွန်သော စိတ်ထားထားနိုင်ကြမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးအတွက်၊ တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အပံ့လည်းဖြစ်သည်။

မျက်မှောက်ကာလတွင် စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုသည့် သတင်းမီဒီယာအား ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သတင်းဖော်ပြချက်များ၊ ထုတ်ပြန်ကြေညာခြင်းနှင့် ဖြန့်ချိခြင်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာပြောဆိုရေးသား လုပ်ဆောင်လာနိုင်ကြပြီဖြစ်သည်။ ယင်းနှင့်အတူ ပြည်သူတို့ကလည်း ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးအပါအဝင် သတင်းဦး သတင်းဖျားများကို သိလိုလာကြသည်။ လူမှုကွန်ရက်စာမျက်နှာအပါအဝင် သတင်းထုတ်ပြန်မှုများကလည်း မိမိတို့ရရှိသည့်သတင်းကို အဆောတလျင် အသိပေးလိုလာကြသည်။ သတင်းမီဒီယာအပါအဝင် အများပြည်သူ မည်သူမဆို လွတ်လပ်စွာ ပြောဆိုရေးသား ပြုမူလုပ်ဆောင်နိုင်ကြသည်ဆိုရာတွင် ဥပဒေနှင့်အညီ တိကျစွာ လေးစားလိုက်နာကြရန်နှင့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ငြိစွန်းမှုမရှိရန် သိရှိသတိပြုလိုက်နာကြရန်လိုသည်။

ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပါ ပြဋ္ဌာန်းချက်များအရ မိမိ၏သတင်းဖော်ပြချက် စသည် ပြောဆို ရေးသားထုတ်ပြန်ကြေညာခြင်းများသည် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့မှစ၍ နိုင်ငံတော်နှင့် အများပြည်သူအကျိုး ထိခိုက်ပျက်စီး နစ်နာ ဆုံးရှုံးမှုမရှိစေရန် လွန်စွာအရေးကြီးသည်။ ရည်ရွယ်ချက်နှင့် စေတနာမမှန်ကန်ဘဲ အပျက်သဘောကြံစည်လုပ်ဆောင်ခြင်းဖြစ်ပါက ဥပဒေအရ အရေးယူအပြစ်ပေးခံရမည်သာဖြစ်သည်။

မိမိ၏သတင်းဖော်ပြချက်သည် မှန်ကန်သည်ဟုယုံကြည်ရန် အကြောင်းရှိသည့်အပြင် ရည်ရွယ်ချက်ကောင်းနှင့် စေတနာမှန်ဖြင့် ဟုတ်တိုင်းမှန်ရာ ပြောဆိုရေးသားကြေညာဖြန့်ချိခြင်းဖြစ်သည် ဆိုပါလျှင် ပုဒ်မ ၅၀၅ ပါ ကင်းလွတ်ချက်တွင် အကျုံးဝင်ပြီး ဥပဒေကပေးအပ်ထားသည့် အာမခံချက်နှင့် အကာအကွယ်ကို ရရှိနိုင်မည်ဖြစ်သည်။

ဥပဒေနှင့်အညီ တိကျစွာ လေးစားလိုက်နာ ဆောင်ရွက်နိုင်ကြပါစေ။

ဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးကို မှန်မှန်ကန်ကန် ရရှိနိုင်ကြပါစေ။

## အရက်၊ မူးယစ်ဆေး ပညာပေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၂**

အရက်၊ မူးယစ်ဆေးပညာပေးရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီး ရေးဆွဲခဲ့သည့် လူငယ်ရေးရာမူဝါဒ တွင် လူငယ်နှင့် မူးယစ်ဆေးသည် ခေါင်းစဉ်တစ်ခုအနေဖြင့် ပါဝင်ပြီး လူမှုဝန်ထမ်းဦးစီးဌာနဆေးစွဲသူများကို ပြန်လည်ထူထောင်ပေးသည့် လုပ်ငန်းများကိုလည်း ထည့်သွင်းပြောကြားသည်။

ထို့အပြင် ယခု အရက်၊ မူးယစ်ဆေး ပညာပေးရက်သတ္တပတ်ကို ဦးဆောင်ခဲ့သည့် လူငယ်အဖွဲ့များဖြစ်သည့် ဆယ်ကျော်သက်လူငယ်များအဖွဲ့(AHEAD)၊ Teens and Dreams အဖွဲ့နှင့် မျိုးဆက်သစ်လူငယ်များအဖွဲ့ (AMN generation) တို့ကို အားပေး ချီးကျူးစကားပြောကြားပြီး လူငယ်များကို နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရာတွင် ပါဝင်ကြရန် အားပေးတိုက်တွန်း ပြောကြားသည်။

ထို့နောက် AHEAD မှ ကိုခွန်ဟိန်းထက်စိုးနှင့် Teens and Dreams မှ မသံစဉ်ဆန်းတို့က ယခုရက်သတ္တပတ် လှုပ်ရှားမှုအတွက် ပြင်ဆင်ခဲ့ပုံများနှင့် ဇန်နဝါရီ ၂၂ ရက် မှ ၂၈ ရက် အကြားတွင် လုပ်ဆောင်မည့်လုပ်ငန်းများကို တင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူငယ်လုပ်အားပေးများက Social Media Campaign အတွက် Profile Picture Frame များကို ပြောင်းပြီး ပါဝင်ကြသည်။

အရက်၊ မူးယစ်ဆေး ပညာပေးရက်သတ္တပတ် (Drug and Alcohol Facts Week) ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့်တောင်ကြီးမြို့များ၌ တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်သည်။ ဆယ်ကျော်သက်လူငယ်လုပ်အားပေး ၂၃၀ ပါဝင်မည်ဖြစ်ကာ ၎င်းတို့ကို သုံးရက်လေ့ကျင့်သင်တန်းပေးထားပြီးဖြစ်ပြီး ကျောင်းသားလူငယ် ၈၀၀၀၀ ခန့် မူးယစ်ဆေးအကြောင်း အသိပညာရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်းဆိုင်ရာမေးခွန်း နှစ်ခု၊ ဘဏ်ခွဲဖွင့်လှစ်နိုင်ရေး၊ ဝန်ထမ်းနေ့တွက်စရိတ်နှင့် လယ်ယာကဏ္ဍချေးငွေဆိုင်ရာ မေးခွန်းလေးခု အပါအဝင် မေးခွန်း ကိုးခု မေးမြန်းဖြေကြားခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မူလတန်းကြိုကျောင်း တိုးချဲ့ဖွင့်လှစ်မည်**

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်၏ **ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ကိုးနှစ်စီမံကိန်းဖြင့် စံပြအစိုးရ မူလတန်းကြိုကျောင်းမရှိသော မြို့နယ် ၂၅၂ မြို့နယ်တွင် ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လက်ရှိ မန္တလေးတိုင်းဒေသကြီးတွင် ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီး မူလတန်းကြိုကျောင်းအပါအဝင် မူလတန်းကြိုကျောင်း ကိုးကျောင်းအား ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၇၄ ကျောင်းကို နည်းပညာနှင့် ထောက်ပံ့ငွေများ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အဆိုပါ ၇၄ ကျောင်းတွင် ပြင်ဦးလွင်ခရိုင်၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀ ကျောင်းရှိပါကြောင်း။

ပြင်ဦးလွင်မြို့နယ်တွင် မူလတန်းကြိုကျောင်း တစ်ကျောင်းအား ဖွင့်လှစ်ပေးနိုင်ရန် မြေနေရာရှိပြီးဖြစ်၍ မူကြိုအဆောက်အအုံ ဆောက်လုပ်ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ပေါက်တောမြို့နယ်တောင်ပိုင်း ပင်လယ်ကမ်းစပ် မြေနိမ့်ပိုင်းဒေသတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏ အသက်အန္တရာယ်ကို လတ်တလော ကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) သုံးလုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သော နေရာများ၌ Cyclone Shelter များ ဆောက်လုပ်ပေးခဲ့ရာ ပေါက်တောမြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း သာစည်ကုန်းကျေးရွာတွင် တစ်လုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ငပြီးတက်ကျေးရွာတွင် တစ်လုံးတို့ကို ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခဲ့သည့်အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပေါက်တောမြို့နယ် ကံပြင်ကျေးရွာတွင် တစ်လုံးကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သဖြင့် ယနေ့အချိန်ထိ Cyclone Shelter စုစုပေါင်း သုံးလုံး ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်း နည်းစနစ်ကောင်းများကို နိုင်ငံသားများအားလုံး တစ်ပြေးညီ လိုက်နာကျင့်သုံးဆောင်ရွက်သွားနိုင်မည့် စီမံချက်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ပြည်သူများ ကျန်းမာရေးအန္တရာယ်ကို လျှော့ချပေးနိုင်စေရန် ပိုမိုကောင်းမွန်သည့် အမှိုက်စွန့်ပစ်ခြင်းစနစ် ဆောင်ရွက်နိုင်ရန် စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း ၊ အပူဖြင့် အသစ်တစ်ဖန်ပြန်လည်ထုတ်လုပ်ခြင်း၊ စနစ်တကျ ပြန်လည်အသုံးပြု၍ မရသောပစ္စည်းများကို ဖယ်ရှားခြင်း၊ ကုန်ကြမ်းပြန်ထုတ်ခြင်းနှင့် စွန့်ပစ်ခြင်းနည်းစနစ်များဖြင့် ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**မဟာဗျူဟာကျ မူဝါဒ ချမှတ်ပေးသင့်**

မြို့နယ်များတွင် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲသည့် စည်ပင်သာယာရေး အဖွဲ့အစည်းများရှိနေသဖြင့် စွန့်ပစ်ပစ္စည်းများအပေါ် လွှမ်းခြုံမှု အထိုက်အလျောက်ရှိနေသော်လည်း မြို့နယ်များ ပြင်ပကျေးလက်ဒေသများတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲပေးသည့် အဖွဲ့အစည်းမရှိဘဲ ပြည်သူလူထုကိုယ်တိုင်ဖြေရှင်းဆောင်ရွက်နေရသဖြင့် ကျေးလက်ဒေသအတွက်ပါ မဟာဗျူဟာကျ မူဝါဒ ချမှတ်ပေးသင့်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဥတ္တရသီရိ မဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၏ **တောင်ညိုချောင်း၊ နတ်တောင်ချောင်းနှင့် တခွန်တိုင်ချောင်းများ တိမ်ကောမှုကြောင့် ကျေးရွာများနှင့် လယ်ယာမြေများအတွင်း ရေတိုက်စားကမ်းပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **မြို့ဝင်ကြေးကောက်ယူနေမှုများအား ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက လည်းကောင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **မကွေးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲ အဆောက်အအုံသည် နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်းပမာဏနှင့် အဆောက်အအုံအရွယ်အစား မျှတမှုမရှိသည့်အတွက် အဆောက်အအုံအသစ် တည်ဆောက်ခွင့်ပြုပါရန်** မေးခွန်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၏ **ဝန်ထမ်းများဌာနတွင်း သင်တန်းများနှင့် အခြားသင်တန်းများကို ညအိပ်ညနေသင်တန်းတက်ရောက်ရာတွင် ခရီးစရိတ်ဥပဒေပါ နေ့တွက်စရိတ်ကို ခံစားခွင့်မရှိဘဲ တည်ဆဲ သင်တန်း စားစရိတ်နှုန်းထားအရ တစ်ရက် ကျပ် ၅၀၀ နှုန်းသာ ခံစားခွင့်ရှိသဖြင့် သင်တန်းစားသောက်စရိတ်အား လက်ရှိကုန်ဈေးနှုန်းနှင့် မျှတသည့်နှုန်းသို့ တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **JICA(Two Step Loan) ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ (Farming) နှင့် လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍ (Agri-business) များအတွက် ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ** မေးခွန်းနှင့် မန်တုံ မဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ **မန်တုံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

**အားသာချက်တစ်ခုဖြစ်**

အဆိုရှင် ဒေါ်ချိုချိုက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲအာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် ကုန်စည်စီးဆင်းမှုပြုလုပ်နိုင်သည့် မဟာဗျူဟာအချက်အချာကျသော နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် သယံဇာတများ၊ လူသားအရင်းအမြစ်ဖြစ်သည့် လူငယ်လူရွယ်များပြားစွာရှိနေခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်နိုင်ငံများအတွက် အားသာချက်တစ်ခု ဖြစ်ပါကြောင်း။

အထူးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွားဘဝကွာခြားချက်များ လျှော့ချနိုင်ရေး၊ ဖွံ့ဖြိုးမှု ရေရှည်တည်တံ့ရေး ဆိုသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း။

**ထိထိရောက်ရောက် ဖြည့်ဆည်းပေး**

ပြည်နယ်များတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်ဖန်တီးပေးနိုင်ရန်အတွက် တိုင်းရင်းသားများနှင့်ကိုက်ညီမှုရှိသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းအပြင် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကူညီပံ့ပိုးခြင်းဆိုသည့် ကိစ္စရပ်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါကြောင်း အဆိုတင်သွင်းစဉ် ထည့်သွင်းပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ၂၀၁၈ ခုနှစ်အတွက် စီးပွားရေးလုပ်ကိုင်မှု အခက်အခဲဆုံးနိုင်ငံများစာရင်းတွင် မိမိတို့နိုင်ငံ ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ ယင်းသို့ခက်ခဲသည့် နိုင်ငံများကို တိုင်းတာရာတွင် မိမိတို့နိုင်ငံသည် ကုန်သွယ်ရေးလွတ်လပ်မှုအဆင့် ၁၀၅၊ ငွေကြေးဆိုင်ရာလွတ်လပ်မှု အဆင့် ၁၄၃၊ အမြတ်ခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်မှု အဆင့် ၁၀၁ ရှိပြီး စီးပွားရေးလုပ်ဆောင်နိုင်မှု အခက်အခဲဆုံး နိုင်ငံများစာရင်းတွင် အဆင့် ၂၂ ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ စီးပွားရေးမူဝါဒများ အသက်ဝင်အောင် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး တရားဥပဒေစိုးမိုးမှုနှင့် နယ်မြေများ တည်ငြိမ်အေးချမ်းပါက တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ပြီး ဆွေးနွေးလိုသူရှိပါက ဇန်နဝါရီ ၂၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊ မွေးကြူဇင်**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

သတင်းစဉ်

> "ပြည်နယ်များတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်ဖန်တီးပေးနိုင်ရန်အတွက် တိုင်းရင်းသားများနှင့် ကိုက်ညီမှုရှိသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ ချမှတ်ခြင်းအပြင် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကူညီပံ့ပိုးခြင်းဆိုသည့် ကိစ္စရပ်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်"

# အဓမ္မစေခိုင်းမှု ပပျောက်ရေးအတွက် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာနှင့် လုပ်ငန်းစီမံချက်များ ဆက်လက်လုပ်ကိုင်ရန် မြန်မာနှင့် ILO တို့ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၂**

အဓမ္မစေခိုင်းမှုများ ပပျောက်ရေး နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding- SU) လုပ်ငန်းစီမံချက် Action Plan အား သက်တမ်းတိုး လက်မှတ်ရေးထိုးခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၅၁)၌ ကျင်းပသည်။

အခမ်းအနားတွင် အဓမ္မစေခိုင်းမှု ပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားပပျောက်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဖွဲ့စည်းထားသည့် အလုပ်သမား ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် အဓိက တာဝန်ယူထားရသည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် ယခုကဲ့သို့ လက်မှတ်ရေးထိုးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဓမ္မစေခိုင်းမှု ပပျောက်ရေး နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding -SU)နှင့် လုပ်ငန်းစီမံချက် Action Plan တို့ကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ထပ်မံ သက်တမ်းတိုးလက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမားရေးရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ILO မှ Liaison Officer, Mr. Rory Mungoven တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-သော်တာဝင်း**



# အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ချမှတ်ပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍသစ်ကို အကောင်အထည်ဖော်ဆောင်နေ

နေပြည်တော် ဇန်နဝါရီ ၂၂

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

**“ အင်္ဂလိပ်စာစွမ်းရည်လေးမျိုးအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲသွားမည့် သင်ရိုးညွှန်းတမ်းအသစ်များအပေါ် သင်ကြားနည်းစနစ်အသစ်များဖြင့် စနစ်တကျ လေ့ကျင့်မွေးထုတ်သွားမည်ဖြစ်သဖြင့် ထိုသို့မွေးထုတ်ပေးလိုက်သော ဆရာ ဆရာမများက အင်္ဂလိပ်စာဘာသာရပ်ကို ထိရောက်စွာ သင်ကြားနိုင်မည်ဖြစ်သည့်အတွက် အထက်တန်းအဆင့် ပြီးမြောက် အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် အင်္ဂလိပ်စာဘာသာရပ်ကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာရေးသားပြောဆိုလာနိုင်စေရန် ဦးတည်အထောက်အကူပြုမည့် ကျောင်းသုံးဖတ်စာအုပ်များ ပြုစုအသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ ”**

### တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြစ်သည့် ဤဥပဒေကို ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်ဟုဆိုသည့်အပိုဒ်အား ဤဥပဒေကို ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်လိုပါကြောင်း၊ အပိုဒ် ၂(ဂ)၊ (င)တွင် ပါရှိသည့် မူလပြဋ္ဌာန်းချက်ဖြစ်သည့် အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးကလေးသူငယ်များဆိုသည့် အပိုဒ်အား အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးကလေးသူငယ်များ (မသန်စွမ်းကလေးများ အပါအဝင် အထူးလိုအပ်ချက်ရှိနေသောကလေးများ)ဟု ပြင်ဆင်လိုကြောင်းနှင့် ဥပဒေကြမ်းပါ အပိုဒ်အလိုက် မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်၊ ပြည်သူ့လွှတ်တော် အတည်ပြုချက်၊ ပြင်ဆင်လိုသည့်အချက်တို့နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေသည် မူဝါဒပါအချက်များ အခြေခံခြင်းမရှိသောကြောင့် အသစ်ပြန်လည် ရေးဆွဲသင့်ပါကြောင်း၊ ဥပဒေ၏ အခန်း(၁)တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေဟုဆိုရာတွင် ဥပဒေတစ်ရပ်လုံးတွင် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်နိုင်ရန် မှတ်ပုံတင်ခြင်း ဆောင်ရွက်ခြင်းသာ ဖြစ်နေပြီး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် ကိုက်ညီမှုမရှိသောကြောင့် ဤဥပဒေကို ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်း ဥပဒေဟု ပြောင်းလဲသင့်ပါကြောင်း။

အခန်း(၃)၊ ပုဒ်မ(၅)နှင့် အခန်း(၄)၊ ပုဒ်မ(၇)တို့တွင် ကြီးကြပ်ရေးအဖွဲ့သည် မိဘများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်နှင့် တိုင်ကြားချက်များအား လက်ခံဆွေးနွေးဖြေရှင်းပေးရန် တာဝန်ရှိသည်ဟု အပိုဒ်တစ်ပိုဒ် ထပ်မံဖြည့်စွက်သင့်ပါကြောင်း၊ ပုဒ်မ(၈) (ဂ)နှင့် ပုဒ်မ (၁၉) (ဂ) တို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနေရာတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနဟု ပြင်ဆင်သင့်ပါကြောင်း၊ ပုဒ်မ(၁၃)(က)နှင့် ပုဒ်မ(၂၄)(က)နှင့် (ခ)တို့တွင် ရက်ပေါင်း ၆၀ အစားရက်ပေါင်း ၃၀ ဟု ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးတို့က ဆွေးနွေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာရပ်ကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade- 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည်လေးမျိုး( 4 skills-Reading,Writing,Speaking,Listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

### ဆရာ ဆရာမများ မွေးထုတ်ပေး

မကွေးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ ဦးလှဆန်းက ယခုအစပျိုးနေသည့် KG တန်း၊ KG+1 Grade (1)များတွင် အပြောနှင့် နားထောင်နိုင်စွမ်းအပိုင်း၌ လက်ရှိအနေအထားတွင် အောင်မြင်ခြေများသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ တဖြည်းဖြည်း အတန်းမြင့်လာသည့်အခါတွင် အဆိုရှင်၏ အဆိုကဲ့သို့ Grade-9 မှစ၍ အထက်တန်းပညာရေးပြီးဆုံးချိန်တွင် ပညာရေးကဏ္ဍအတွက် အောင်မြင်မှုဖြစ်နိုင်ခြေများနိုင်မည်ဆိုသည်ကို စဉ်းစားရမည်ဖြစ်ကြောင်း၊ သင်ကြားမည့် ဆရာဆရာမများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးလာပါကြောင်း၊ ဆရာ ဆရာမများက သင်ကြားနည်းစနစ် မတတ်ကျွမ်းလျှင် တပည့်များတွင် ပါရမီရှိသူမှလွဲ၍ မဖြစ်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်များ အာဆီယံတွင်သာမက ကမ္ဘာ့အလယ် ပညာစွမ်းပကားဖြင့် မြင့်တင်နေနိုင်ရေး၊ ခေတ်မီလုပ်သားများဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် သင်ကြားနိုင်ရန် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရန်လည်း လိုအပ်လာပါကြောင်း။

ဆက်သွယ်ရေးစနစ်၊ နည်းပညာစနစ်မျိုးစုံ၊ ပညာရေးကဏ္ဍနှင့် သုတေသနကဏ္ဍများတွင် အင်္ဂလိပ်စာသည် ကမ္ဘာတွင် ပေါင်းကူးတံတားသဖွယ် လမ်းကူးဆောင်ရွက်နေကြပါကြောင်း၊ ထို့ကြောင့် အဆိုရှင်၏အဆိုကို ဆက်လက်ဖော်ဆောင်နိုင်ရန် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးချစ်ထွေးက အဆိုရှင်တင်သွင်းသည့် အဆိုသည် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်နေသည့် KG+12 (၂၀၁၆-၂၀၂၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ KG တန်းများကို ၂၀၁၆ ခုနှစ်မှစတင်သင်ကြားနေပြီး ၂၀၁၇ ခုနှစ်တွင် Grade(1) အတန်းကို စတင်သင်ကြားနေပါကြောင်း၊ ယခု ၂၀၁၈ ပညာသင်နှစ်တွင် Grade(2) အတန်းကို သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏သင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ ၂၀၂၂ တွင် Grade 12 အထိ သင်ရိုးသစ်များကို အပြီးသတ်ရေးဆွဲပြဋ္ဌာန်းမည်ဟု ဆိုပါကြောင်း၊ ထိုသင်ရိုးသစ်များတွင် အဆိုရှင်၏ အင်္ဂလိပ်ဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည်လေးမျိုး အကဲဖြတ်စနစ် ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်၏ အဆိုသည် မြန်မာနိုင်ငံ၏ ပြောင်းလဲနေပြီဖြစ်သည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့် ကိုက်ညီလိမ့်မည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်မောင်ချိုက ယနေ့ခေတ်တွင် သင်ယူမှုပုံစံ အမျိုးမျိုးရှိသည့်အနက် အသုံးများသည့် သင်ယူမှုပုံစံများသည် လက်တွေ့လုပ်ရှားမှုဖြင့် သင်ယူခြင်း၊ အမြင်ဖြင့်သင်ယူခြင်း၊ အကြားဖြင့်သင်ယူခြင်း၊ အလုံးစုံဆက်စပ်လေ့လာသင်ယူခြင်းတို့ဖြင့် သင်ကြားနေသည်ကို တွေ့ရှိရပါကြောင်း၊ မျက်မှောက်ခေတ်ကာလ ဖွံ့ဖြိုးစနိုင်ငံများတွင် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသောကြောင့် လူသားများဘဝရပ်တည်ရာ လူ့သမိုင်းတွင် လူသားအားလုံးသည် အသက်အရွယ် အပိုင်းအခြားအလိုက် သင်ကြားမှု၊ သင်ယူမှုများကို မဖြစ်မနေ လုပ်နေရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း မိမိတို့သင်ကြားပေးနေသော ကျောင်းသား ကျောင်းသူများကို အတန်းလိုက်၊ အရွယ်လိုက် သိသင့်သည်များကို သိရှိနိုင်ရေး လေ့လာလေ့ကျင့်ပြီးမှသာ ပြန်လည်သင်ကြားပေးရမည်ဖြစ်ပါကြောင်း။

### ကျောင်းသား ကျောင်းသူများသာ အဓိကဖြစ်

ပညာရေးကို ဖြတ်လမ်းနည်းဖြင့် လိုက်၍မရပါကြောင်း၊ ယခုရေတွင်းတူး ယခုရေကြည်သောက်၍ မရပါကြောင်း၊ ပညာရေးသည် ရေရှည် ဆောင်ရွက်ရသော သိမ်မွေ့နက်နဲသော ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဖြစ်ပြီး ပညာရေးတွင် 4Skills ကို ကျွမ်းကျင်လိုပါက ပဓာနကျသော ပုဂ္ဂိုလ်များမှာ ပညာရေးကို ဦးစီးဆောင်ရွက်နေသော ပညာရေးဝန်ကြီးဌာနရှိ တတ်သိပညာရှင်များ၊ မိဘများ၊ ဆရာများနှင့် မှတ်သားသင်ယူလိုစိတ်ရှိသော ကျောင်းသား ကျောင်းသူများသာ အဓိကဖြစ်ကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှု စီမံချက်တစ်ရပ်အနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို ရေးဆွဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုစီမံကိန်းစာအုပ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဥယျောဇဉ်တွင် လာမည့်ငါးနှစ်တာကာလအတွင်း ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူရရှိနိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်စေရန် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်ကို အဓိကထား ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြောင်းလဲပေးရာတွင် အရည်အသွေးနှင့်သာ တူညီမျှရှိပြီး ကလေးများနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်သည် မရှိမဖြစ် လိုအပ်လာပါကြောင်း၊ သို့မှသာ ကလေးများအနေဖြင့် အသိပညာသစ်များနှင့် တတ်ကျွမ်းမှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်များရရှိကာ မိမိတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ရွေးချယ်တတ်လာစေခြင်းဖြင့် ၂၁ ရာစု မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်ဟု ဖော်ပြထားသည့်အတွက် နိုင်ငံတော်၏ ပညာရေးအတွက် ပကတိအရှိတရားနှင့် ဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့် ရည်မှန်းချက်များသည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍတစ်ခုကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် မီးမောင်းထိုးပြထားသကဲ့သို့ အဆိုရှင်၏ ရည်ရွယ်ချက်နှင့်လည်း ထပ်တူကျလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ချမှတ်ပြီး အင်္ဂလိပ်စာစွမ်းရည် လေးရပ်အပါအဝင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍသစ်ကို စတင်အကောင်အထည် ဖော်ဆောင်နေပြီဖြစ်ပါသဖြင့် အဆိုရှင်၏အဆိုကို လွှတ်တော်၌ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မူလတန်းပညာရေးသည် ပညာရေးစနစ်တစ်ခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်ပါသဖြင့် အခြေခံအုတ်မြစ် မူလတန်းပြ ဆရာ ဆရာမများ အတွေ့အကြုံ၊ ရင့်ကျက်မှုနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာရေးအတွက် မူလတန်းပြရာထူး၊ အလယ်တန်းပြရာထူး၊ အထက်တန်းပြရာထူးများ ခန့်ထားသည့် စနစ်များကိုလည်း အရည်အချင်း သတ်မှတ်ချက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေး စီစဉ်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပထမတန်း အင်္ဂလိပ်စာဘာသာရပ် ကျောင်းသုံးစာအုပ်ကို အင်္ဂလိပ်စာစွမ်းရည်လေးမျိုး ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုထားပါကြောင်း၊ English Subject သင်ကြားနည်းတွင် Participatory method,Interactive method များဖြင့် အင်္ဂလိပ်စာစွမ်းရည် လေးမျိုးရရှိအောင် သင်ကြားနည်းသစ်များ သုံး၍ ပြောင်းလဲသင်ကြားနိုင်ရန် သင်ရိုးများ ရေးဆွဲနေပြီဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပထမတန်းမှ ဒွါဒသမတန်းအထိ စွမ်းရည်လေးမျိုးကို အခြေခံသော သင်ရိုးညွှန်းတမ်းအသစ်များဖြင့် သင်ကြားသွားမည်ဖြစ်ပါကြောင်း။

### ထိရောက်စွာရေးသားပြောဆိုလာနိုင်ရန်

အင်္ဂလိပ်စာစွမ်းရည်လေးမျိုးအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲသွားမည့် သင်ရိုးညွှန်းတမ်းအသစ်များအပေါ် သင်ကြားနည်းစနစ်အသစ်များဖြင့် စနစ်တကျ လေ့ကျင့်မွေးထုတ်သွားမည်ဖြစ်သဖြင့် ထိုသို့မွေးထုတ်ပေးလိုက်သော ဆရာ ဆရာမများက အင်္ဂလိပ်စာဘာသာရပ်ကို ထိရောက်စွာ သင်ကြားနိုင်မည်ဖြစ်သည့်အတွက် အထက်တန်းအဆင့် ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် အင်္ဂလိပ်စာဘာသာရပ်ကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုလာနိုင်စေရန် ဦးတည်အထောက်အကူပြုမည့် ကျောင်းသုံးဖတ်စာအုပ်များ ပြုစုအသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ အဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မှတ်တမ်းအဖြစ်ထားရှိရန် ဆွေးနွေးတင်ပြပြီး အဆိုရှင်က လွှတ်တော်၏ အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း တင်ပြသဖြင့် စက်ခလုတ်နှိပ်၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၉၆မဲ၊ ကန့်ကွက်မဲ ၁၀၂ မဲ နှင့် ကြားနေမဲ တစ်မဲဖြစ်ရာ ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုဘဲ မှတ်တမ်းအဖြစ်သာထားရှိမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ မျိုးသူဟိန်း**

# စာရင်းအင်းဥပဒေပြဋ္ဌာန်း

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **စာရင်းအင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစာရင်းအင်းစနစ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ ပြုစုထားရှိမှုများမှ မူလစာရင်းအင်းအချက်အလက်များကို ရည်ညွှန်းကိုးကား၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော စနစ်ကို ဆိုသည်။

(ခ) **အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ** ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ပညာရှင်၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **စာရင်းအင်း** ဆိုသည်မှာ အချက်အလက်များအား ကောက်ယူစုစည်းပြုစုခြင်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်သုံးသပ်ခြင်းစသည့် အချက်အလက်များဆိုင်ရာ သိပ္ပံပညာရပ်ကို အသုံးပြု၍ ပြုစုထားသော ကိန်းဂဏန်းအချက်အလက်များကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် ဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဆိုသည်။

(ဆ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီကို ဆိုသည်။

(ဇ) **ဗဟိုစာရင်းအင်းအဖွဲ့** ဆိုသည်မှာ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် အတွင်းရေးမှူးရုံးကိုဆိုသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အမျိုးသားစာရင်းအင်း အာဏာပိုင်အဖွဲ့လည်းဖြစ်သည်။

(ဈ) **စာရင်းအင်းဆိုင်ရာအကြီးအမှူး** ဆိုသည်မှာ အမျိုးသားစာရင်းအင်းဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်ပြီး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်သည့် ဗဟိုကော်မတီ၏ အတွင်းရေးမှူးကို ဆိုသည်။

(ည) **တရားဝင်စာရင်းအင်း** ဆိုသည်မှာ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာနများမှ မှတ်တမ်းများနှင့် စာရင်းအင်းများ၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်စုဆောင်းမှု လုပ်ငန်းစဉ်များမှ ပြုစုရရှိသော ကိန်းဂဏန်းအချက်အလက်များကို ဆိုသည်။

(ဋ) **အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် ရည်ရွယ်ထားခြင်း မဟုတ်သော်လည်း အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူစုစည်းထိန်းသိမ်းထားသော အချက်အလက်မှတ်တမ်းကို ဆိုသည်။

(ဌ) **သန်းခေါင်စာရင်း** ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို အပြည့်အဝ ကောက်ယူထားသည့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ တရားဝင်ထုတ်ပြန်ထားသည့် စာရင်းကို ဆိုသည်။

(ဍ) **စစ်တမ်း** ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို ခန့်မှန်းသိရှိနိုင်ရေးအတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာ စာရင်းကောက်ယူခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဆိုသည်။

(ဎ) **မူလစာရင်းအင်းအချက်အလက်** ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းမှု လုပ်ငန်းစဉ်များမှ တိုက်ရိုက် ကောက်ယူစုဆောင်းရရှိသော တရားဝင်စာရင်းအင်းအတွက် အသုံးပြုရန် ရည်ညွှန်းကိုးကားမည့် အချက်အလက်ကို ဆိုသည်။

(ဏ) **လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် လက်ခံရရှိထားသည့် အချက်အလက်သည် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်နှင့်သာ သက်ဆိုင်သည့် ထုတ်ဖော်ပြောဆိုခွင့်မရှိသော စာရင်းအင်းအချက်အလက်ကို ဆိုသည်။

(တ) **စာရင်းအင်းဆိုင်ရာကိစ္စရပ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို အသုံးပြုရေးအတွက် ပြုစုဆောင်ရွက်သည့် လုပ်ငန်းရပ်များ၊ ပေါင်းစပ်ညှိနှိုင်းရသည့် လုပ်ငန်းရပ်များကို ဆိုသည်။

(ထ) **စာရင်းအင်းဆိုင်ရာ အချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်း ပြုစုထုတ်ပြန်ရန် ကောက်ယူစုဆောင်းရရှိထားသည့် ကိန်းဂဏန်းအချက်အလက်ကို ဆိုသည်။

(ဒ) **အရည်အသွေးပြည့်ဝသည့် စာရင်းအင်း** ဆိုသည်မှာ ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျပြည့်စုံမှန်ကန်မှု၊ စပ်ဆိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှုရှိသည့် စာရင်းအင်းကို ဆိုသည်။

(ဓ) **စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်** ဆိုသည်မှာ တရားဝင် စာရင်းအင်းများ ထုတ်ပြန်ရန် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှ စာရင်းအင်း အချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ ညွှန်းကိန်းများ တွက်ချက်တိုင်းတာခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ သိမ်းဆည်းခြင်းတို့နှင့် သက်ဆိုင်သည့် တာဝန်ယူ ဆောင်ရွက်မှုများကို ဆိုသည်။

(န) **မေးခွန်းဖြေကြားသူ** ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ တစ်ရပ်ရပ်ကို ကိုယ်စားပြုဖြေကြား ဆောင်ရွက်သူကိုသော်လည်းကောင်း ဆိုသည်။

(ပ) **စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ** ဆိုသည်မှာ မူလစာရင်းအင်း အချက်အလက်ကို ဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်း အချက်အလက်ကိုဖြစ်စေ၊ တရားဝင်စာရင်းအင်းကို ဖြစ်စေ ထုတ်ပြန်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဖ) **စာရင်းအင်းအချက်အလက် ထုတ်ပြန်ခြင်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်နှင့် သက်ဆိုင်ခြင်းမရှိသော မူလစာရင်းအင်း အချက်အလက်ကို ဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်း အချက်အလက်ကိုဖြစ်စေ၊ တရားဝင် စာရင်းအင်းကိုဖြစ်စေ သုံးစွဲသူများသို့ ရယူအသုံးပြုခွင့်ပေးခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိကျမှန်ကန်၍ အရည်အသွေး ပြည့်ဝပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်စေရန်၊

(ခ) မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ရာတွင် လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း အထောက်အကူပြုစေရန်၊

(ဃ) စာရင်းအင်းနှင့်သက်ဆိုင်သောဌာန၊ အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်နှင့် လွယ်ကူချောမွေ့စေရန်၊

(င) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့် ပြည်သူတို့အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြှင့်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသူ၊ ဒုတိယဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးအဆင့်ရှိသူ စာရင်းအင်းအချက်အလက်နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ | အဖွဲ့ဝင်များ |
| (၄) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ | အဖွဲ့ဝင်များ |
| (၅) | စာရင်းအင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် နှစ်ဦး | အဖွဲ့ဝင်များ |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာရင်းအင်းဆိုင်ရာမူဝါဒနှင့် အခြေခံစည်းမျဉ်းများ ချမှတ်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ ချမှတ်ခြင်း၊ အကောင်အထည်ဖော်စေခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုများပေးခြင်း၊

(ဂ) အရည်အသွေးပြည့်ဝ၍ ယုံကြည်စိတ်ချရသော အမျိုးသားစာရင်းအင်းစနစ် တည်ထောင်ခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာ အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ အဆင့်ဆင့်အား လမ်းညွှန်မှုပေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊

(င) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စ) စာရင်းအင်းဆိုင်ရာအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များ ပါဝင်သော စာရင်းအင်းလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတကာစာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသားစာရင်းအင်းစနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) နိုင်ငံတော်မှ နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အချိန်မီပေးပို့ရန် သက်ဆိုင်ရာသို့ ညွှန်ကြားခြင်း၊

(ဈ) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့်အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ည) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

(ဋ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော စာရင်းအင်းဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်စာရင်းအင်းဆိုင်ရာ အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဂ) တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ကာလလတ်၊ ကာလရှည် စာရင်းအင်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုပေးခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာ စံနှုန်းများကို သတ်မှတ်ခြင်း၊

(င) မူလစာရင်းအင်းအချက်အလက်နှင့် လူမှုစီးပွားဆိုင်ရာစစ်တမ်းများ ကောက်ယူရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့အား တာဝန်ပေးအပ်ခြင်း။

၇။ ဗဟိုကော်မတီ အစည်းအဝေးကို အနည်းဆုံး သုံးလတစ်ကြိမ် ကျင်းပရမည်။

၈။ ဗဟိုကော်မတီသည် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူထံမှ ယင်းတို့ ကြီးကြပ်ဆောင်ရွက်သည့် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့်အခြား စာရင်းအင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို တောင်းခံရယူပိုင်ခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)ပြဋ္ဌာန်း

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ဟု ခေါ်တွင် စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၅ ပါ **"နိုင်ငံတော်၏ အရအသုံး စာရင်းများ"** ဆိုသည့်စကားရပ်၏နောက်တွင် **"နှင့် လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုများ"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံး စာရင်းများ စစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်ပြခြင်းနှင့်ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း၊

(ခ) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ-

(၁) နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊

(၂) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၃) အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြုမှု ရှိ မရှိ စစ်ဆေးခြင်း။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့် လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းများ ခန့်ထားဆောင်ရွက်ခြင်းသည် ခွင့်ပြုသည့် ဝန်ထမ်းအင်အားအတွင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ မရှိ စစ်ဆေးခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့သည် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းအရ သတ်မှတ်ထားသည့် စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဇ) (၁) နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်း အသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာ အသုံးပြုမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၂) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့် ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ်ကြေညာ၍ သိမ်းယူထားသည့် ပစ္စည်းများ၊ ပိုင်ရှင်က တရားဝင် စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင်စာရင်းသွင်းခြင်း ရှိ မရှိ၊ ထိန်းသိမ်းခြင်း ရှိ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ မရှိ၊ လိုအပ်သည့် ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချ လွှဲပြောင်းပေးခြင်းရှိ မရှိ စစ်ဆေးခြင်း။

(ဈ) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍-

(၁) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုစာရင်းများကို စစ်ဆေးခြင်း၊

(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုများ၏ အရေအတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(၃) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၄) ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ စစ်ဆေးခြင်း၊

(၅) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဖွဲ့စည်း လုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေး စွမ်းဆောင်ရည် တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု၊ လုပ်ငန်း စည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်မှု စသည်တို့ကို စစ်ဆေးခြင်း။

(ည) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ ယင်း၏လုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးပေးရန် ညှိနှိုင်းလာပါက လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဋ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့အား ကြီးကြပ်ခြင်းနှင့် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊

(ဌ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဍ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့က စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများနှင့် စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးခြင်း၊

(ဎ) စာရင်းစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော လိုအပ်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(ဏ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေး တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(တ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း၊

(ထ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့် ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဒ) ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတွင် ဌာနတွင်း စာရင်းစစ်အဖွဲ့များ ဖွဲ့စည်းထားမှု ရှိ မရှိနှင့် ထိုအဖွဲ့များသည် သက်ဆိုင်ရာဝန်ကြီးဌာန၊အဖွဲ့အစည်းများက သတ်မှတ်ပေးထားသော လုပ်ငန်းစဉ်၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဓ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရ အရေးယူသင့်သည်ဟု ယူဆသောကိစ္စများကိုတွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ ပေးပို့ရမည့်အပြင် ယင်း၏ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ ပေးပို့ခြင်း၊

(န) အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုကို စစ်ဆေးရာတွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်အလိုက် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့်တားဆီးရန် လိုအပ်သည်ဟု ယူဆပါက-

(၁) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ ချက်ချင်း အကြောင်းကြားပြီး ယင်း၏ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ အကြောင်းကြားခြင်း၊

(၂) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အရေးယူဆောင်ရွက်မှု မရှိလျှင် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ အစီရင်ခံတင်ပြခြင်း။

(ပ) (၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများစသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက် စစ်ဆေးခြင်း၊

(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံ နည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ ပြေစာများနှင့် အခြား အထောက်အထား စာရွက်စာတမ်းများကို တောင်းခံစစ်ဆေးခြင်း၊

(၃) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို တောင်းခံရာတွင် မူရင်းအတိုင်းဖြစ်စေ၊ မိတ္တူကူး၍ ဖြစ်စေ၊ အီလက်ထရောနစ် နည်းစနစ်ဖြင့် ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းများက ပေးပို့စေခြင်း၊

(၄) စစ်ဆေးချက်များနှင့်ပတ်သက်၍ တွေ့ရှိသည့်သက်သေခံ ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရောနစ်ဆိုင်ရာ မှတ်တမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များရယူခြင်း၊

(၆) စစ်ဆေးရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူ ဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့်ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ဖြင့်ရယူခြင်း။

(ဖ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အခြား ငွေရေးကြေးရေးကိစ္စနှင့်စပ်လျဉ်းသော စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဗ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ် အမျိုးမျိုးဖြင့် အစိုးရနှင့် ဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဘ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ ထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့် ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(မ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာဖော်ပြခြင်း ရှိ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ယ) နိုင်ငံတော်သမ္မတက ဥပဒေနှင့်အညီ ပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ရ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း။"

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ ပြည်ထောင်စု စာရင်းစစ်ချုပ်သည် ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့အရ မိမိအားအပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဒုတိယစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်၊ စာရင်းစစ်ရုံးအဆင့်ဆင့်ရှိ စာရင်းစစ်အရာရှိများနှင့် မိမိက တာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"

၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသောအခြေအနေတွင် အခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေး တွေ့ရှိချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အစီရင်ခံတင်ပြသည်နှင့် တစ်ပြိုင်တည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊"

*ဆက်လက်ဖော်ပြပါမည်*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံ

**စစ်တွေ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သတင်းမီဒီယာများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နှင့် မြောက်ဦးမြို့ ဖြစ်စဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။ **(ယာပုံ)**




**ပူးပေါင်းဆောင်ရွက်စေလို**

ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရသေ့တောင်၊ မြောက်ဦးဖြစ်စဉ်များတွင် အဓိက သက်ဆိုင်သူများအား ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြောက်ဦးဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် လစဉ် ထောက်ပံ့ပေးသွားမည်

**စစ်တွေ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ငွေကြေးထောက်ပံ့ပေးခြင်းနှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

ငွေကြေးထောက်ပံ့ရေး အစီအစဉ်များအတွင်း အကျုံးဝင်သူများမှာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်နှင့် နောက်ပိုင်း ကိုယ်ဝန်ဆောင်မိခင်များ၊ ယင်းနေ့ နောက်ပိုင်း မွေးဖွားလာသော ရခိုင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအားလုံး အကျုံးဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။

"ပြည်နယ်မှာရှိတဲ့ ၁၇ မြို့နယ်လုံးက ထောက်ပံ့ရေးအစီအစဉ်တွေကို မြို့နယ်အဆင့် အသိပညာပေး ဆွေးနွေးပွဲတွေ လုပ်ပါတယ်၊ ရပ်ကွက် ကျေးရွာအဆင့် အသိပညာပေးပြီး စာရင်းကောက်တာက ၁၅ ရက်ကနေ ၂၀ ရက်စာထိ ကောက်ပါတယ်၊ IDP Camp တွေမှာ ရှိနေတဲ့ ဟိန္ဒူလူမျိုးတွေ၊ မူဆလင်လူမျိုးတွေနဲ့ တိုင်းရင်းသားတွေကိုပါ စာရင်းလိုက်လံကောက်ခံပါတယ်၊ ၂၁ ရက်ကနေ ၂၇ ရက်အထိ စာရင်းပြုစုရေး ကာလဆိုပြီး လုပ်နေပါတယ်၊ အကျိုးခံစားခွင့်က ဘယ်သူတွေ ရ၊ မရဆိုတာ စိစစ်တဲ့ကာလပါ၊ အဲဒါပြီးရင် ဇန်နဝါရီ ၂၉ ရက်ကနေပြီးတော့ ဖေဖော်ဝါရီလ ပထမပတ်ထိအောင် ထောက်ပံ့ရေးကာလဆိုပြီး တော့လုပ်မှာဖြစ်ပါတယ်၊ စာရင်းကောက်တာက လူမှုဝန်ထမ်းဦးစီးဌာနက ဝန်ထမ်း ၈၄ ဦးနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တစ်မြို့နယ်ကို နှစ်ယောက်နှုန်းနဲ့ အားလုံး ၃၄ ယောက် ပူးတွဲပြီး ကောက်နေတယ်၊ အဲဒီအခါမှာလည်း သက်ဆိုင်ရာဒေသမှာရှိတဲ့ သားဖွားဆရာမတွေ၊ အရန် သားဖွား ဆရာမတွေ ပူးပေါင်းပြီးတော့ စာရင်းကောက်ယူနေတယ်"ဟု ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။



ဦးသက်နိုင်ထွန်း



လစဉ်ထောက်ပံ့ကြေး အကျိုးခံစားခွင့် ရှိသူများအနေဖြင့် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ ရရှိသွားမည်ဖြစ်သည်။ အစီအစဉ် အကျိုးခံစားခွင့် ငွေကြေးထုတ်ပေးမှုကို ၂၀၁၇ ခုနှစ် ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက် ငွေကြေး အကျိုးခံစားခွင့်အား ၂၀၁၈ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်နှင့် ဖေဖော်ဝါရီလ ပထမပတ်တို့တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွက် ငွေကြေးအကျိုးခံစားခွင့်အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများအတွက် ငွေကြေးအကျိုးခံစားခွင့်အား ၂၀၁၈ ခုနှစ် မတ်လ ဒုတိယပတ်နှင့် တတိယပတ်တွင် လည်းကောင်း ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပညာရေး ဝန်ကြီးဌာန လက်အောက်ရှိ အခြေခံပညာဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-ဇော်ဇော်နိုင်**

# စစ်တွေမြို့၌ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ဆေးကုသ

**စစ်တွေ ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံ သွားဆရာဝန်များအသင်းက ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ရွှေကရုဏာခန်းမ၌ စစ်တွေမြို့နယ်မှ သွားနှင့်ခံတွင်း ဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများကို အခမဲ့ကုသပေးလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ ကုသမှုကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း ပါမောက္ခ ဒေါက်တာစောထွန်းအောင်နှင့် ဒေါက်တာမျိုးမြတို့က ဦးဆောင်ကာ ဆရာဝန် အယောက် ၂၀ နှင့် စစ်တွေမြို့မှ ဆရာဝန် သုံးဦးတို့က ကုသပေးလျက်ရှိသည်။

"စစ်တွေမြို့နယ်နဲ့ အခြားမြို့နယ်က သွားဝေဒနာရှင်တွေ ရဟန်းရှင်လူ ပြည်သူတွေ၊ အဓိက ငွေကြေးမတတ်နိုင်တဲ့ ပြည်သူတွေ သွားဝေဒနာ ပပျောက်နိုင်ဖို့နဲ့ ကာကွယ်ဖို့ ဆိုပြီး ရည်ရွယ်ပြုလုပ်တာဖြစ်တယ်"ဟု ရွှေကရုဏာဖောင်ဒေးရှင်း ဘဏ္ဍာရေးမှူး ဦးမောင်စံရွှေက ပြောသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်းနှင့် ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား ကုသပေးသည်မှာ တတိယအကြိမ်မြောက်ဖြစ်ပြီး ယခု ကုသမှုခံယူရန် အမြို့မြို့အနယ်နယ်မှ သွားခံတွင်းဝေဒနာရှင် ၁၅၀ ခန့် လာရောက်စာရင်းသွင်းထားကြောင်း သိရသည်။

"အခုလိုလာရောက်ကုသပေးတော့ အလွန်ပျော်တာပေါ့၊ ငွေကြေးအခမဲ့ကုသပေးတော့ အဒေါ်တို့လို ဆင်းရဲသားတွေအတွက် အလွန်သက်သာတာပေါ့၊ အလွန်လည်း ပျော်မိပါတယ်"ဟု သွားရောဂါဝေဒနာအား လာရောက်ကုသမှုခံယူသူ စစ်တွေမြို့ အုန်းတပင်ရပ်ကွက်မှ ဒေါ်မခင်သန်းက ဆိုသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်းသည် ရခိုင်ပြည်နယ်တွင်းမှ သွားနှင့် ခံတွင်းဝေဒနာရှင်များအတွက် ဇန်နဝါရီ ၂၃ ရက်တွင် ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာ၊ ဇန်နဝါရီ ၂၄ ရက်တွင် ပေါက်တောမြို့၊ ဇန်နဝါရီ ၂၅ ရက်တွင် ပုဏ္ဏားကျွန်းမြို့၊ ဇန်နဝါရီ ၂၆ ရက်တွင် ကျောက်တော်မြို့နှင့် ဇန်နဝါရီ ၂၇ ရက်တွင် မြေပုံမြို့တို့တွင် အခမဲ့ကုသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရမ်းဗြဲမြို့မှ ကျောက်ဖြူမြို့သို့ ဆက်သွယ်ပေးမည့် ကင်းချောင်းတံတား တည်ဆောက်

**စစ်တွေ ဇန်နဝါရီ ၂၂**

ကင်းချောင်းတံတားသည် ရခိုင်ပြည်နယ် လမ်းဦးစီးဌာနပိုင် ဇင်ချောင်း-ကင်းမြောက် လေးထောင့်လမ်းပေါ်မှ တံတားဖြစ်သည်။ အဆိုပါ တံတားကို ဒေသခံပြည်သူလူထု တောင်းဆိုချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ငွေကျပ်သန်း ၂၀၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့-၈ က တာဝန်ယူ ဆောက်လုပ်လျက်ရှိသည်။ **(အောက်ပုံ)**



တံတားအမျိုးအစားမှာ သံမဏိသံပေါင်၊ Europe သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ပြီး တံတားအရှည် ပေ ၁၂၅၆ ပေ ၇ လက်မ၊ တံတားအကျယ် ၃၄ ပေ ၆ လက်မ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ ၆ လက်မ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ငါးပေ၊ ရေလမ်း ကင်းလွတ်အမြင့် ၁၉ ပေ ၆ လက်မ၊ ရေလမ်း ကင်းလွတ်အကျယ် ပေ ၃၆၀၊ ခွင့်ပြုယာဉ်အလေးချိန် ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

စီမံကိန်းတန်ဖိုးမှာ ချဉ်းကပ်လမ်းအပါအဝင် ကျပ်သန်း ၆၇၃၀ ကုန်ကျမည်ဖြစ်သည်။ ကင်းချောင်းတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အကုန်တွင် ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားကြီး ပြီးစီးသွားပါက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်မှ ကျောက်ဖြူမြို့သို့ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း တိုက်ရိုက်ဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**

# မောင်တော၌ တိရစ္ဆာန်ထိန်းသိမ်းမှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွှေရင်အေး (တိုင်းရင်းသား)ကျေးရွာနှင့် ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော) ကျေးရွာ၊ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာ နှင့် တမန်းသား(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ မြို့သစ် (တိုင်းရင်းသား)ကျေးရွာ၊ ငါးခူရ(ရောနှော)ကျေးရွာနှင့် ခြံပြင်(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ရှိကျေးရွာများတွင် နွားငါးကောင်နှင့် ဆိတ်လေးကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်း သုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၉၄ ကောင်နှင့် ဆိတ် ၇၆၂ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘောဇဘဏ်က ခြောက်နှစ်ဆက်တိုက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အတွက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သည့် ကုမ္ပဏီများစာရင်းကို ဇန်နဝါရီ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ကမ္ဘောဇဘဏ်သည် ငွေကျပ် ၂၈၀၇၂ ဒသမ ၂၅ သန်း ပေးဆောင်ခဲ့ပြီး ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သူ ပထမနေရာကို ခြောက်နှစ်ဆက် ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်က အခွန်ထမ်းကြီးများစာရင်းကို ၂၀၁၁-၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်မှ စတင်ကြေညာခဲ့ခြင်းဖြစ်ပြီး ကမ္ဘောဇဘဏ်သည် အဆိုပါ ဘဏ္ဍာနှစ်မှစ၍ ပထမနေရာမှ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့ခြင်းဖြစ်သည်။ အခွန် စည်းကြပ်နှစ်အလိုက် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဝင်ငွေခွန် ငွေကျပ် ၆ ဒသမ ၀၁၅ ဘီလီယံကျော်၊ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဝင်ငွေခွန် ငွေကျပ် ၁၀ ဒသမ ၈၂၇ ဘီလီယံကျော်၊ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ဝင်ငွေခွန် ငွေကျပ် ၁၇ ဒသမ ၀၆၂ ဘီလီယံကျော်၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဝင်ငွေခွန် ငွေကျပ် ၂၂ ဒသမ ၀၁၄ ဘီလီယံကျော်၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဝင်ငွေခွန် ငွေကျပ် ၂၃ ဒသမ ၁၅၅ ဘီလီယံကျော်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဝင်ငွေခွန် ငွေကျပ် ၂၈ ဒသမ ၀၇၂ ဘီလီယံကျော်ဖြင့် အခွန်ဘဏ္ဍာ တာဝန်ကို ကျေပွန်စွာ အများဆုံး ပေးဆောင်ခဲ့သည့်အပြင် ကြိုတင်ခွန်များအဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ငွေကျပ် ၃၂ ဘီလီယံ ပေးဆောင်ထားပြီး ၂၀၁၈-၂၀၁၉ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ငွေကျပ် ၃၈ ဘီလီယံကို ပေးသွင်းလျက်ရှိကြောင်း၊ ၂၀၁၉ -၂၀၂၀ အခွန်စည်းကြပ်နှစ်အတွက်လည်း ကြိုတင်ခွန် ပေးသွင်းနိုင်ရန် စနစ်တကျ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲပေါင်း ၅၀၀ ကျော်၊ ATM စက်ပေါင်း ၁၀၀၀ ကျော်၊ ဝန်ထမ်းအင်အား စုစုပေါင်း ၂၀၀၀၀ ကျော်ဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့်အညီ ဘဏ်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘောဇဘဏ်၏ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးများကိုလည်း ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်၏ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း" သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်ချိန် မုန်တိုင်းသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာမှအစပြု၍ ၂၀၁၇ ခုနှစ်အထိ ကိုးနှစ်တာကာလအတွင်း ပညာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်သော သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအပါအဝင် လူမှုအကျိုးပြုလုပ်ငန်း အရပ်ရပ်တို့နှင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် စုစုပေါင်း ၁၃၈ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# မှော်ဘီမြို့နယ်၌ လူနာတင်ယာဉ်က မြေသယ်ယာဉ်ကို ဝင်တိုက်မိ၍ တစ်ဦး သေဆုံး

**မှော်ဘီ ဇန်နဝါရီ ၂၂**

မှော်ဘီမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၃၀/၆ နှင့် ၃၀/၇ အကြား ရှမ်းစုဘုန်းတော်ကြီးကျောင်းရှေ့၌ မှော်ဘီဘက်မှ ရန်ကုန်ဘက်သို့ တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် စိန်ကြီး-၃ လမ်းနေ အောင်ထွန်း(၃၈ နှစ်)မောင်းနှင်သည့် ယာဉ်အမှတ် ၁စ/---- စူပါကာစတန် လူနာတင်ယာဉ်သည် တိုက်ကြီးဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ လူနာဖြစ်သူ ဦးခင်မောင်ဦး(၅၂ နှစ်)ကို ပို့ဆောင်ရန် မောင်းနှင်လာစဉ် အဆိုပါနေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ လမ်းပြုပြင်ရန် ရပ်တန့်ထားသော 9N/---- ထရပ်ယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့သည်။ **(ယာပုံ)**

ယာဉ်တိုက်မှုကြောင့် လူနာတင် ယာဉ်မောင်းဖြစ်သူ အောင်ထွန်း (၃၈ နှစ်)နှင့် လူနာယာဉ်ပေါ်ပါ တိုက်ကြီးမြို့ အင်းကုလားရွာနေသူများဖြစ်သော လူနာ ဦးခင်မောင်ဦးနှင့် လူနာစောင့်များအဖြစ် လိုက်ပါလာသော ဦးသန်းမောင်ပါ ငါးဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် မှော်ဘီဆေးရုံသို့ တင်ပို့စဉ် ဦးခင်မောင်ဦးသည် ဆေးရုံ၌ သေဆုံးခဲ့သည်။ ကျန်ဒဏ်ရာရရှိသူ ငါးဦးကို ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ (စိုးရိမ်ရ)အဖြစ် ပို့ဆောင်ကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မှော်ဘီမြို့နယ်ရဲစခန်းက ယာဉ်မောင်း အောင်ထွန်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# မွေးကင်းစ ကလေးငယ်တစ်ဦးကို လာရောက်စွန့်ပစ်

**မော်လမြိုင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် ကျိုက်ပေါလောမဲ့ရှင်တော် ဘုရားဝင်းရှေ့ မဟာမုနိသွန်းဘုရားဝင်းအတွင်း၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မွေးကင်းစကလေးငယ်(မိန်းကလေး) တစ်ဦးချက်ကြိုးတန်းလန်းဖြင့် လာရောက်စွန့်ပစ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဘုရားဝင်းအတွင်း သံပန်းတံခါးများ လုပ်ကိုင်နေသည့် အလုပ်သမား ကိုကရင် ဆိုသူက ကလေးငိုသံကြား၍ သွားရောက်ကြည့်ရှုရာ ပိတ်ဖြူစဖြင့် ပတ်ထားသော ကလေးငယ်(မိန်းကလေး)တစ်ဦးကို တွေ့ရှိရသဖြင့် မဟာမုနိသွန်းဘုရား ဂေါပကအဖွဲ့သို့ လာရောက်အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကျိုက်ထိုမြို့မရဲစခန်းမှ ဒုရဲအုပ်ယဉ်ယဉ်လှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်တို့က အဆိုပါ မွေးကင်းစကလေးငယ်အား ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာစောကလျာနှင့် တာဝန်ကျဆရာဝန် ဒေါက်တာဆင့်ဆင့်ချောတို့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ကလေးငယ်သည် ခုနစ်ရက်သားခန့်သာရှိသေးပြီး ချက်ကြိုးမှာ မပြတ်သေးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကလေးငယ်စွန့်ပစ်မှုနှင့် ပတ်သက်၍ ကလေးမိဘများအား ရဲတပ်ဖွဲ့မှ စုံစမ်းဆောင်ရွက်လျက်ရှိပြီး ကလေးငယ်၏ မိဘများအား မတွေ့ရှိပါက မွေးစားမည့်သူများထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်ခြောက်လုံး မီးလောင်

ခေါ်ဇာ ဇန်နဝါရီ ၂၂

**မွန်ပြည်နယ် ရေးမြို့နယ် ခေါ်ဇာမြို့ ကော့လှိုင်ကျေးရွာ အကွက်-၈ ဦးရွှေကဲ နေအိမ်မှ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် ဦးရွှေကဲ၏ နေအိမ်အပါအဝင် စုစုပေါင်းနေအိမ် ခြောက်လုံး မီးလောင်ခဲ့သည်။**



မီးလောင်ရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် လေးစီး၊ ခေါ်ဇာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ထောင်စု ခြောက်စု လူဦးရေ ၂၇ ဦးကို ခေါ်ဇာမြို့ ကော့လှိုင်ကျေးရွာဘုန်းကြီးကျောင်းတွင် နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**ခေါ်ဇာ(ပြန်/ဆက်)**

# မူဆယ်သွားမည့်ယာဉ်ပေါ်မှ ကျောက်စိမ်းအရှယ်စုံ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၁ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Toyota Aeras ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ ကြမ်းခင်းအောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး အရွယ်စုံ ၄၆၈ တုံး(၅၃၆ ကီလိုဂရမ်)နှင့် ပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၃၀ ဒသမ ၃၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ နေအိမ် မီးလောင်

**သထုံ ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ်ရွာတွင် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က အိမ်သုံးမီးအားမြှင့်စက် အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နောင်ကုလားအလယ်ရွာ သဇင်လမ်းရှိ ဦးကျော်ရွှေ (၅၇ နှစ်)၏ နေအိမ်တွင် အိမ်သုံးမီးအားမြှင့်စက်အပူလွန်ကဲပြီး နံဘေးရှိ အိပ်ရာခင်းမှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ခဲ့သည်။ မီးလောင်ရာသို့ ဝန်းကျင်နေပြည်သူများ၊ သထုံခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ကျေးရွာပိုင် မီးသတ်ယာဉ် တစ်စီးနှင့် ကျေးရွာနေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ခံ နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး သထုံမြို့မရဲစခန်းက မီးပေါ့ဆသူ အိမ်ရှင် ဦးကျော်ရွှေကို အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပြည်မြို့၌ တောမီးလောင်မှုဖြစ်

**ပြည် ဇန်နဝါရီ ၂၂** - ပြည်မြို့ ရွှေတံခါးကွက်သစ် အပိုင်း-၄ တွင် ယနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း ကနဦးသတင်းအရ မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာနက ဦးဆောင်သော သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ်ပိုင်းအတွင်း မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုမှာ လူနေရပ်ကွက်အတွင်း မီးလောင်ခြင်းမဟုတ်ဘဲ သီဟိုဠ်စိုက်ခင်းအတွင်း တောမီးလောင်ခြင်းသာဖြစ်ကြောင်း သိရပြီး မီးလောင်မှုကြောင့် လူနေအိမ်နှင့် အခြား တစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ ယင်းမီးလောင်မှုအား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
# တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ကျသင့်ငွေ(ကျပ်သန်း) |
|---|---|---|---|
| (က) | ကျားလုံချည်(အကျယ်၇၉"× နံ ၄၂") | ၆၀၀၀၀ ထည် | ၂၁၀.၀၀၀ |
| (ခ) | မလုံချည်(အကျယ်၇၂"× နံ၄၂") | ၇၀၀၀၀ ထည် | ၂၄၅.၀၀၀ |
| (ဂ) | စောင်(လ၈၀" × န ၆၆") | ၅၀၀၀၀ ထည် | ၁၂၅.၀၀၀ |
| (ဃ) | တဘက်(လ၅၄"× န ၂၇") | ၅၀၀၀၀ ထည် | ၁၂၅.၀၀၀ |
| (င) | စတီးလ်ဇလုံ(အချင်း၉.၅") | ၅၀၀၀၀ လုံး | ၃၅.၀၀၀ |
| (စ) | လေးထောင့်ပလတ်စတစ်ပုံး (အဖုံး-လက်ကိုင်ပါ လ ၁' ၁၁"၊ န ၁' ၅"၊ မ ၁' ၃") (ဘေးနှစ်ဖက်တွင်ဌာန Logoနှင့်စာတန်းများ ဖော်ပြပေးရမည်ဖြစ်ပါသည်) | ၅၀၀၀၀ ပုံး | ၄၅၀.၀၀၀ |
| (ဆ) | ဂေါ်ဇီလာဆပ်ပြာ | ၅၀၀၀၀ တောင့် | ၂၀.၀၀၀ |
| (ဇ) | စတီးလ်ပန်းကန်ပြား(အချင်း၉") | ၅၅၀၀၀ ချပ် | ၃၈.၅၀၀ |
| (ဈ) | ပလတ်စတစ်ရေချိုးခွက်(အချင်း၈") | ၅၀၀၀၀ ခွက် | ၂၅.၀၀၀ |
| (ည) | ပီနံအိတ်(အထူ)(လ၂၆"၊ န၄၈") | ၄၅၀၀၀ လုံး | ၃၀.၅၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့် ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၁-၂၀၁၈ရက် မှစ၍ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ခ) တင်ဒါပုံစံပိတ်မည့်ရက် - ၁၉-၁-၂၀၁၈ရက် ညနေ၄နာရီ
(ဂ) တင်ဒါပုံစံတစ်စောင်ဈေးနှုန်း - ၁၀၀၀ဝိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) တင်ဒါရောင်းချမည့်နေရာ - ရုံးအမှတ်(၂၃)၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

၃။ တင်ဒါပုံစံရောင်းချခြင်းရက် ၁၅-၁-၂၀၁၈ရက်မှ ၁၉-၁-၂၀၁၈ရက်အထိ ရောင်းချခြင်းအစား ၁၅-၁-၂၀၁၈ရက်မှ ၂၆-၁-၂၀၁၈ရက် အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၀၇၅၊ ၀၆၇-၃၄၀၄၀၇၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တစ်နိုင်ငံလုံးတွင် “ပထမ” နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆, ၀၁၅. ၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀, ၈၂၇. ၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇, ០၆၂. ၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂, ၀၁၄. ၉၄ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၃, ၁၅၅. ၈၂ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ | ၂၈, ၀၄၂. ၂၅ သန်း | ပထမ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **“ကမ္ဘောဇဘဏ်လီမိတက်”** သည် **“ပထမ”** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်းအပြင် နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ “ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း” သည်လည်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၂၀၀၈)ခုနှစ်မှ (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်း (၁၃၈)ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသဖြင့် **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နာယက”**၊ **“ကမ္ဘောဇဘဏ်လီမိတက်–ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း”** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ မြန်မာပြည်သူပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် အမြဲထာဝရရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် **(UMFCCI)**

# ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုး တက်ရောက်မည်

**အော့တဝါ ဇန်နဝါရီ ၂၂**

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ လေးရက်ကြာပြုလုပ်မည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးအနေဖြင့် ဇန်နဝါရီ ၂၂ ရက်က ယင်းမြို့သို့ ထွက်ခွာသွားကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ဂျက်စတင်ထရူးဒိုးသည် အဆိုပါ အစည်းအဝေးတွင် အခြားကမ္ဘာ့ခေါင်းဆောင်များ၊ စီးပွားရေးခေါင်းဆောင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် နယ်ပယ်စုံမှ ခေါင်းဆောင်များအား ရဲရင့်သော အကြံဉာဏ်များ ရှာဖွေရန် တွန်းအားပေးထားပြီး ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးတိုးတက်ခြင်း၊ အမြင်ဖြင့် ပူးပေါင်းညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခွင့်အလမ်းသစ်များဖော်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့သော စီးပွားရေးတည်ထောင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



ယခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ခေါင်းစဉ်မှာ Creating a Shared Future in a Fractured World ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို အကျိုးအမြတ်မယူသော အဖွဲ့အစည်းအဖြစ် ၁၉၇၁ ခုနှစ်တွင် အများပိုင်- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်သည် ကမ္ဘာ့နိုင်ငံများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကတိကဝတ် ပြုခဲ့ကြသည်။

**ဆင်ဟွာ**

# ထိုင်းတောင်ပိုင်း ဈေးတစ်ခုအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၂၂**

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်ရှိ သားငါးဈေးတစ်ခု၌ လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီး ၁၈ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အဆိုပါ ဈေးအတွင်း ဝက်သားရောင်းသည့် ဆိုင်တစ်ဆိုင်အနီးရပ်ထားသောဆိုင်ကယ်မှ ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ပေါက်ကွဲခဲ့သောကြောင့် ဆိုင်ပိုင်ရှင်အပါအဝင် အခြားဈေးဝယ်သူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဈေးဝယ်သူများ စည်ကားချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၉ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုမှာ ပြင်းထန်ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့် နေရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်လာချိန်တွင် ဖရိုဖရဲဖြစ်နေသည့် အနေအထားကို တွေ့ရပြီး ငိုယိုအော်ဟစ်နေသည့် ဈေးဝယ်သူများကို တွေ့ခဲ့ရသည်။

ပေါက်ကွဲခဲ့သည့် လက်လုပ်ဗုံးမှာချိန်ကိုက်ဗုံးတစ်လုံးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ လွန်ခဲ့သည့်နှစ်နှစ်သုံးနှစ်က အဆိုပါ ဈေးအတွင်း ဗုံးပေါက်ကွဲမှုသည် ပထမဆုံး အကြိမ်ဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများသည် ယာလာပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းသစ်များကို နှင်ထုတ်ပြီး ဈေးအားလက်ဝါးကြီးအုပ်ရန် ကြိုးစားနေသော တရားမဝင် စီးပွားရေးအုပ်စုများမှ ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ယာလာပြည်နယ် ဈေးတစ်ခုအတွင်းရှိ သားငါးအရောင်းဆိုင်ရှေ့တွင် ရပ်နားထားသည့် မော်တော်ယာဉ်တစ်စီးသည် တနင်္လာနေ့ နံနက် ၆နာရီခွဲတွင် ပေါက်ကွဲသွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသွားသူများ အားလုံးမှာ ဈေးဝယ်ရန်လာရောက်ကြသူများ ဖြစ်ကြောင်း သိရသည်။

ဗုံးခွဲတိုက်ခိုက်မှုတွင် ၂၀ ကီလိုဂရမ်ရှိသည့် ပေါက်ကွဲပစ္စည်းများကို အသုံးပြုခဲ့ကြောင်း ထိုင်းတပ်မတော်နှင့် ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။ ယင်းပေါက်ကွဲပစ္စည်းကို အဝေးမှ ထိန်းချုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဗုံးခွဲတိုက်ခိုက်မှုကို မည်သူလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အတိအကျပြောဆိုနိုင်ခြင်း မရှိသေးပေ။ သို့သော် တပ်မတော်က လက်နက်ကိုင်အစ္စလာမ္မစ်စစ် သွေးကြွများ ဖြစ်မည်ဟု သံသယ ဖြစ်လျက်ရှိသည်။

မလေးရှားနှင့် ထိစပ်နေသည့် ထိုင်းနိုင်ငံနယ်စပ်အနီးရှိ အစ္စလာမ္မစ် စစ်သွေးကြွများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ပြင်းထန်သည့် တိုက်ပွဲများကြောင့် လူ ၇၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

ဗန်ကောက်ရှိ ဂျပန်သံရုံးသည် ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က အဆိုပါ ဒေသ ဝိုက်တွင် ဂျပန်နိုင်ငံသားများ သွားရောက်ခြင်းမပြုကြရန် သတိပေးထားသည်။

အဆိုပါ နေရာသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလအတွင်းက အကြမ်းဖက်တိုက်ခိုက်မှု ရှစ်ခုခန့် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အမေရိကန်၏ ကာကွယ်ရေးနည်းဗျူဟာကို တရုတ်ဝေဖန်ပြောဆို

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်ပြည်ထောင်စုက ကြေညာချက်ထုတ်ပြန်ခဲ့သည့် ကာကွယ်ရေးဗျူဟာများနှင့်ပတ်သက်၍ မကြာသေးမီက ဝေဖန်ခဲ့သည်ဟု သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရန်ဂရူအိုကျန်က ယခင်ရက်များက ကြေညာချက်ထုတ်ပြန်ခဲ့သည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အမျိုးသားကာကွယ်ရေးနည်းဗျူဟာကို တုံ့ပြန်သည့်အနေဖြင့် စနေနေ့တွင် ထိုသို့ဖော်ပြခဲ့ကြောင်း သိရသည်။

ယင်းနည်းဗျူဟာက တရုတ်နှင့် ရုရှားကို နိုင်ငံတကာအမိန့် ညွှန်ကြားချက်တို့ကို ခြိမ်းခြောက်နေသူများအဖြစ် အမည်ပေးခဲ့ကြောင်း၊ ယင်းနှစ်နိုင်ငံနှင့်ပတ်သက်သည့် ကိစ္စရပ်များသည် ထိပ်တန်းဦးစားပေး ကိစ္စရပ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ပြောကြားမှုအပေါ် ရန်က ယင်းနည်းဗျူဟာသည် အမှန်တကယ် မဟုတ်သည့် ပေါင်းလဒ်သုညရရှိမည့် ကစားပွဲပုံစံတစ်ခုဖြစ်ရုံသာမက ထိပ်တိုက်ရင်ဆိုင်မှုများဖြင့် ပြည့်နှက်နေသည်ဟု ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် စစ်ရေးအရချဲ့ထွင်ရန် ကြိုးပမ်းနေခြင်းမဟုတ်ကြောင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အစဉ်အမြဲတည်ဆောက်လာခဲ့သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် တရုတ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးနှင့် စစ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မှန်ကန်မျှတသည့် အမြင်ဖြင့် ရှုမြင်သုံးသပ်သင့်ကြောင်း ရန်က တိုက်တွန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ ပိတ်ဆို့မှုက ရုရှားကုမ္ပဏီရာပေါင်းများစွာသို့ မိုက်ခရိုဆော့ဖ် ရောင်းချမှုကိုအဟန့်အတားဖြစ်စေခဲ့




**မော်စကို ဇန်နဝါရီ ၂၂**

အမေရိကန်၏ ပိတ်ဆို့မှုအသစ်များပေါ်ထွက်လာပြီးနောက် ရုရှားရှိမိုက်ခရိုဆော့ဖ် ဖြန့်ချိရေးလုပ်ငန်းနှစ်ခုတို့က ရုရှားကုမ္ပဏီ ၂၀၀ ကျော်သို့ မိုက်ခရိုဆော့ဖ် ဆော့ဝဲရောင်းချမှုကို ကန့်သတ်လိုက်ကြောင်း ဖြန့်ချိသူများထံမှ သိရသည်။

အသစ်ချမှတ်လိုက်သည့် ပိတ်ဆို့မှုများသည် ရုရှားငွေကြေးရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများဆီသို့ ချေးငွေပေးအပ်မှုအချိန်ကာလကို ၁၄ ရက်မှ ရက် ၃၀ အထိ လျှော့ချမှုမှသည် အမေရိကန်၏ ပိတ်ဆို့မှုစာရင်းတွင်ပါဝင်သည့် ရုရှားစွမ်းအင်ကုမ္ပဏီများအတွက် အချိန်ကာလလျှော့ချမှုကို ရက်ပေါင်း ၆၀ မှ ရက်ပေါင်း ၉၀အထိလျှော့ချသွားရန် အထိပါဝင်သည်။

ယခင်က ပိတ်ဆို့ခဲ့မှုများသည် ရုရှားကုမ္ပဏီများကို ဦးဆောင်နေသည့် အနောက်ဘဏ်များကို အကြီးအကျယ်သက်ရောက်မှုရှိစေခဲ့သည်။ သို့သော် ယခုကဲ့သို့တိုတောင်းသည့်ငွေကြေးထည့်ဝင်မှု အချိန်ကာလကြောင့် ရုရှားဖောက်သည်များထံသို့ ကုန်စည်များနှင့်ဝန်ဆောင်မှုများကိုဖြန့်ဖြူးနေသည့် ကုမ္ပဏီများစွာတို့သည် များစွာစိုးရိမ်ပူပန်လျက်ရှိသည်။

မိုက်ခရိုဆော့ဖ်ဆော့ဖ်ဝဲဖြန့်ဖြူးသည့် လုပ်ငန်းနှစ်ခုအနက်တစ်ခုဖြစ်သည့် ရုရှားကုမ္ပဏီ မာလိုင်းယွန်းက မိုက်ခရိုဆော့ဖ်လိုင်စင်များကို ဝယ်ယူရန်ပိတ်ဆို့ခံထားရသူများအားလုံးသည်တင်းကျပ်စွာပြဋ္ဌာန်းထားသည့် နောက်ဆုံးသတ်မှတ်ကာလအတွင်း ငွေပေးချေရမည်ဖြစ်ကြောင်း ၎င်း၏မိတ်ဖက်ကုမ္ပဏီများသို့ သတိပေးချက်ထုတ်ပြန်ခဲ့မှုတွင် ဖော်ပြထားကြောင်း သိရသည်။

**ရိုက်တာ**

# ပါလက်စတိုင်းနိုင်ငံသား ရှစ်ဦးကို အစ္စရေးဖမ်းဆီး

**ရမာလာ ဇန်နဝါရီ ၂၂**

အနောက်ဘက်ကမ်း၌ ညသန်းခေါင်ကျော် အချိန်ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးအတွင်း ပါလက်စတိုင်းရှစ်ဦးကို အစ္စရေးအင်အားစုများက ဖမ်းဆီးလိုက်ကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ဥပဒေအရာရှိတစ်ဦးကိုလည်း နာရီများစွာကြာအောင် ဖမ်းဆီးထားခဲ့ပြီး နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယားရှိ ကာ့ဒ်စစ်သွေးကြွများကို တူရကီလေကြောင်းမှ ဗုံးကြဲ

**အန်ကာရာ ဇန်နဝါရီ ၂၂**

တူရကီသည် ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများကို ပစ်မှတ်ထားလျက် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ကြောင်း သိရသည်။

တူရကီတပ်မတော်က နယ်စပ်ဒေသများတွင် ဘေးကင်းလုံခြုံရေးကို ခိုင်မာသေချာစေရန်အတွက် ထိုစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း စနေနေ့တွင် ဖော်ပြခဲ့သည်။ တပ်မတော်သည် အာဖရင်ဒေသအတွင်းရှိ ကာ့ဒ်စစ်သွေးကြွများ၏ စစ်အခြေစိုက်စခန်း ၁၀၀ ခန့်ကို လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ကာ့ဒ်အင်အားစုများသည် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ ဆီးရီးယားရှိ အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် ကာ့ဒ်စစ်သွေးကြွများသည် နိုင်ငံအတွင်း အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွများအား တိုက်ထုတ်သည့် စစ်ဆင်ရေးတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။

၎င်းတို့သည် ပြည်တွင်းစစ်ဖြစ်ပွားမှုအရှုပ်အထွေးများကြားတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးကြေညာခဲ့ပြီး တူရကီနှင့် ထိစပ်နေသည့် နယ်စပ်ဒေသများကို နယ်မြေချဲ့ထွင်ကာ ထိန်းချုပ်နိုင်အောင် ကြိုးစားလာကြသည်။ တူရကီအစိုးရက ဆီးရီးယားရှိ ကာ့ဒ်စစ်သွေးကြွများသည် တူရကီရှိ ကာ့ဒ်လက်နက်ကိုင်အုပ်စုများနှင့် အချိတ်အဆက်ရှိနေသည်ဟု သံသယဖြစ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

### ရေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည်ဟု အမေရိကန်ကို တရုတ်စွပ်စွဲ

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်တပ်မတော်ရေယာဉ်တစ်စင်းက တရုတ်ရေပိုင်နက်အတွင်းသို့ဝင်ရောက်လာသည်ဟု စွပ်စွဲခဲ့ကြောင်း သိရသည်။ သင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်းရှိ စကာဘောရို ရေတိမ်သောင်ခုံမှ ၁၂ မိုင်ခန့်အတွင်း ခုတ်မောင်းလာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကန်က USS Hopper ဒုံးကျည်ဖျက်သင်္ဘောသည် ဗုဒ္ဓဟူးနေ့ညက အဆိုပါရေယာအတွင်းသို့ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာခဲ့ကြောင်း စနေနေ့တွင် ဖော်ပြခဲ့သည်။

စကာဘောရိုရေတိမ်သောင်ခုံသည် တရုတ်နိုင်ငံ၌ ဟွမ်ကျန်ကျွန်းဟု အမည်ရသည်။ အဆိုပါအငြင်းပွားကျွန်းကို တရုတ်နိုင်ငံက ထိန်းချုပ်ထားပြီး ယင်းနေရာကို ဖိလစ်ပိုင်နှင့် ထိုင်ဝမ်တို့ကလည်း ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ အမေရိကန်သင်္ဘောသည် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးဆိုင်ရာ အရေးပါမှုကို ချိုးဖောက်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံ့စီးပွားကို ပြန်လည်တည်ဆောက်မယ့် ဆီးရီးယားရဲ့ မျှော်လင့်ချက်

**ကလျာမိုးမြင့်**



ဆီးရီးယားနိုင်ငံတစ်ဝန်းမှာ အဆောက်အအုံတွေဟာ ယိုယွင်းပျက်စီးလျက်ရှိနေပါတယ်။ လူသန်းပေါင်းများစွာတို့ဟာ နေအိမ်ကနေ ထွက်ပြေးသွားခဲ့ကြပြီဖြစ်ပြီး သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်နေရာတွေဟာဆိုရင်လည်း တပ်မတော်ရဲ့ တိုက်ခိုက်မှုတွေနဲ့ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွတွေရဲ့လက်ထဲကျရောက်ခဲ့ရတာတွေကြောင့် အစိတ်စိတ်အမွှာမွှာ ကြေမွပျက်စီးနေပါတယ်။

ဒါပေမယ့် ဆီးရီးယားအာဏာပိုင်တွေကတော့ ပြီးခဲ့တဲ့စနေနေ့က စပိန်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်သွယ်ရေးပြပွဲတက်ရောက်ပြီး နိုင်ငံကို မြှင့်တင်နိုင်ဖို့ လုပ်ဆောင်ခဲ့တာကြောင့် ပြည်ပခရီးသွားတွေဟာ အတိတ်က အဲဒီအပျက်အစီးတွေကို ပြန်လာကြည့်ကြလိမ့်မယ်လို့ မျှော်လင့်နေပါတယ်။ အစိုးရအာဏာပိုင်တွေက ဆီးရီးယားနိုင်ငံဟာ အနည်းငယ်တည်ငြိမ်မှုရရှိလာနေပြီလို့ ပြောခဲ့ပါတယ်။

**သမိုင်းဝင်နေရာများ ယိုယွင်းပျက်စီးခဲ့**

အစိုးရဟာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက သူပုန်တွေလက်ထဲ လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ နယ်မြေပိုင်နက်အများစုကို ပြန်လည်ထိန်းချုပ်ရယူနိုင်ခဲ့ပြီလို့ ဆိုပါတယ်။ ဆီးရီးယားနိုင်ငံရဲ့ အစိတ်အပိုင်းအများစုကို ပြားပြားဝပ်ပျက်စီးစေတဲ့ နှစ်ရှည်ကြာမြင့်သော စစ်ပွဲကြောင့်ဖြစ်လာတဲ့ ဆိုးကျိုးတွေကို လျစ်လျူရှုခဲ့လို့ ခရီးသွားလုပ်ငန်းအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုဟာ ဝေဖန်မှုတွေကို ပေါ်ထွက်လာစေခဲ့ပါတယ်။

ဆီးရီးယားပဋိပက္ခတွေ မစတင်မီ ၂၀၁၁ ခုနှစ်မှာ ဆီးရီးယားနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်တွေအတွက် အလက်ပိုရဲ့ မြို့အကာအကွယ် ခံတပ်နေရာမှသည် ရိုမန်ခေတ် ပယ်လ်မိုင်ရာ အဆောက်အအုံပျက်တွေအထိ ထင်ရှားတဲ့ အဆောက်အအုံအမှတ်အသားတွေ စုဝေးရာ နေရာတစ်ခုဖြစ်ခဲ့ပြီး ခရီးသွားလုပ်ငန်းဟာဆိုရင် ဆီးရီးယားရဲ့ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီလိုသမိုင်းဝင်နေရာတွေထဲမှာမှ အများစုဟာ စစ်ပွဲဖြစ်ပွားမှုတွေကြောင့် ဖျက်ဆီးခံခဲ့ရပြီး ဆိုးဆိုးရွားရွား ယိုယွင်းပျက်စီးသွားခဲ့ရပါတယ်။ ပဋိပက္ခဖြစ်ပွားမှုတွေတစ်လျှောက် ဘေးကင်းလုံခြုံပြီး စိတ်ချရတဲ့ အခြေအနေမရှိမှုက အစိုးရအဖွဲ့တွေ ဆီးရီးယားကို ခရီးသွားလာခြင်းမပြုလုပ်ကြဖို့ သတိပေးတားမြစ်ရတဲ့ အနေအထားကို ရောက်ရှိစေခဲ့တာပါ။

**နိုင်ငံ့စီးပွားကိုပြန်လည်တည်ဆောက်မည်**

ဆီးရီးယားဟာ အဲဒီအနေအထားကို ပြောင်းလဲပစ်နိုင်ဖို့ မျှော်လင့်နေပါတယ်။ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အာဏာပိုင်တွေဟာ ကမ္ဘာအနှံ့က ခရီးသွားလာသူတွေကို နိုင်ငံအတွင်းသို့ ပြန်လည်ဆွဲဆောင်ခေါ်ယူနိုင်စေဖို့ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ပြီးခဲ့တဲ့ စနေနေ့မှာ စပိန်နိုင်ငံ မက်ဒရစ်မှာ ပြုလုပ်ခဲ့တဲ့ Fitur နိုင်ငံတကာ ခရီးသွားလုပ်ငန်းကုန်သွယ်ရေးပြပွဲကို တက်ရောက်ခဲ့ကြပါတယ်။

ဒီနှစ်ဟာ ဆီးရီးယားနဲ့တကွ ဆီးရီးယားနိုင်ငံရဲ့ စီးပွားရေးကို ပြန်လည်တည်ဆောက်မယ့် အချိန်အခါဖြစ်တယ်လို့ ဆီးရီးယားခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မာကက်တင်းဒါရိုက်တာ ဘာဆမ်ဘာဆစ်က မက်ဒရစ်မှာရှိတဲ့ Agence France-Presse သတင်းအေဂျင်စီသို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၃ သန်းလောက် ဆီးရီးယားကို အလည်အပတ်လာရောက်ခဲ့တယ်လို့ မစ္စတာဘာဆစ်က ဆိုပါတယ်။ ဒီအရေအတွက်ပမာဏဟာ အိမ်နီးချင်းလက်ဘနွန်ကို ခရီးသွားဧည့်သည်တွေ တစ်ရက်စာလာရောက်တဲ့ အရေအတွက်ပမာဏလောက်ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည် အရေအတွက် နှစ်သန်းလောက်အထိ မြင့်တက်လာဖို့ အာဏာပိုင်တွေက မျှော်လင့်နေပါတယ်။

**ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်ရန် အားထုတ်**

ဆီးရီးယားအစိုးရက ၂၀၁၆ ခုနှစ်မှာ ၎င်းရဲ့ နိုင်ငံပိုင် ယူကျု့ချန်နယ်မှာ Syria Always Beautiful ဆိုတဲ့ စာတန်းနဲ့အတူ နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကို မြှင့်တင်နေကြောင်း ဗီဒီယိုဖိုင်တစ်ခုကို ဖော်ပြခဲ့ရာမှာ အစိုးရဟာ တော်တော်လေးဝေဖန်ခံခဲ့ရပါတယ်။ နိုင်ငံရဲ့ ကမ်းခြေမှာ ရေကူးနေကြပြီး ရေကူးသူတွေဟာ ပင်လယ်ထဲကို ခုန်ချနေတဲ့ မြင်ကွင်းကို ဗီဒီယိုဖိုင်ထဲမှာ ရိုက်ကူးပြသထားပါတယ်။ ဒီဗီဒီယိုဟာ မကြာသေးမီနှစ်များအတွင်းက ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်ဖို့အတွက် အာဏာပိုင်တွေက အားထုတ်လုပ်ဆောင်ခဲ့တဲ့ အရာတွေထဲက တစ်ခုဖြစ်ပါတယ်။

ဒါပေမယ့် ၂၀၁၆ ခုနှစ် နွေရာသီမှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ဒီဗီဒီယိုဟာ အဲဒီအချိန်မှာ တပ်မတော်က အလက်ပိုမြို့ကို ပြန်လည်ရရှိရေးအတွက် တိုက်ပွဲတွေ ဆင်နွှဲနေဆဲအချိန်ဖြစ်တာကြောင့် အချိန်ကာလအားဖြင့် သင့်တော်ညီညွတ်မှုမရှိဘဲ နိုင်ငံတစ်လွှားမှာ ဖြစ်ပွားနေတဲ့ သွေးထွက် သံယိုမှုတွေကို လျစ်လျူရှုထားသလိုပုံစံမျိုး ဖြစ်သွားခဲ့ပါတယ်။

သမ္မတ ဘတ်ရှာအယ်လ်အာဆတ်လက်ထက် ပြီးခဲ့တဲ့တစ်နှစ်ကျော်အကြာကတည်းက ရုရှားလေကြောင်းတိုက်ခိုက်မှုတွေနဲ့ ပိုက်ဗုံးတွေကြောင့် သူပုန်တွေထိန်းချုပ်ခဲ့တဲ့ အလက်ပိုအရှေ့ပိုင်းဟာ တဒုန်းဒုန်းပစ်ခတ်ထိခိုက်မှုတွေကြောင့် ပြားပြားဝပ်ခဲ့ရပါတယ်။ အဆောက်အအုံတွေ ပြိုလဲခဲ့ပြီး လွတ်မြောက်လာသူတွေ အကြမ်းဖက်ခံခဲ့ရကာ ဆာလောင်မွတ်သိပ်စွာနဲ့ စိတ်ဓာတ်တွေ ကျဆင်းခဲ့ရသလို အဆောက်အအုံအပျက်အစီးပုံတွေပေါ်မှာ လူသေအလောင်းတွေ ပေါ်ထွက်လာခဲ့တယ်။ မိသားစုဝင်တွေဟာလည်း သူတို့ရဲ့ ချစ်မြတ်နိုးသူတွေကို ရှာဖွေ ခဲ့ကြတယ်။

**ပြန်လည်ထိန်းချုပ်မှုရရှိလာ**

အခုအခါမှာတော့ အကြီးအကျယ်ပျက်စီးခဲ့ပြီးနောက် မြို့ဟာ ပြန်လည်ထိန်းချုပ်မှု ရရှိလာခဲ့ပါပြီ။ ဒီတစ်ပတ်မှာ ဆီးရီးယားအစိုးရဟာ မက်ဒရစ်မှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာခရီးသွားလုပ်ငန်းမျှတရေး အစည်းအဝေးမှာ အလက်ပိုကို ဆီးရီးယားမှာရှိတဲ့ အခြားသော စိတ်ဝင်စားဖွယ်နေရာတွေနဲ့အတူ ကြော်ငြာခဲ့ပြီး နိုင်ငံရဲ့ ဆွဲဆောင်မှုရှိတဲ့ နေရာတွေကို ကမ္ဘာကသိအောင် မြှင့်တင်ခဲ့ပါတယ်။ ဒါဟာ ၂၀၁၁ ခုနှစ်ကတည်းက ဆီးရီးယားနိုင်ငံက ကုန်သွယ်ရေးပြပွဲတစ်ခုကို စစ်ပွဲကနေ မလွတ်မြောက်မီ ပထမဆုံးတက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

ယဉ်ကျေးမှုအမွေအနှစ်နေရာဖြစ်ပြီး ကမ္ဘာ့သက်တမ်းအကြာဆုံးနေရာများအနက် တစ်ခုဖြစ်တဲ့ သမိုင်းဝင်ခရစ်ယာန်မြို့ Maaloula ဟာ Aramaic ဘာသာစကားကို အခုထိ ပြောဆိုသုံးစွဲနေဆဲဖြစ်ပြီး ခရီးသွားဧည့်သည်တွေအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်နေဆဲပဲလို့ ဘာဆစ်က အခိုင်အမာပြောဆိုခဲ့ပါတယ်။

ဒမတ်စကတ်၊ တာတပ်စ်၊ လာတာကီရာနဲ့ လက်ဘနွန်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ သမိုင်းဝင် ခရူဆိတ်ဒါရဲတိုက်ဖြစ်တဲ့ Krak des Chevaliers တို့ဟာ ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် ထိခိုက်ပျက်စီးခဲ့ရပေမယ့် ဒါတွေဟာလည်း ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားတဲ့ နေရာတွေဖြစ်နိုင်တယ်လို့ ၎င်းက ပြောပါတယ်။

၂၀၁၇ ခုနှစ်မှာ တပ်မတော်ဟာ နိုင်ငံရဲ့နေရာအစိတ်အပိုင်းတော်တော်များများကို ထိန်းချုပ်ရယူနိုင်ခဲ့ပြီး ဒီလိုအောင်နိုင်ခဲ့ခြင်းက ဆီးရီးယားရဲ့ ပြည်တွင်းနဲ့ ပြည်ပခရီးသွားဧည့်သည်တွေကို တစ်ဖန်ပြန်ပြီး ဆွဲဆောင်နိုင်စေဖို့အတွက် ကြီးမားတဲ့ အကူအညီတစ်ခုကို ရရှိလိုက်ခြင်းပဲဖြစ်တယ်လို့ ဘာဆစ်က ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **“ဒမတ်စကတ်၊ တာတပ်စ်၊ လာတာကီရာနဲ့ လက်ဘနွန်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ သမိုင်းဝင် ခရူဆိတ်ဒါရဲတိုက်ဖြစ်တဲ့ Krak des Chevaliers တို့ဟာ ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် ထိခိုက်ပျက်စီးခဲ့ရပေမယ့် ဒါတွေဟာလည်း ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားတဲ့ နေရာတွေဖြစ်နိုင်”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) ပုဒ်မခွဲ (ခ)အရ ပြုမူဆောင်ရွက်မှုများကို တားမြစ်ရန် အပြည့်အဝဖြင့်သော်လည်းကောင်း၊ ခြွင်းချက်ဖြင့်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)အရ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားမှုကို တရားရုံးသို့ တင်ပြရာတွင် တရားရုံးက ဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါက လျှောက်ထားမှုကို ဆုံးဖြတ်ခြင်းမပြုမီ တရားရုံးသည် လျှောက်ထားမှုကို ဆုံးဖြတ်ရန် အချိန်ရွှေ့ဆိုင်းကြောင်း ဖော်ပြပါရှိစေမည့် ကြားဖြတ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(င) ပုဒ်မခွဲ (က) အရ လျှောက်ထားတင်ပြလာသည့်အခါ တရားရုံးသည် လျှောက်ထားသူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မခွဲ (ဃ) အရ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့်စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများနှင့် စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း မရှိစေရ။

(စ) တရားရုံးသည် တစ်ဦးတစ်ယောက်၏ လျှောက်ထားမှုအပေါ် ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ ထိုသူကဖြစ်စေ၊ ချမှတ်သည့်အမိန့်နှင့် သက်ဆိုင်သည့်သူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပထမချမှတ်ထားသည့် အမိန့်ကိုပယ်ဖျက်သည့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်တစ်ရပ်အား ထပ်မံချမှတ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) အရ ချမှတ်သည့် အမိန့်တစ်ရပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလတစ်ရပ်အထိ သို့မဟုတ် ဤပုဒ်မအရ အခြားအမိန့်တစ်ရပ်ဖြင့် ထိုအမိန့်အားပယ်ဖျက်သည့် အချိန်ကာလအထိ အကျိုးသက်ရောက်ကြောင်း ဖော်ပြနိုင်သည်။

**တားမြစ်မိန့်များ ချမှတ်နိုင်သည့် အခွင့်အာဏာများ**

၄၄၅။ (က) တစ်ဦးတစ်ယောက်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် မှတ်ပုံတင်အရာရှိ သို့မဟုတ် ထိုအပြုအမူကြောင့် အကျိုးခံစားခွင့် ထိခိုက်နစ်နာသူ သို့မဟုတ် နစ်နာမည့်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ဖော်ပြပါပုဂ္ဂိုလ်က အဆိုပါအပြုအမူများကို ဆောင်ရွက်ခြင်းမှတားမြစ်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန်လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကို ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်စေနိုင်သည်-

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ကူညီခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ဖြစ်စေ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန် အားထုတ်ခြင်း၊

(၅) ဤဥပဒေကို တစ်ဦးတစ်ယောက်က ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကြောင်းတစ်ရပ်ရပ်ဖြင့် ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း၊

(ခ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကိုဆောင်ရွက်ရန် ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့် အခြေအနေရှိလျှင်ဖြစ်စေ၊ တရားရုံးသည်-

(၁) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ သို့မဟုတ်

(၂) အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းကြောင့် အကျိုးခံစားခွင့်များ ထိခိုက်နစ်နာသည့် သို့မဟုတ် ထိခိုက်နစ်နာမည့် ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားမှုအရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကိုဆောင်ရွက်စေရန် တားမြစ်အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ) တို့အရ တားမြစ်အမိန့်တစ်ရပ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားလာလျှင် တရားရုံးက ထိုသို့လျှောက်ထားမှုမှာ သင့်လျော်သည်ဟု ဆုံးဖြတ်ပါကအဆိုပါပုဒ်မခွဲပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ စစ်ဆေးဆောင်ရွက်နေသည့်ကိစ္စရပ်မှ အမှုသည်များ၏ သဘောတူဆန္ဒဖြင့် တားမြစ်အမိန့်တစ်ရပ်အားချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့အရ ချမှတ်ထားသည့် တားမြစ်အမိန့် တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိက ဤပုဒ်မအရ တားမြစ်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ တရားရုံးသည် လျှောက်ထားသူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့် စည်းကမ်းချက် တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း မရှိစေရ။

(စ) တစ်ဦးတစ်ယောက်ကို ဤပုဒ်မအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်ရာတွင် တရားရုံးသည် ထိုသူနှင့်စပ်လျဉ်း၍ ပုဒ်မ ၄၄၄ အရ အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မအရ တရားရုံးသည် တစ်ဦးတစ်ယောက်အား သီးခြားအပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊ သို့မဟုတ် သီးခြားပြုလုပ်မှုကိုဖြစ်စေ၊ ကိစ္စရပ်ကိုဖြစ်စေဆောင်ရွက်စေခြင်းတို့အတွက် တားမြစ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့် အခွင့်အာဏာရှိရာတရားရုံးသည် တားမြစ်အမိန့်ချမှတ်ရန်အတွက် ဖြည့်စွက်၍လည်းကောင်း၊ အစားထိုး၍လည်းကောင်း နစ်နာမှုများအတွက် ထိုသူက အခြားသူသို့ ငွေပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

**တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်ထားမှု မရှိခြင်း**

၄၄၆။ ဤအခန်းတွင်ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ဤအခန်းပါ အခွင့်အာဏာများအပြင် တရားရုံးကရရှိသည့် အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

**မှုခင်းများ စစ်ဆေးဆောင်ရွက်ရာတွင် စာရင်းစာအုပ်များကို အသုံးပြုခြင်းနှင့် စာရင်းစာအုပ်အမျိုးအစား**

**စာရင်းစာအုပ်များကို သက်သေခံအဖြစ် တင်ပြခွင့်ပြုခြင်း**

၄၄၇။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များတစ်ရပ်ရပ်အရ ကုမ္ပဏီက ထိန်းသိမ်းပြုစုထားရှိရသော စာရင်းစာအုပ်မှုရင်းတစ်ခုခုကို မည်သည့် မှုခင်းစစ်ဆေးဆောင်ရွက်ခြင်းတွင်မဆို သက်သေခံအဖြစ် တင်ပြခွင့်ရှိပြီး ယင်းစာရင်းစာအုပ်သည် ၎င်းတွင်ဖော်ပြထားသော သို့မဟုတ် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအတွက် မြင်သာသော အထောက်အထားရှိပြီးဖြစ်သည့် သက်သေခံချက်တစ်ရပ် ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရမည့် မူရင်းစာရင်းစာအုပ်အဖြစ် ပြုလုပ်ထားသော စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာမရှိခဲ့လျှင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ထိန်းသိမ်းထားသော စာရင်းစာအုပ်တစ်အုပ်ဖြစ်သည်။

**စာရင်းစာအုပ်အမျိုးအစားများနှင့် သက်သေခံအထောက်အထားတန်ဖိုး**

၄၄၈။ (က) ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် သို့မဟုတ် ပြုစုထားရှိရန်လိုအပ်သည့် စာရင်းစာအုပ်များကို အောက်ပါအတိုင်း ထိန်းသိမ်းထားရှိရမည် သို့မဟုတ် ပြုစုထားရှိရမည် -

(၁) ချုပ်ထားသောစာအုပ် သို့မဟုတ် ချုပ်၍မထားဘဲ စည်းနှောင်ထားသော စာအုပ်တွင် ရေးသွင်းမှုများပြုလုပ်ခြင်း သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိခြင်း သို့မဟုတ် သိမ်းဆည်းထားခြင်း သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ပြုစုထားခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိခဲ့လျှင် စာရင်းစာအုပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ပြုစုထားရှိခြင်းကို ခွင့်မပြုရ-

(၁) မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော ကိစ္စရပ်များသည် မည်သည့်အချိန်တွင်မဆို စာဖြင့်ရေးသားပြုစုထားသည့် ပုံစံအနေဖြင့် ပြန်လည်ရယူနိုင်သည့် အခြေအနေတွင်ရှိခြင်း သို့မဟုတ်

(၂) အဆိုပါ ကိစ္စရပ်များကို မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော စာဖြင့်ရေးသားပြုစုထားသည့်ပုံစံအနေဖြင့် ပြန်လည်ရယူထားခြင်း။

(ဂ) ကုမ္ပဏီတစ်ခုသည် ဤဥပဒေအရ ၎င်းအနေဖြင့် ထိန်းသိမ်းထားရှိရသော သို့မဟုတ် ပြုစုထားရှိရသော စာရင်းစာအုပ်တစ်ရပ်ရပ် သို့မဟုတ် စာရင်းစာအုပ်၏တစ်စိတ်တစ်ဒေသကို ထိခိုက်ပျက်စီးမှု၊ ဖျက်ဆီးမှု၊ သို့မဟုတ် အချက်အလက်များ မှားယွင်းစေရန် ပြင်ဆင်မှုများ မဖြစ်ပေါ်စေရန်အတွက်သော်လည်းကောင်း၊ ယင်းစာရင်းစာအုပ်ရှိ အချက်အလက် မှားယွင်းမှုများကို ဖော်ထုတ်ရန်အတွက်သော်လည်းကောင်း သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကြိုတင်ဆောင်ရွက်မှုများရှိခဲ့လျှင် အဆိုပါဆောင်ရွက်မှုများအပါ အဝင် ထိုက်သင့်သည့် ကြိုတင်ဆောင်ရွက်မှုများအားလုံးကို ပြုလုပ်ဆောင်ရွက်ထားရမည်။

(ဃ) ကုမ္ပဏီတစ်ခုသည် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့် ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့်အခါ သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ အဆိုပါအကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် အဆိုပါအကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မိတ္တူများကူးယူနိုင်စေရန် ဤဥပဒေအရဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်သည် စာဖြင့်ရေးသားထားသည့်ပုံစံဖြင့် ထားရှိသောအကြောင်းကိစ္စများကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် ထိုအကြောင်းကိစ္စတစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စာဖြင့်ရေးသားထားပြီး ရှင်းလင်းကောင်းမွန်သည့်ပုံစံဖြင့် ရယူထားရှိသော စာရွက်စာတမ်းကို ပြုစုပေးနိုင်စေရန်အတွက် ပြုလုပ်ပေးရမည့် တာဝန်တစ်ရပ်အဖြစ် အဓိပ္ပာယ်ကောက်ယူရမည်။

(င) ပုဒ်မခွဲ(ဃ) အရ ပြုစုထားရှိရမည့် စာရွက်စာတမ်းများတွင် ပါဝင်သော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီဖြစ်စေရန် မည်သို့ ပြင်ဆင်ပြုစုရမည်ဟူသော ညွှန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ထုတ်ပြန်နိုင်သည်။

(စ) အကယ်၍-

(၁) ဤဥပဒေပါပြဋ္ဌာန်းချက်များကြောင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရသည့် သို့မဟုတ် ပြုစုထားရှိရသည့် စာရင်းစာအုပ်သည်အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထားဖြစ်လျှင်၊ ၎င်းအပြင်

(၂) အဆိုပါ စာရင်းစာအုပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ၊အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိလျှင် သို့မဟုတ် မှတ်တမ်းတင်ထားရှိလျှင်။

ထိုသို့မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အကြောင်းကိစ္စများကို ထုတ်ယူရရှိသည့် စာဖြင့်ရေးသားထားသော စာရွက်စာတမ်းသည် အဆိုပါကိစ္စရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထားဖြစ်သည်။

(ဆ) စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် အကြောင်းကိစ္စတစ်ခုကို စာဖြင့် ရေးသားထုတ်ယူခြင်းသည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာမရှိလျှင် အဆိုပါအကြောင်းကိစ္စ၏ စာဖြင့်မှတ်တမ်းတင်ထားရှိသည့် အကြောင်းကိစ္စတစ်ရပ်ဖြစ်သည်ဟု သတ်မှတ်ရမည်။

**စာရွက်စာတမ်းများကို ပေးပို့ခြင်းနှင့် ၎င်းတို့သည် အစစ်အမှန်ဖြစ်ခြင်းအကြောင်း**

**ကုမ္ပဏီသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

၄၄၉။ စာရွက်စာတမ်းများကို ပေးပို့ဆောင်ရွက်ရမည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီတစ်ခုသို့ အောက်ပါအတိုင်း ပေးပို့ဆောင်ရွက်နိုင်သည်-

(က) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ ကိုယ်တိုင်ပေးပို့ခြင်း သို့မဟုတ် စာတိုက်မှ တစ်ဆင့်ပေးပို့ခြင်း သို့မဟုတ်

(ခ) ပုဒ်မ ၄၂၀ အရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားရှိရသည့် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့ခြင်း သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သောအဓိကနေရပ်ရှိ ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦးထံသို့ ပေးပို့ခြင်း သို့မဟုတ်

(ဃ) တရားစွဲဆို စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်တွင် စာပေးပို့ရန်အတွက် တရားရုံးက ညွှန်ကြားသည့် နည်းလမ်းများနှင့်အညီပေးပို့ခြင်း သို့မဟုတ်

(င) ကုမ္ပဏီနှင့်ပြုလုပ်ထားသောသဘောတူညီချက်တစ်ရပ်ရပ်နှင့်အညီပေးပို့ခြင်း။

**မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

၄၅၀။ စာရွက်စာတမ်းတစ်ခုခုကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ဆောင်ရွက်ရာတွင် ၎င်းထံသို့ စာတိုက်မှတစ်ဆင့်သော် လည်းကောင်း၊ ကိုယ်တိုင်ပေးပို့ခြင်းဖြင့်သော်လည်းကောင်း၊ ၎င်း၏ ရုံးခန်းသို့ ပေးပို့ခြင်းဖြင့် သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

**စာရွက်စာတမ်းများ အစစ်အမှန်ဖြစ်ခြင်း**

၄၅၁။ စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်သည် အစစ်အမှန်ဖြစ်သည်ဟု ကုမ္ပဏီကဖော်ပြနိုင်သည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၃၁ အရ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည့် ယူဆချက်များကိုဖြစ်စေ ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီက အစစ်အမှန်ဖြစ်သည်ဟု ဖော်ပြရန်လိုအပ်သော စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး၊ အတွင်းရေးမှူး သို့မဟုတ် အခြားသော အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိတို့က လက်မှတ်ရေးထိုးနိုင်သည်။ ဤကိစ္စတွင် ရုံးတံဆိပ်ခတ်နှိပ်ရန် လိုအပ်ခြင်းမရှိ။

**အခန်း (၃၀)**

**ပြစ်မှုများနှင့် ခုခံချေပခြင်းအကြောင်း သီးခြားပြစ်မှုများ**

**မှားယွင်းသည့် ရေးသားဖော်ပြချက်အတွက် ပြစ်ဒဏ်**

၄၅၂။ မည်သူမဆိုဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ ကိစ္စရပ်များအတွက် ပြုလုပ်ရန်လိုအပ်သည့်အစီရင်ခံစာ၊ အစီရင်ခံစာ၊ သက်သေခံလက်မှတ်၊ ငွေကြေးဆိုင်ရာ ရေးသားဖော်ပြချက် သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ရပ်ရပ်တွင် အရေးပါသောအချက်အလက်များနှင့် စပ်လျဉ်း၍ အဆိုပါအချက်အလက်များမှာ မှားယွင်းနေသည်ကို သိလျက်ဖြင့် မှားယွင်းဖော်ပြခြင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်းတို့ကို တမင်ပြုလုပ်ခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ် အဆိုပါစာရွက်စာတမ်းများမှ အကြောင်းအရာ တစ်ရပ်ရပ်ကို ချန်လှပ်ထားခြင်းသည် စာရွက်စာတမ်းကိုမှားယွင်းစေခြင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်းဖြစ်စေကြောင်း သိလျက်ဖြင့် ထိုသို့ချန်လှပ်ထားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့လျှင် ထိုသူသည် တည်ဆဲဥပဒေအရချမှတ်သည့် ပြစ်ဒဏ်ကို ကျခံရမည်။

**ပစ္စည်းများကို မှားယွင်း၍ နုတ်ပယ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်**

၄၅၃။ ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်အား လက်ဝယ်ရှိခွင့်ကို မှားယွင်းရရှိထားသော သို့မဟုတ် လက်ဝယ် ရရှိထားသည့် ထိုပစ္စည်းတစ်ရပ်ရပ်ကို မှားယွင်း၍ နုတ်ပယ်ခြင်း သို့မဟုတ် ဤဥပဒေ သို့မဟုတ် ကုမ္ပဏီ၏အခြေခံစည်းမျဉ်းပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ကြားထားသော သို့မဟုတ် ခွင့်ပြုထားသော ကိစ္စရပ်မဟုတ်သော အခြားကိစ္စရပ်များ အတွက် တမင်အသုံးပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြှီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက တင်ပြတိုင်တန်းခဲ့ပါက တည်ဆဲဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်ကိုကျခံရမည်။ ၎င်းအပြင် တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း မမှန်မကန်ရယူထားသော သို့မဟုတ် မှားယွင်း၍ နုတ်ပယ်ထားသော သို့မဟုတ် တမင်လွဲမှားစွာအသုံးပြုထားသော အဆိုပါပစ္စည်းများကို ပြန်လည်ပေးအပ်စေရန် သို့မဟုတ် ငွေကြေးပြန်လည်ပေးဆပ်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

**ဝန်ထမ်းများက အာမခံချက်များကို အလွဲအသုံးပြုခြင်းအတွက် ပြစ်ဒဏ်**

၄၅၄။ (က) ကုမ္ပဏီနှင့်ဆောင်ရွက်ထားသည့် တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များအရ ကုမ္ပဏီ၏ဝန်ထမ်းများက ကုမ္ပဏီတွင် အပ်နှံထားရှိသည့် ငွေကြေး သို့မဟုတ် အာမခံ ချက်များအားလုံးကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုတွင် ထိုကိစ္စအတွက် ကုမ္ပဏီက ဖွင့်လှစ်ထားသည့် သီးခြား ငွေစာရင်း၌ ကုမ္ပဏီက သိမ်းဆည်းထားရှိရမည် သို့မဟုတ် အပ်နှံထားရှိရမည်ဖြစ်ပြီး အဆိုပါငွေကြေး သို့မဟုတ် အာမခံချက်၏ မည်သည့်အစိတ်အပိုင်းကိုမျှ တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်တွင် သဘောတူညီထားသည့် ကိစ္စရပ်များအတွက်မှတစ်ပါး ကုမ္ပဏီက သုံးစွဲခြင်း မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ကုန်းဘောင်ခေတ် စတုရန်းပုံ မြို့တော်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**



မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်၌ ဘုရင်စနစ်ကို နောက်ဆုံးကျင့်သုံးခဲ့သည့် ကုန်းဘောင်ခေတ်တွင် မြန်မာဘုရင်များသည် ရွှေဘို၊ အင်းဝ၊ အမရပူရနှင့် မန္တလေး မြို့တော်များကို တည်ထောင်ခဲ့ကြရာ ရွှေဘို၊ အမရပူရနှင့် မန္တလေးတို့ကို လေးဘက်ညီ စတုရန်းပုံ တည်ဆောက်ခဲ့ကြသည်။ ကုန်းဘောင်ခေတ် မြို့တော်များ အနက် ရတနာပုံမန္တလေး နန်းမြို့ရိုးသည် ယနေ့တိုင် ထင်ရှားပြည့်စုံစွာ ကျန်ရှိနေပေသည်။

**မြန်မာ့ မြို့ဟောင်းများ**

ရှေးဟောင်းမြို့တော်များအား မြို့ရိုးတံတိုင်းများဖြင့် နယ်နိမိတ်သတ်မှတ်ထားသဖြင့် မြို့ရိုးများ၏ အတွင်းပိုင်းသည် မြို့ဧရိယာ ဖြစ်သည်။ မြို့ကိုပတ်ရံထားသည့် တံတိုင်းများကို မြေကြီး၊ သစ်၊ အုတ်၊ ကျောက်စသည်တို့ဖြင့် တည်ဆောက်ခဲ့ကြသောကြောင့် မြို့ရိုးဟောင်း၊ မြို့ရိုးပျက်များကို မြို့ဟောင်းများတည်ရှိခဲ့သည့် နေရာများတွင် မြင်တွေ့နိုင်ကြသည်။

ရှေးအခါက မြို့တည်ဆောက်ရာတွင် ကျုံးများကိုပါ ထည့်သွင်းပြုလုပ်လေ့ရှိခဲ့သဖြင့် မြို့ရိုးများ မရှိတော့သည့်တိုင် အချို့မြို့ဟောင်းများတွင် ကျုံးနှင့်ကျုံးရာများ ကျန်ရှိနေကြသည်။မြို့၏ အရံအတား ကျုံးများသည် ညွှန်ကျုံး၊ ရေကျုံးနှင့် အခြောက်ကျုံးဟူ၍ သုံးမျိုးရှိသည့်အနက် ညွှန်ကျုံးကို ရန်သူများမြို့တွင်းသို့ ဝင်လာပါက ညွှန်အတွင်းသို့ ကျွံကျ နစ်မြုပ်စေရန် ပြုလုပ်ခဲ့ကြသည်။ ညွှန်ကျုံးသည် နက်ရှိုင်း ကျယ်ပြန့်စွာ တူးဖော်ထားပြီး ရန်းကန်ထွက်ပြေးရန် မလွယ်ကူသည့် အတားအဆီးတစ်ခုဖြစ်သည်။ အခြောက်ကျုံးသည် မြို့တွင်းသို့ ရန်သူများ ဝင်ရောက်ကျူးကျော်မှုကို ဟန့်တားနိုင်ရန် သစ်ငုတ်၊ သစ်ချွန်း၊ ဆူးပြောင့်များကို ခလုတ် ချိုင့်ဝှမ်းများဖြင့် ပြုလုပ်ထားသည့် မြေပြင်ကျယ် ဖြစ်သည်။ ရေကျုံးသည် မြို့ရိုးပတ်လည်တွင် ကျယ်ဝန်းသော မြောင်းကြီးများတူးဖော်ကာ ရေများထည့်သွင်းထားသည့် အရံအတား ဖြစ်ပေသည်။

မြို့ရိုးများကို တံခါး၊ တံခါးပြ၊ တန်ဆောင်း၊ ပြာသာဒ်၊ ပြအိုး၊ ပစ္စင်၊ ရဲလောင်း၊ ရင်တား၊ သူရဲခို၊ မီးတားစသည့် အင်္ဂါ အစိတ်အပိုင်းများ ထည့်သွင်းတည်ဆောက်ခဲ့ကြသည်။

ယေဘုယျအားဖြင့် မြန်မာ့ရှေးဟောင်းမြို့များကို ပုံစံရှစ်မျိုးကို တွေ့ရှိနိုင်သည်။ သရေခေတ္တရာမြို့ဟောင်းနှင့် ပင်လယ် (မိုင်းမော) မြို့ဟောင်းတို့သည် အဝိုင်းပုံဖြစ်၍ ဟံသာဝတီ (ပဲခူး) မြို့ဟောင်း၊ ဟံသာဝတီ(တောင်ငူ) မြို့ဟောင်းနှင့် ပခန်းကြီးမြို့ဟောင်းတို့သည် ထောင့်မှန်စတုဂံပုံ တည်ရှိခဲ့သည်။ ကလေး၊ ပေါရိသတ်၊ ဝါဂရုနှင့် သရက်ခုံ(ရေဇင်း) မြို့ဟောင်းတို့သည် မှန်ကူကွက်ပုံရှိကြောင်း သစ်တောအရာရှိ ဦးအောင်မြင့်က ကောင်းကင်ဓာတ်ပုံများဖြင့် ဖော်ထုတ်ခဲ့သည်။

အင်းဝမြို့ဟောင်းသည် ထောင့်ချိုးအမျိုးမျိုးပါရှိသည့် မော်ယွန်းချိုးပုံစံဖြစ်ကာ ဟန်လင်း၊ ဗိဿနိုးနှင့် ဝေသာလီနှင့်ဓညဝတီတို့သည် လေးထောင့်မဟုတ်၊ အဝိုင်းမဟုတ်သည့် အကွေး အဝန်းပုံရှိကြသည်။ မြောက်ဦး မြို့ဟောင်းကိုမူ မည်သည့်ပုံဟု ပြောဆိုရန်ခက်ခဲသည်ဟု ဆိုကြသည်။

အနားလေးဘက်ညီ တည်ထားသည့် စတုရန်းပုံ မြို့ဟောင်းများသည် ရတနာပုံမန္တလေး၊ အမရပူရနှင့် ရတနာသိင်္ဃ ရွှေဘိုမြို့ဟောင်းတို့ ဖြစ်ကြပြီး ပုဂံမြို့ဟောင်းကိုလည်း စတုရန်းပုံဟု ဆိုကြသည်။

**ရတနာပုံ မန္တလေး မြို့ဟောင်း**

မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်(ခရစ်နှစ် ၁၈၅၉ ခုနှစ်)တွင် မင်းတုန်းမင်းကြီးတည်ထောင်ခဲ့သည့် ရတနာပုံ မန္တလေးမြို့သည် အနားတစ်ဖက်လျှင် ပျမ်းမျှ တာ ၆၀၀ စီရှိသည်။ မြို့ကို ပတ်ထားသည့် နန်းမြို့ရိုးသည် တံခါး၊ တံခါးပြ၊ တန်ဆောင်း၊ ပြာသာဒ် စသည့် အင်္ဂါ ၁၂ ရပ်နှင့်အတူ ရှေးမူလက်ရာမပျက် ပြည့်စုံစွာ ကျန်ရှိနေသည်။

အမရပူရတွင် နန်းစိုက်ခဲ့သည့် မင်းတုန်းမင်း (ခရစ်နှစ် ၁၈၅၂-၁၈၇၈) သည် သာသနာတော်နှစ် ၂၄၀၀ (မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်၊ ခရစ်နှစ် ၁၈၅၆ ခုနှစ်) အထိမ်းအမှတ်အဖြစ် မြို့ရိုးတစ်ဖက်လျှင် တာ ၆၀၀ ရှိသည့် မန္တလေးမြို့ကို မြန်မာသက္ကရာဇ် ၁၂၁၅ ခုနှစ်၌ စတင်တည်ဆောက်ခဲ့သည်။ တစ်တာလျှင် ခုနစ်တောင်၊ သံတောင် တစ်တောင်လျှင် ၁၉ လက်မ နှုန်းဖြင့် တွက်ချက်လျှင် မြို့ရိုး လေးမျက်နှာအရှည်သည် ၅ ဒသမ ၀၃၇ မိုင် ရှိသဖြင့် တစ်တာ အကွာအဝေးသည် ၁၁ ဒသမ ၀၈၃ ပေ ဖြစ်သည်။

မန္တလေး နန်းမြို့ရိုးသည် မျက်မှောက်ခေတ် အတိုင်းအတာများအရ အရှေ့အနောက် တစ်မိုင် နှစ်ဖာလုံနှင့် တောင်မြောက် တစ်မိုင် နှစ်ဖာလုံ ၈၈ ကိုက်ရှိသဖြင့် စတုရန်းပုံ အတိအကျ မဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

မင်းတုန်းမင်းသည် ခရစ်နှစ် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (ခရစ်နှစ် ၁၈၅၉ ခုနှစ်၊ မေလ ၂၂ ရက်) တွင် မန္တလေး နန်းမြို့ရိုးကို အုတ်မြစ်ချခဲ့ကာ မြို့ကို ခိုင်ခံ့မြင့်မားသော အုတ်တံတိုင်းကာရံလျက် နက်ရှိုင်းသော ကျုံးဖြင့် ပတ်ရံခဲ့သည်။ အုတ်မြို့ရိုးသည် ထု ၁၀ ပေ ၆ လက်မ၊ အမြင့် ၂၈ ပေ ၆ လက်မ ဖြစ်ပြီး မြို့ရိုးပေါ်တွင် ပြအိုးများတင်ထားကာ တံခါးပေါက် ၁၂ ပေါက် ဖောက်လုပ်ခဲ့သည်။ နန်းမြို့၊ ကျုံး၊ မဟာလောကမာရဇိန်စေတီ၊ ပဋ္ဌာန်း မဟာရွှေသိမ်၊ အတုမရှိကျောင်း၊ သုဓမ္မာဇရပ်နှင့် ပိဋကတ်တိုက်ဟူသည့် မြို့တည် ခုနစ်ဌာနကိုလည်း တစ်ပြိုင်တည်း ပန္နက်တင်ခဲ့သည်။

မန္တလေး နန်းမြို့ရိုးတစ်ဖက်စီတွင် တံခါးပေါက်သုံးပေါက်စီရှိပြီး ခါတ်တံခါးတစ်ခုကို မိတ်တံခါး နှစ်ခုအကြားတွင် တည်ဆောက်ခဲ့သဖြင့် မြို့ရိုးတစ်လျှောက်၌ ခါတ်တံခါး လေးခုနှင့် မိတ်တံခါး ရှစ်ခုရှိသည်။ ဗေဒင်ယတြာများ အလိုအရ ကောင်းကျိုးချမ်းသာ ရရှိစေရန် မြို့တံခါးများကို မိတ်ဖက်၊ ခါတ်ဖက် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ တံခါးပေါက်များကို မြို့ရိုးအရှေ့မျက်နှာတွင် လွန်ကဲ၊ ဦးထိပ်၊ သောင်းညွှတ်ဟု လည်းကောင်း၊ တောင်မျက်နှာတွင် ကျွန်းလုံးယူ၊ ကျော်မိုး၊ ရန်နည်းဟုလည်းကောင်း အနောက်မျက်နှာတွင် ကြေးမုံ၊ စည်ရှင်၊ ထင်ရှားဟုလည်းကောင်း၊ မြောက်မျက်နှာတွင် စည်သာ၊ လေးသိန်း၊ မန်းဦးဟု လည်းကောင်း အမည်များ ပေးခဲ့သည်။

မန္တလေး မြို့ရိုးတစ်လျှောက် တံခါး ၁၂ ပေါက်၊ ထောင့်ပြကြီး လေးခုနှင့် ပြငယ် ၃၂ ခု ပေါ်တွင် ပြာသာဒ်ဆောင် ၄၈ ဆောင် ရှိသည်။ ခါတ်တံခါး လေးခုပေါ်ရှိ ပြာသာဒ် များသည် ဘုံ ခုနစ်ဆင့်၊ မိတ်တံခါး ရှစ်ခုပေါ်ရှိ ပြာသာဒ်များသည် ဘုံငါးဆင့်၊ ပြ ၄၈ ခုပေါ်ရှိ ပြာသာဒ်များသည် ဘုံငါးဆင့်စီရှိကြသည်။ ပြာသာဒ်များကို သစ်စေးသရိုးကိုင်ပြီး ဟင်္သပဒါး ရွှေချခဲ့သည်။

မြို့ရိုးပတ်လည်တွင် တာ ၂၀ မြေလွတ်ချန်ပြီး တာ ၂၀ ကျယ်၍ အနက် ၁၅ တောင်ရှိသည့် ကျုံးကိုတူးဖော်ခဲ့သည်။ မျက်မှောက်ခေတ် အတိုင်းအတာများအရ မန္တလေးကျုံးသည် ပေ ၂၁၀ ကျယ်၍ ၂၂ ပေ ၆ လက်မ နက်သည်။ ကျုံးအတွင်းသို့ ရတနာနဒီမြောင်းမှ ရေများသွယ်ယူထည့်သွင်းခဲ့သည်။ ခရစ်နှစ် ၁၈၆၂ ခုနှစ်၊ မတ်လတွင် မြို့တော်ခုနစ်ဌာနလုံး တည်ဆောက်မှု ပြီးစီးခဲ့သဖြင့် မင်းတုန်းမင်းသည် မြို့သိမ်းမင်္ဂလာအခမ်းအနားအဖြစ် ကျုံးအတွင်း၌ ရွှေလောင်းရွှေလှေများခြံရံထားသော ပြည်ကြီးမွန်ဖောင်တော်ကိုစီးလျက် မန္တလေးနန်းတော်အား လက်ယာရစ် ပတ်ခဲ့သည်။

မန္တလေးနန်းမြို့ရိုး မျက်နှာစာတစ်ဖက်စီတွင်ရှိသည့် အလယ်တံခါးမကြီးများရှေ့တွင် ကျုံးကူးတံတား တစ်ခုစီနှင့် ကြေးမုံ တံခါးရှေ့တွင် တံတား တစ်ခုကို ပြုလုပ်ထားသဖြင့် ကျုံးကူး တံတားပေါင်း ငါးစင်းခန့်ရှိသည်။ ကြေးမုံ တံတားခေါ် အာဠဝီတံတားကို နန်းမြို့တွင်းမှ လူသေများကို မြို့ပြင်ထုတ်ရန် အသုံးပြုခဲ့သည်။

**အမရပူရ မြို့ဟောင်း**

စတုရန်းပုံ မြို့တစ်မြို့ဖြစ်သည့် အမရပူရကို ကုန်းဘောင်ဆက်၏ ဆဋ္ဌမမြောက်ဘုရင် ဗဒုံမင်း (ခရစ်နှစ် ၁၇၈၂-၁၈၁၉)က မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (ခရစ်နှစ် ၁၇၈၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ အင်္ဂါနေ့တွင် စတင်တည်ထောင်ခဲ့သည်။ ဗဒုံမင်းသည် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ရွှေ ဂူတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော် ဟူသည့် ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ခဲ့သည်။

အမရပူရ မြို့တော်ပတ်လည်သည် တာ ၂၀၀၀ ရှိသဖြင့် မန္တလေးမြို့အောက် သေးငယ်သည်။ မြို့ဝန်းတစ်လျှောက်တစ်တာတွင် သူရဲခိုနှစ်ခုစီ ပြုလုပ်ခဲ့သဖြင့် အမရပူရမြို့ရိုးတွင် သူရဲခို ၄၀၀၀ ရှိခဲ့သည်။ မြို့ရိုးသည် ၁၈ တောင် နှစ် မိုက် ၂၈ ပေ မြင့်၍ အုတ် သုံးကုဋေ အသုံးပြု၍ တည်ဆောက်ခဲ့သည်။ အမရပူရ မြို့အတွင်းရှိ နန်းတော် အဝန်းအဝိုင်းသည် အရှေ့အနောက် ၁၃၇ တာ၊ တောင်မြောက် တာ ၁၂၀ ရှိခဲ့သည်။ မြို့တော်ထောင့် လေးထောင့်တွင် ပြကြီး လေးခုရှိပြီး မြို့ရိုးတစ်မျက်နှာတွင် ပြငယ် ရှစ်ခုစီ ပြုလုပ်ခဲ့သည်။ အမရပူရမြို့ ပတ်လည်တွင် အနံ ၁၀ တာ၊ အနက် ၁၀ တာရှိသည့် ရေကျုံးကို တူးဖော်ခဲ့သည်။ အမရပူရမြို့ကို တည်ခဲ့သည့်နန်းတွင်း အဆောက်အအုံများအကြောင်းကို ရွှေဘုံနိဒါန်းတွင် ဖတ်ရှုနိုင်ကြပေသည်။

မြို့တံခါးများအဖြစ် အရှေ့ဘက်တွင် လေးကျွန်း၊ ဦးနိုမ်နှင့်သိမ်းစည်းတံခါး၊ တောင်ဘက်တွင် ကျွန်းလုံးဝင်၊ ကုန်းမော်နှင့် နန္ဒမူတံခါး၊ အနောက်ဘက်တွင် အာဠဝီ၊ စက်ရှင်နှင့်ရန်နှင်တံခါး၊ မြောက်ဘက်တွင် ရန်မျိုးအောင်၊ လေးသိန်းနှင့်မုခ်ဦးတံခါးတို့ကို ဖောက်လုပ်ခဲ့ရာ စုစုပေါင်း ၁၂ ပေါက်ရှိခဲ့သည်။ မြို့ဝင်ပေါက် အလယ်တံခါးများသည် ခါတ်တံခါးများဖြစ်ကြသည်။ မြို့တံခါးတစ်ခုစီတွင် ကြာငုံအထွတ် ပါရှိသည့် မော်ကွန်းတိုင် တစ်တိုင်စီ စိုက်ထူခဲ့ပြီး အလျားတစ်တောင် လေးသစ်၊ အနံနှစ်မိုက် လေးသစ်ရှိသည့်ပျဉ်ချပ်ပေါ်တွင် တံခါးအမည်များကို ထွင်း၍ သစ်စေးအနီရောင်သုတ်ကာ ရွှေချထားသည်။ တံခါးတိုင်း၌ “သက္ကရာဇ် ၁၁၄၄ နယုန် လပြည့်ကျော် ၂ ရက်၊ ၃ နေ့ မြို့တော်အမည် အမရပူရ မြို့တော်ကြီး” ဟူသည့် မော်ကွန်းတိုင် စာသားနှင့် မြို့တံခါးအမည်တစ်ခုစီကို ရေးထွင်းခဲ့သည်။

အမရပူရ မြို့ကို တည်ထားပြီးနောက် ဗဒုံမင်းသည် မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ် နယုန်လဆန်း ၁၂ရက် (ခရစ်နှစ် ၁၇၈၃ ခုနှစ်၊ မေလ ၁၂ရက်)တနင်္လာနေ့တွင် ရတနာပူရ အဝမှ အမရပူရသို့ပြောင်းရွှေ့ခဲ့ကာ မြို့တော်အနောက်ဘက်ရှိ စက်ရှင် ခါတ်တံခါးအပြင်တွင် တည်ဆောက်ထားသည့် မင်္ဂလာတဲနန်း၌ စံတော်မူခဲ့သည်။ ထို့နောက် နယုန်လဆုတ် ၁ ရက်နေ့တွင် အမရပူရမြို့ ကို ဝါတော်ဖြင့် လက်ယာရစ်လှည့်ကာ နန်းမြို့အတွင်းရှိ ကွန်ထောက်နန်းတွင် စံမြန်းခဲ့ပြီးနောက် တစ်ရက်တွင် ရွှေနန်းတော်ကို လက်ယာရစ်ပတ်၍ နန်းသိမ်းတော်မူခဲ့သည်။

**ရတနာသိင်္ဃ ရွှေဘိုမြို့ဟောင်း**

ရွှေဘိုမြို့သည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင် တည်ရှိကာ ဧရိယာ ၅၇၁၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ ရတနာ သိင်္ဃ၏ နယ်နိမိတ်ကို ဇမ္ဗူ့ဒီပ ဦးဆောင်းကျမ်းတွင် “အရှေ့ကိုလားသော် စည်လု အင်ပင်မြစ်ညာ၊ တောင်ကို လားသော် မလ္လာ ဂီရိ၊ အနောက်ကို လားသော် ဇေတဝန်ကျောင်းကြီး၊ မြောက်ကို လားသော် အက္ကပတ် ဌာနေ” ဟု ဖော်ပြသည်။

မြန်မာ့သမိုင်းတွင် ကုန်းဘောင်ဆက်ကို ထူထောင်ခဲ့သည့် အလောင်းမင်းတရားဦးအောင်ဇေယျသည် ရွှေဘိုမြို့ကိုမတည်မီ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြားရှိ တမ္ပဒီပတွင် အခြေချခဲ့သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ နယ်မြေသည် တာ ၄၇၀ မျှသာ ရှိသော မုဆိုးဘိုရွာရှိ ထန်းလုံးတပ်သာ ဖြစ်သည့်အတွက် အခြားတစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့ စေလွှတ်အပ်သော သံတမန်တို့လာလျှင် ပျူငှာသော လောကဝတ်ပြုနိုင်ရန် နောင်အခါတွင် ရွှေဘိုဖြစ်လာမည့် နန်းမြို့ကို ခရစ်နှစ် ၁၇၅၃ ခုနှစ် ဇွန်လ ၂၀ ရက်တွင် စတင် ထူထောင်ခဲ့ရာ ကုန်းဘောင်၊ ရန်ကြီးအောင်၊ ရတနာသိင်္ဃ၊ မုဆိုးဘိုနှင့် ရွှေဘိုဟု အမည်ငါးမျိုး တွင်ခဲ့သည်။

အလောင်းမင်းတရားသည် မြို့တော်၊ကျုံး၊ နန်းတော်၊ ရွှေချက်သိုစေတီ၊ပဟိုရ်စင်၊ နတ်ကွန်းတော်နှင့် ကန်တော်ဟူသော ခုနစ်ဌာနကို တစ်ပြိုင်တည်း ပန္နက်ချကာ ရွှေဘိုမြို့ကို တည်ခဲ့သည်။ မူလမြို့တော် အကျယ်သည် တာ ၂၀၀၀ ဖြစ်၍ မြို့တော် အရှေ့မျက်နှာတွင် ဣန္ဒာ၊ ဆင်ဖြူနှင့် သူဇာ တံခါးသုံးပေါက်၊ အနောက်မျက်နှာတွင် ဇေယျာ၊ ကရဝိက်နှင့် ရန်ကြီးအောင် တံခါးသုံးပေါက်၊ တောင်မျက်နှာတွင် ကုန်းဘောင်နှင့် ရန်မျိုးနှိမ် တံခါးနှစ်ပေါက်၊ မြောက်မျက်နှာတွင် လိုင်သာနှင့် မုယာတံခါး နှစ်ပေါက်တို့ကို ပြုလုပ်ခဲ့သဖြင့် စုစုပေါင်း တံခါး ၁၀ ပေါက်ရှိခဲ့သည်။

အလောင်းမင်းတရားသည် မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၃ ရက် (ခရစ်နှစ် ၁၇၅၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်) တွင် မူလတည်ခဲ့သည့် ရွှေဘိုကို တံခါးပေါက် ၄၀ ပါသော မြို့ကြီးအဖြစ် တိုးချဲ့တည်ထောင်ခဲ့ရာ ကုန်းဘောင်ခေတ် စတုရန်းပုံ မြို့များတွင် အကြီးဆုံးဖြစ်ခဲ့သည်။

ရွှေဘိုမြို့ဝန်း အတိုင်းအတာသည် အမျိုးမျိုးကွဲပြားနေသဖြင့် ဗဒုံမင်းအမိန့်အရ မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် စာရေးကြီး ကျော်ထင်နန္ဒမိတ်သည် အလုံမြို့ဝန် သီရိဓမ္မာသောက၊ ရတနာသိင်္ဃမြို့ဝန် ဇေယျသင်္ခ၊ မြို့သူကြီး ဇေယျမဟာပိုလ်၊ မြို့စာရေး ငကောင်း၊ ငဝန်၊ စက်ဘောသစ်တို့ အစုံအညီဖြင့် တိုင်းတာခဲ့သည်။ ယင်းအဖွဲ့၏ တိုင်းတာချက်အရ ရွှေဘိုမြို့သည် အရပ်တစ်မျက်နှာလျှင် ၁၀၀၁ တာရှိပြီး မြို့လေးမျက်နှာ တာဝန်း ၄၀၀၄ အတိအကျရှိကြောင်း တွေ့ရှိခဲ့သည်။ မြို့ရိုးတစ်ဖက်စီတွင် တန်ဆောင်းကြီး တစ်ခု၊တံခါးပေါင်း ၁၀ ခု၊ ပြတင်းပေါင်း ၂၂ ခုစီ ပြုလုပ်ထားသည်။ တံခါးတစ်ပေါက်စီသည် ၁၂ တောင် ကျယ်ဝန်းလျက် ကျောက်များစီချထားသဖြင့် ကျောက်တံခါးများဟု ခေါ်တွင်ခဲ့သည်။

ရွှေဘိုမြို့ဟောင်းတွင် မြေသားမြို့ရိုးနှင့် အတွင်းအုတ်မြို့ရိုးဟူ၍ မြို့ရိုး နှစ်ထပ်ရှိသည်။ ခေတ်မီစနစ်များဖြင့် တိုင်းထွာ ရေးဆွဲထားသည့် မြေပုံများအရ မြောက်ဘက်မြို့ရိုးသည် အရှေ့မြောက်ထောင့်တွင် တောင်ဘက်သို့ လေးဒီဂရီနှင့် တောင်ဘက်မြို့ရိုးသည် အနောက်ထောင့်တွင် လေးဒီဂရီ တိမ်းစောင်းနေသည်။ အရှေ့အနောက် မြို့ရိုးများသည်လည်း တောင်မြောက် တန်းမနေဘဲ အရှေ့မြို့ရိုးသည် မြောက်ဘက်တွင် အနောက်သို့၊ အနောက် မြို့ရိုးသည် တောင်ဘက်တွင် အရှေ့သို့ နှစ်ဒီဂရီစီ စောင်းနေကြသည်။

အတွင်းအုတ်မြို့ရိုးသည် စတုဂံပုံဖြစ်ပြီး လေးဘက်ပတ်လည် ၁၅၉၆ တာရှိကာ အရှေ့အနောက် (အနံ) ၃၅၂ တာနှင့် တောင်မြောက် (အလျား) ၄၄၆ တာရှိသည်။ အလျားဘက်တွင် တံခါးပေါက် သုံးပေါက်စီနှင့် အနံဘက်တွင် တံခါးပေါက် နှစ်ပေါက်စီ ပြုလုပ်ထားသဖြင့် စုစုပေါင်း တံခါး ၁၀ ပေါက်ရှိသည်။ အုတ်မြို့ရိုးသည် အခြေတွင် တစ်တာခန့်ထူ၍ မြို့ရိုးအမြင့်သည် ၁၂ တောင် ဖြစ်ကာ မြို့ရိုးတစ်လျှောက် ပြအိုး ၂၈ ခု ရှိသည်။ မြို့ရိုးအောက်ခြေမှ ၁၀ ပေ အကွာတွင် မြို့ရိုးပတ်လည်တစ်လျှောက်တာ ၂၀ ကျယ်၍ အတောင် ၂၀ နက်သည့် ကျုံးကို တူးဖော်ခဲ့သည်။

မြေမြို့ရိုးနှင့် အုတ်မြို့ရိုး နှစ်ထပ်အတွင်း၌ အလျား တာ ၁၀၀၊ အနံ ၆၄ တာရှိသည့် နန်းမြို့ကို ထု တစ်တာ၊ အမြင့် ခုနစ် တောင်ရှိသည့် မြို့ရိုးဖြင့် ကာရံထားသည်။ ယင်း အဝန်းအဝိုင်းအတွင်း၌ အရှေ့ဘက်မှ ၃၄ တာ အကွာတွင် ထု ငါးတောင်၊ အမြင့် ငါးတောင်ရှိသော အုတ်ရိုးတစ်ခုကို ထပ်မံကာရံထားပြီး အလယ်တွင် ဗဟိုဝင်ပေါက်တစ်ခု ပြုလုပ်ထားသည်။ ထိုနေရာမှ ၁၅ တာ အကွာတွင် ထု လေးတောင်၊ အမြင့် လေးတောင်ရှိသော အုတ်ရိုးကို ထပ်မံကာရံထားပြီး ယင်းအုတ်ရိုး၏အတွင်းပိုင်းတွင် နန်းဆောင်များကို ဆောက်လုပ်ထားခဲ့သည်။

ကုန်းဘောင်ခေတ်၏ ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်းတွင် ဘုရင်သုံးပါး တည်ထောင်ခဲ့သည့် ကုန်းဘောင်မြို့တော် သုံးမြို့၏ မြို့ရိုး တံတိုင်းများအနက် ယခုအခါတွင် မန္တလေးမြို့ရိုး တစ်ခုတည်းသာ ထင်ရှားစွာ ကျန်ရှိနေပေသည်။ သမိုင်းဝင် မြို့တော်ဟောင်း ရတနာပုံ မန္တလေးရှိ နန်းမြို့ရိုးနှင့် ပြာသာဒ် ၄၈ ဆောင်အပါအဝင် ရှေးဟောင်းအဆောက်အအုံနှင့် နေရာတော်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ကုန်းဘောင်ခေတ်နှောင်း မြို့ပြတည်ထောင်မှု စနစ်ကို သုတေသီများ လေ့လာနိုင်ခဲ့ကြပေသည်။

ထို့အတူ ပြည်တွင်းပြည်ပ ခရီးသွားများသည် ကုန်းဘောင်မင်းဆက် နောက်ဆုံး မြို့တော် မန္တလေးနန်းမြို့နှင့်အတူ အမရပူရနှင့် ရွှေဘိုမြို့များသို့လည်း သွားရောက်လည်ပတ် လေ့လာလျက်ရှိနေကြရာ အားလုံးက သမိုင်းအမွေအနှစ် မြို့တော်ဟောင်းများ အရှည်တည်တံ့နေစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**

**(၂) ရွှေဘုံနိဒါန်း(ဇေယ သင်္ခယာ)**

**(၃) ရှေးဟောင်း မြန်မာ့ မြို့ရိုးစနစ်ပုံ (မောင်ယဉ်လှိုင်း၊ပျဉ်းမဖြိုင်)**

**(၄) မြန်မာ့ရက်စွဲသမိုင်း၊ကုန်းဘောင်ဆက် (ဦးတိက္ခဓမ္မာလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**

# သမဝါယမအသင်းများသို့ ချေးငွေများပေးအပ်

**ပုသိမ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နဝမအကြိမ် ချေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၁ ရက်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းခိုင်ဇော်က သမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှုနှင့် ချေးငွေလုပ်ငန်းများအကြောင်း၊ သမဝါယမ လုပ်ငန်းစဉ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ တိုင်းဒေသကြီးအသင်းစု ချုပ်ရုံးမှ အတွင်းရေးမှူး ဦးထွန်းဟန်က တိုင်းဒေသကြီးအသင်းစုချုပ်ရုံးနှင့် မြို့နယ် အသင်းရုံးများ ဆက်သွယ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပုသိမ်မြို့နယ် သမ ဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုးအောင်က လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် အသင်းသားများအား ရောင်းချပေးနေမှု လုပ်ငန်းစဉ်များကိုလည်း ကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၂၀၃ သင်းမှ အသင်းသား ၂၅၉၉၆ ဦးအတွက် အသေးစားအရင်းအနှီးချေးငွေ ကျပ် ၃၉၉၃ ဒသမ ၈၅၉ သန်း၊ လယ်ယာမြေအဆင့်မြှင့်တင်ရေးအတွက် ကျပ် ၂၇ ဒသမ ၁၈၇၅ သန်း၊ အရစ်ကျ ငွေ ချေစနစ်ဖြင့်ရောင်းချသော စက်ကိရိယာပစ္စည်းများအတွက် ကျပ် ၁၇၇ ဒသမ ၇၅၅၉ သန်း၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး သမဝါယမအသင်းအတွက် ကျပ် ၄၈ ဒသမ ၉ သန်းတို့ကို တာဝန်ရှိသူများက ထုတ်ပေးခဲ့သည်။ **မောင်မောင်မြင့်(မြန်/ဆက်)**

# တာချီလိတ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဇန်နဝါရီ ၂၀ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် တာလေမြို့နားဟိုင်းလုံချောင်းရှိ သတ္တုတူးဖော်ရေးလုပ်ငန်း များသို့ သွားရောက်စစ်ဆေးရာ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန် ထွန်းက လုပ်ငန်းနှင့်ပတ်သက်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့ နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းနှင့် တာဝန် ရှိသူများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ခရိုင်အတွင်း ကျန်းမာရေးကဏ္ဍဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံရှိ ကျောက်ကပ်ဆေးစက်၊ CT Scan ဓာတ်မှန်ရိုက်စက်နှင့် အောက်ဆီဂျင်ထုတ်လုပ်ရေး စက်များကို လိုက်လံကြည့်ရှုခဲ့ကြသည်။

**ဝေယံလင်း(မြန်/ဆက်)**

# အဖွဲ့ ၁၀၀၀ ကျော်ဖြင့် ဆင်ခြေထောက်ကာကွယ်ဆေးတိုက်မည်

**ကျုံပျော် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆင်ခြေထောက်ရောဂါ ကာကွယ် ရေးအတွက် ပြည်သူအားလုံးဆေးကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ရန် အသိပေး ဆွေးနွေးပွဲကို ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်အတွင်း၌ ဆေးတိုက်အဖွဲ့ပေါင်း ၁၀၀၀ ကျော်ဖြင့် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲ ထက်အောင်က ယခုအကြိမ်သည် ဆင်ခြေထောက်ရောဂါကာကွယ်ရေး ငါးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သဖြင့် လုပ်ငန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်က ဆင်ခြေထောက်ရောဂါအကြောင်း၊ ရောဂါ ကာကွယ်ဆေးတိုက်ကျွေးရန် အရေးကြီးပုံနှင့် မြို့နယ်အတွင်းရှိ လူဦးရေ နှစ်သိန်း ကျော်ကို ၉၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်ရန် ဆေးတိုက်အဖွဲ့ပေါင်း ၁၀၀၀ ကျော်ဖြင့် လိုက်လံ၍ ဆေးတိုက်ကျွေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင် ရွက်သွားမည်ဖြစ်ပြီး အသက် နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများအား ဆင်ခြေ ထောက်ရောဂါကာကွယ်ဆေးတစ်လုံးနှင့် သန်ချဆေး တစ်လုံး၊ ငါးနှစ်မှ ၁၅ နှစ်ကြား ကလေးများအား ဆင်ခြေထောက်ရောဂါကာကွယ်ဆေး နှစ်လုံးနှင့် သန်ချဆေး တစ်လုံး၊ အသက် ၁၅ နှစ်အထက်ကို ကာကွယ်ဆေး သုံးလုံးနှင့် သန်ချဆေးတစ်လုံးတို့ ကို တိုက်ကျွေးသွားမည်ဖြစ်ပြီး အသက်နှစ်နှစ်အောက် ကလေးများနှင့် အသက် ၇၀ အထက် လူကြီးများ၊ ကိုယ်ဝန်ဆောင်များနှင့် ရောဂါတစ်ခုခု ပြင်းထန်စွာ ခံစားနေရ သူများကို ဆေးတိုက်ကျွေးမည်မဟုတ်ကြောင်း မြို့နယ်ကျန်းမာရေးမှူး အဆင့် (၁) ဦးမြတ်မင်းထွေးသန်းထံမှ သိရသည်။ **နေဝင်းမြင့်(မြန်/ဆက်)**



# မြန်မာနိုင်ငံ၏ပထမဆုံး ရေချိုငါးမွေးမြူရေးနည်းပညာနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနဖွင့်

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သရက်ကုန်း ကျေးရွာရှိ ငါးလုပ်ငန်းဦးစီးစခန်း၌ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ ရေချိုငါးမွေးမြူ ရေး နည်းပညာဖွံ့ဖြိုးရေးစီမံကိန်း၏ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးဗဟိုဌာန လွှဲပြောင်းပေး အပ်ပွဲ အခမ်းအနားကို အဆိုပါစခန်းတွင် ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကိုရီးယား နိုင်ငံ National Institute of Fisheries Science မှ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကူအညီပေးခဲ့သဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ဆောင်ရွက် လျက်ရှိသည့် စီမံကိန်းအစီအစဉ်အရ ငါးလုပ်ငန်းဦးစီး ဌာနမှ အဖွဲ့ဝင် ၁၁ ဦးတို့ကို ကိုရီးယားနိုင်ငံသို့ လေ့လာ ရေးနှင့် ဆွေးနွေးပွဲတက်ရောက်ရန် စေလွှတ်ခဲ့ကြောင်း၊ အဆိုပါ ခရီးစဉ်တွင်လိုက်ပါခဲ့သည့် ဝန်ထမ်းများအား ယခုဖွင့်လှစ်သည့် ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနတွင် တာဝန်ပေးအပ်ထား ကြောင်း၊ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ ပညာပေးရေးဗဟိုဌာန တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးချိန်တွင် အဆင့်မြင့် ရေချိုငါးမွေးမြူရေးသင်တန်း ကို သင်တန်းသား ၃၅ ဦးကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လူသား အရင်းအမြစ်များ မွေးထုတ်ခြင်း ငါးမွေးတောင်သူများကို ဒေသနှင့်အသုံးတည့်သော နည်းပညာများဖြန့်ဝေနိုင် ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ဗဟိုဌာနမှ ငါးသားဖောက်ရုံ၊ ငါး စမ်းသပ်မွေးမြူကန်၊ ဓာတုဓာတ်ခွဲခန်း၊ ငါးရောဂါ ဓာတ် ခွဲခန်း၊ သင်တန်းပို့ချရန် အခင်းအကျင်းများရှိလာပြီဖြစ် သည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများအနေ ဖြင့် ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ ရေချိုငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရန် သင်တန်းများ က တိုးချဲ့ဖွင့်လှစ်ပြီး နည်းပညာဖြန့်ဖြူးရေးကို ကြိုးပမ်း အားထုတ်ရမည်ဖြစ်ကြောင်း၊ အောင်မြင်စွာ ဆက်လက် အကောင်အထည်ဖော်နိုင်ရေး၊ ကိုရီးယားနိုင်ငံမှ နည်း ပညာရှင်တစ်ဦး၏ အကူအညီကို ရယူပြီး တစ်နှစ်ကြာ နည်းပညာထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူး ပေါင်းဆောင်ရွက်ရေးအေဂျင်စီကို အထူးကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားသည်။



ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယခုတည်ဆောက်ပြီး ဖြစ်သည့် ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ ပညာပေးရေးဗဟိုဌာနသည် မြန်မာနိုင်ငံ၏ တစ်ခု တည်းသော ဗဟိုဌာနဖြစ်ကြောင်း သိရှိရပြီး မန္တလေး တိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သည့်အတွက် အထူးဝမ်းသာမိကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ဧရာဝတီမြစ်ကဲ့သို့ ရေချိုမြစ်ဖြတ်သန်းစီးဆင်းရာ ဒေသ ဖြစ်ပြီး အင်းအိုင်ချောင်းမြောင်းများ သဘာဝရေပြင်များ ရေလှောင်ဆည်တမန်ကြီးများတည်ရှိပြီး ရေချိုငါး ပေါများရာ ဒေသဖြစ်ကြောင်း၊ ယခင်က ရေချိုတိုင်းရင်း ငါးများ များစွာထွက်ရှိခဲ့သော်လည်း ရာသီဥတု ပြောင်းလဲမှု၊ လူသားများ၏ နည်းစနစ်မမှန်ကန်သည့် အသုံးပြုမှုများကြောင့် ငါးမျိုးများ ရှားပါးလာကြောင်း၊ ယခုတည်ဆောက်ပေးသည့် တိုးချဲ့ပညာပေးရေး ဗဟို ဌာနမှာ မြန်မာရေမြေသဘာဝနှင့် ကိုက်ညီပြီး နိုင်ငံ၏ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ယခုကဲ့သို့ ဌာနကြီး ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို လည်း ကောင်း၊ ကိုရီးယားနိုင်ငံသံရုံးနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ပြော ကြားသည်။

ယခုစီမံကိန်းအား KOICA မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၁ သန်းနှင့် ပြည်ထောင်စုရန်ပုံငွေမှ ကျပ် သိန်းနှစ်ထောင်ကျော်ဖြင့် တည်ဆောက်အကောင် အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

**အေးမြ(မန္တလေး)**

# မိုင်းခတ်မြို့၌ လားဟူရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းခတ် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် တွင် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က မိုင်းခတ်မြို့မ အားကစားကွင်း၌ ကျင်းပခဲ့သည်။

နှစ်သစ်ကူးပွဲတော်တွင် စစ်ဗျူဟာအဖွဲ့(အခြေချ) မိုင်းခတ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသူရိန်ထွန်းက နှစ် သစ်နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဦးဆန်နေက ဖတ်ကြားခဲ့ သည်။ ထို့နောက် ပွဲတော်သို့တက်ရောက်လာကြသည့် ဘိုးဘွား၊ မိဘများ၊ ဆရာသမားများနှင့် အကြီးအကဲများ အား ရိုသေလေးစားစွာ ဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ် အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာ ဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက် လာသည့် အကြီးအကဲများအား မိုင်းခတ်မြို့နယ် လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများက လားဟူတိုင်းရင်းသားရိုးရာ အမှတ် တရ နှစ်သစ်ကူးလက်ဆောင်များကို ပေးအပ်ကာ လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအကများ၊ တေး သရုပ်ဖော်အကများဖြင့် ဖျော်ဖြေခဲ့သည်။

လားဟူတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ရပ်နီးရပ်ဝေးမှ လားဟူတိုင်းရင်းသားများ ပြန်လည်ပေါင်းစည်းတွေ့ဆုံ ချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြားတိုင်းရင်းသား ညီ အစ်ကို မောင်နှမများနှင့် ရင်းနှီးကျွမ်းဝင်မှု ရရှိစေရန်၊ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ် ချက်များဖြင့် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ် ကူးပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး အဆိုပါပွဲတော်မှာ လားဟူတိုင်းရင်းသားများ ကျင်းပပြုလုပ်သည့် ပွဲလမ်း သဘင်များအနက် အစည်ကားဆုံးပွဲတော်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(မြန်/ဆက်)**



# ထန်းလျက်ဈေးကောင်း၍ ထန်းတောင်သူများ ကြိုတင်ပြင်ဆင်လျက်ရှိ

**ငါ့သရောက် ဇန်နဝါရီ ၂၂**

ပြီးခဲ့သည့်နှစ်တွင်း ထန်းလျက်ဈေးကောင်းခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ထန်းတောင်သူများအနေဖြင့် ယခုနှစ်တွင် ထန်းတက်လုပ်ငန်းများ အဆင်သင့် လုပ်ကိုင်နိုင်ရန်အတွက် ယခုအချိန် ကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြကြောင်း သိရသည်။

"မနှစ်ကထန်းလျက်ဈေးမျိုး မျှော်မှန်းပြီး ခုကတည်းက ပြင်ဆင်နေကြတာလေ၊ မနှစ်က ထန်းလျက်တစ်ပိဿာဈေးက ၁၅၀၀ ကျပ်အောက်မရောက်တော့ အရင် ရပ်နား ထားကြတဲ့ ထန်းတောင်သူတွေပါ ပြန်တက်ကြဖို့ ပြင်ဆင်နေကြတယ်၊ မနှစ်ကတော့ ထန်းရာသီသိမ်းဆည်းချိန်အထိ ထန်းလျက်ဈေးနှုန်းက ထန်းတောင်သူတွေအတွက် သင့်တော်တဲ့ဈေးနှုန်းဖြစ်နေတော့ ထန်းပြန်တက်ဖို့ဆွဲဆောင်နေတယ်"ဟု ဆင်သား မွေးကျေးရွာမှ ထန်းတောင်သူ ဦးမောင်လုက ပြောသည်။ ထန်းလျက်ဈေးကောင်းသဖြင့် ဝယ်/ရောင်းလုပ်ငန်းရှင်များကလည်း ထန်းလျက်ရသလောက်သိမ်းနိုင်ရန် တောင်သူ များအား ငွေကြိုပေးလျက်ရှိရာ ထိုအချက်ကလည်း ထန်းတောင်သူများအတွက် မက်မောစရာဖြစ်နေကြောင်း သိရသည်။

ထန်းတက်လုပ်သားအရေအတွက်နှင့် ထန်းလျက်ချက်သူ လျော့နည်းလာခဲ့သည်မှာ ကြာပြီဖြစ်သော ငါ့သရောက်မြို့နယ်အတွင်း ကျေးရွာများ၌ ယခုနှစ်တွင် ထန်းတက်သူ ပြန်လည်များပြားလာနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း အဆင်ပြေလာ နိုင်ကြောင်း ထန်းတက်လုပ်သားတစ်ဦး၏ဇနီး ထန်းလျက်ချက်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

ထန်းတက်ခြင်းနှင့် ထန်းလျက်ချက်ခြင်းလုပ်ငန်းသည် အိမ်ရှိလူကုန် အပင်ပန်းခံ၍ လုပ်ကိုင်ရသော အလုပ်တစ်ခုဖြစ်သော်လည်း ကိုယ့်အိမ်ကိုယ့်ယာနှင့် မကင်းမကွာ လုပ်ကိုင်နိုင်သောကြောင့် အညာဒေသ ကျေးလက်များမှ ထန်းလုပ်သားမိသားစုများ အနေဖြင့် မိရိုးဖလာအတိုင်း လုပ်ကိုင်လိုကြကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ခရီးသွားကားမောင်းအဖွဲ့ လင်းနို့ဂူသဘာဝထိန်းသိမ်းရေး နယ်မြေလေ့လာ



စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူသိနည်းပြီး စိတ်ဝင်စားစရာနေရာများကို ခရီးသွားပြည်သူများ လေ့လာရေးခရီးစဉ်အဖြစ် သဘာဝအတိုင်းရှိနေသည့် အလှအပများကို နိုင်ငံတကာခရီးသွားများ၊ ပြည်တွင်းခရီးသွားများ ပိုမိုသိရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် Jouney to the North West Rally Sagaing/MHTTR 2018 ကားမောင်းပွဲခရီးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဦးဆောင်၍ ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသို့ ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီ ခန့်က ရောက်ရှိလာရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများက ကြိုဆိုကြကြောင်း သိရသည်။

အဆိုပါ ကား ၂၂ စီးဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းရှင် ၅၀ ခန့်အား လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေ ပညာပေးပြခန်းတွင် လေ့လာရေးအဖွဲ့များကို တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရှင်းလင်းပြောကြားရာတွင် ကျွန်းသစ်လုံးကြီး၊ ကျွန်းမင်းတုပ်နှင့်ပတ်သက်၍ ကိုလိုနီခေတ် ၁၉၃၉ ခုနှစ်ခန့်က ခုတ်လှဲခဲ့ပြီး ဂျပန်များဆုတ်ခွာချိန် ၁၉၄၅ ခုနှစ်ခန့်တွင် ဟုမ္မလင်း မြို့နယ်အတွင်း ဒေသခံပြည်သူများက မြေအောက်သို့ နစ်မြှုပ်သိုဝှက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မေ ၂၆ ရက် လှစင်ကုန်းကျေးရွာအနောက်ဘက် လေးဖာလုံခန့်အကွာ ဦးကျော်ထွေး၏ လယ်ကွင်းအတွင်း မြေအောက်အနက် ၁၀ ပေခန့်မှ တူးဖော်ရရှိခဲ့ကြောင်း၊ ကိုလိုနီခေတ် သစ်ထုတ်လုပ်မှု တံဆိပ်အမှတ်အသားပါရှိကြောင်း၊ လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသည် ဧရိယာဧက ၁၀၇၉၀ ကျယ်ဝန်းကာ လင်းနို့မျိုးစိတ်များ၊ ဆင်၊ ချေ၊ ဆတ်၊ တောဝက်၊ ခွေးအ၊ ရှူးပျံ၊ မျောက်စပ်၊ ရှဉ့်နီ၊ ရှဉ့်ငပေါ၊ ရှဉ့်မွဲ၊ လင်းဝက်၊ တောကြောင်များ၊ တွားသွားသတ္တဝါများဖြစ်သည့် စပါးကြီးမြွေ၊ စပါးအုံးမြွေ၊ မြွေဟောက်၊ ငန်းစောင်း၊ မြွေစိမ်းနှင့် အခြားမြွေမျိုးစိတ်များ၊ ဖွတ်၊ လိပ်ဝါ၊ လိပ်ပုတ်၊ ကုန်းလိပ်၊ စင်းချောလိပ်၊ ပဒတ်များ၊ ငှက်များတွင် အောက်ချင်း၊ အောင်လောင်၊ သစ်တောက်ငှက်၊ လင်းယုန်၊ ကြက်တူရွေး၊ ဘုတ်၊ ဝါးယောင်းငှက်၊ သိန်းငှက်၊ စွန်၊ သပိတ်လွယ်၊ ငှက်ခါး၊ တောကြက်နှင့် ဗျိုင်းအမျိုးမျိုး၊ အင်းဆက်မျိုးစိတ်များတွင် လိပ်ပြာ၊ ပျား၊ ပင့်ကူ၊ အခြားအင်းဆက်များစွာ နေထိုင်ကျက်စားမှုရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမျိုးသူဝင်းက တောအမျိုးအစားအနေဖြင့် အထက်ရွက်ပြတ်ရောနှောတောနှင့် အင်တိုင်းတောများဖြစ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ အင်ကြင်း၊ သစ်ယာ၊ ထောက်ကြံ့၊ ယမနေ၊ သင်းဝင်၊ သပြေ၊ သဒီ၊ တောသရက်၊ တည်၊ ယင်းမာ၊ မအူ၊ နှော၊ သစ်ဆိမ့်၊ နဘဲ၊ ခူသံ၊ ဘက်ပံ၊ ကုတ်ဟဲ၊ ချဉ်ယုတ်၊ သံသော၊ ဘန့်ဘွေး၊ ကျွန်းခေါက်နွယ်၊ ငုစပ်၊ ဂုန်း၊ သစ်စေး၊ သစ်ဖြူ၊ သစ်ပုတ်၊ နီပစေး၊ မွန်နီ၊ သန်း၊ ဝါးမျိုးများတွင် ကြသောင်းဝါး၊ တင်းဝါး၊ သိုက်ဝါး၊ မျှင်ဝါးများ ပေါက်ရောက်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာတက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါက်တာဒေါ်အေးအေးနွယ်က လင်းနို့ဂူ၏ ဘူမိရုပ ထူးခြားချက်များနှင့်ပတ်သက်၍ သဘာဝထုံးကျောက် လိုဏ်ဂူများ၊ ကျောက်ဖျာများဖြင့်ဖွဲ့စည်းတည်ရှိပြီး လိုဏ်ဂူများတွင် လင်းနို့ကောင်ရေသန်းချီနေထိုင်ကြောင်း၊ လင်းနို့ကောင်ရေ သန်းချီနေထိုင်သော ထုံးကျောက်ဂူများအတွင်းမှ လင်းနို့များ အစာရှာချိန် အုပ်စုဖွဲ့ ပျံသန်းထွက်ခွာမှုကို ဆည်းဆာအလှနှင့်အတူ ကြည့်ရှုနိုင်ကြောင်း၊ လင်းနို့ချေးသည် ဓာတ်မြေဩဇာအတွက် အင်မတန်ကောင်းပြီး တောင်သူဦးကြီးများအတွက် သဘာဝဓာတ်မြေဩဇာအဖြစ် အလွန်အသုံးဝင်ကြောင်း ရှင်းလင်းပြောပြသည်။

ထို့နောက် ဝန်ကြီးချုပ်က ခရီးသွားကားမောင်းအဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးစခန်းနှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး သဘာဝတောအတွင်းရှိ သစ်မျိုးနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဘူမိရုပထူးခြားမှုများအား ထိတွေ့လေ့လာနိုင်ရန်၊ သဘာဝ တောတောင်အလှအပများ ခံစားအပန်းဖြေနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အနောက်မြောက်ဒေသသို့ ခရီးကြမ်းကားမောင်းခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါလင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသည် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းအရှေ့ဘက် ငါးမိုင်နှစ်ဖာလုံခန့်တွင် တည်ရှိသည်။

ကျွန်တော်တို့ Journey to the North West Rally Sagaing/MHTTR 2018 ကားမောင်းပွဲလမ်းကြောင်းတွင် ဖြတ်သန်းသွားလာမည့် လမ်းကြောင်းတစ်လျှောက်၌ ကန့်ဘလူခရိုင်အတွင်း ပြသသွားမည့်ခရီးသွားဒေသများမှာ ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီးရှိ လင်းနို့ဂူ၊ ချပ်သင်းကျေးရွာအနီးရှိ ချပ်သင်းဘေးမဲ့တော၊ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံ၊ ဗီးကုန်းမြို့ နဂါးပေါ်ကျေးရွာရှိ လက်မှုလုပ်ငန်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ ခရီးသွားဒေသ (Eco-Tourism)များ၊ ခရီးသွားလမ်းကြောင်းများ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားပြီး လုံခြုံရေး၊ ကြိုဆိုရေး၊ ညအိပ်တည်းခို ဧည့်ခံကျွေးမွေးရေးတို့အတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်းနှင့် ခရီးသွားဒေသအဖြစ် ဖော်ဆောင်ရင်း ဒေသတွင်း၌လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်က ပြောသည်။

အဆိုပါကားမောင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်နံနက်ပိုင်းက ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းမှတစ်ဆင့် အထက်ပိုင်း ကသာမြို့နယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သုဝဏ္ဏဝတီမြို့၌ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်မှုများ ပြီးစီးတော့မည်



**သုဝဏ္ဏဝတီ ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ပြည့်ဝလုံလောက်စွာ သုံးစွဲနိုင်စေရန်အတွက် ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဦးဆောင်၍ ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၅၃၆ သန်းဖြင့် ထရန်စဖော်မာများ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန်ပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

သုဝဏ္ဏဝတီမြို့အတွင်းရှိ ဘူတာရုံလမ်း၊ အောက်ကျင်းလမ်း၊ ကံ့ကော်ကုန်းလမ်း၊ ပဲခူးသုခိတာရုံလမ်း၊ ရွှေမြင့်မိုရ်လမ်းများအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးစီဖြင့် ငါးလုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း အရှည် ၂၆၅၀ ပေနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည် ၉၇၆၀ ပေ တပ်ဆင်ခြင်းလုပ်ငန်းများကို သုဝဏ္ဏဝတီမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ ကြီးကြပ် ဦးဆောင်မှုဖြင့် အတ္တရံ စွမ်းအားကုမ္ပဏီက လုပ်ငန်းအချိန်ကာလလေးလအတွင်း ပြီးစီးအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ရောဝတီမြစ်ကူးတံတား (အောင်လံ-သရက်) စီမံကိန်း ၂၀၁၈ ဧပြီလတွင် စတင်လုပ်ငန်းဆောင်ရွက်မည်

**သရက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်နှင့် အောင်လံမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီတံတား(အောင်လံ-သရက်) စီမံကိန်းကို ၂၀၁၈ ဧပြီလဆန်းမှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ သရက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်မှ ဒုတိယအကြိမ် ဆဋ္ဌမပုံမှန် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တံတားစီမံကိန်းနှင့်ပတ်သက်၍ မေးမြန်းခဲ့ကြောင်းလည်း သိရသည်။

၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းများတွင် ဧရာဝတီတံတား (အောင်လံ-သရက်) ပါဝင်သည်။ တံတားအရှည်မှာ ၂၃၀၀ မီတာ အရှည်ရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။ ခွင့်ပြုလျာထားငွေမှာ ကျပ်သန်းပေါင်း ၇၅၀၀၀ ဖြစ်သည်။ စတင်ခဲ့သည့် နှစ်မှစ၍ ၂၀၁၇-၂၀၁၈ ထိ ရရှိရန်ပုံငွေ ကျပ်သန်း ၃၀၀/ ၂၀၁၈-၂၀၁၉ ခုနှစ် အဆိုပြုချက်ကျပ်သန်း ၃၀၀၊ ၂၀၁၈၊၂၀၁၉ ခုနှစ်ထောက်ခံချက် ၅၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သရက်နှင့် အောင်လံမြို့တို့သည် ရေမိုင်အားဖြင့် ခြောက်မိုင်ခန့် ကွာဝေးပြီး သရက်မှအောင်လံသို့ အဆန် ၁ နာရီနီးပါး၊ အစုန်တွင် မိနစ် ၃၀ ခန့် စက်လှေများ ခုတ်မောင်းရကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**

# တိုင်းဒေသကြီး ကုန်သည်၊ စက်မှုအသင်း အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၁၇-၂၀၂၀ အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၉ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာရှိ အဆိုပါအသင်းခန်းမ၌ ကျင်းပရာ လက်ရှိအမှုဆောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း(စိန်နှင့်မြ မွေ့ရာ)က အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း သိရသည်။

အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ ဆန္ဒမဲပေးခွင့်ရှိသူများက လက်ရှိအမှုဆောင်များထဲမှ အလုပ်အမှုဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးစသည့် တာဝန်များကို ဆန္ဒမဲများဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ကြသည်။

အလုပ်အမှုဆောင်အဖွဲ့သစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးကျော်မင်း(စိန်နှင့်မြ မွေ့ရာ)၊ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဦးမျိုးကျော်ဝင်း(နယူးချယ်ရီရောင်းဝယ်ရေး)၊ ဦးအောင်ဆန်းဝင်း(အောင်သမာဓိရွှေဆိုင်)၊ ဒေါ်ခင်လေးမြင့်(သဇင်ပန်း ဟိုတယ်နှင့် ကျောက်မျက်ရတနာ)၊ ဦးမြတ်ထွဋ်(စံပြ)၊ ဦးမိုးကျော်ကျော်(ထွန်းကား ဆောက်လုပ်ရေး)၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါက်တာမောင်မောင်(အေးချမ်းသာအထူးကုဆေးရုံ)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပျော်ရွှင်စရာ ကလေးတို့ကမ္ဘာအစီအစဉ် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**လက်ပံတန်း ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို Community Centre အဖြစ် ပုံဖော်ဆောင်ရွက်မှုတစ်ရပ်အဖြစ် ပျော်ရွှင်စရာ ကလေးတို့ကမ္ဘာ အစီအစဉ် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်က မြို့နယ်ပြန်/ဆက်ရုံး ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG တန်း ကျောင်းသား ကျောင်းသူ ၂၀ ပါဝင် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှူး ဒေါ်ဝင့်နန္ဒာဌေးနှင့် ဆရာ ဆရာမများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## မြေတိုင်းကျေးရွာအနီးတွင် မြေတွင်းအောင်းငှက်များ များပြားလာ

**စစ်ကိုင်း ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မင်းကွန်းမြောက်ဘက် မြေတိုင်းကျေးရွာအနီးမှ လူမတက်နိုင်သော ကမ်းပါးစောင်းများတွင် မြေတွင်းအောင်းငှက်များ အသိုက်ဖွဲ့နေထိုင်မှုမှာ ယခုနှစ်တွင် ယမန်နှစ်ကထက် များပြားလာသဖြင့် ငှက်ကြည့်ဝါသနာရှင်များအတွက် လေ့လာရန်အကောင်းဆုံး နေရာသစ်တစ်ခုဖြစ်နေကြောင်း ဒေသခံများထံမှ သိရသည်။



မြေအောင်းငှက်များမှာ မြေတိုင်းရွာအနောက်ဘက်ရှိ ချောင်းတစ်လျှောက် ချောင်းကမ်းနံဘေးမှ လူမတက်နိုင်သည့် မြေနုကမ်းပါးစောင်းတစ်လျှောက်တွင် မြေတွင်းများတူး၍ အသိုက်များဖွဲ့ကာ နေထိုင်ကြခြင်းဖြစ်ပြီး အဆိုပါနေရာပတ်ဝန်းကျင်ရှိ ဆေးဝါးပက်ဖျန်းမှုမရှိသော သီးနှံစိုက်ပျိုးခင်းများမှ အသီးအပွင့် အရွက်အရည်များကို မှီခိုစားသောက်နေထိုင်ကြကြောင်း မင်းကွန်းရွာသားတစ်ဦးက ပြောသည်။

တွင်းအောင်းအသိုက်ဖွဲ့၍နေကြသော ငှက်များကို လူအများစုကလည်း သတ်မစားကြသဖြင့် သဘာဝအတိုင်း နေထိုင်လျက်ရှိကြပြီး နေထိုင်သော ငှက်မျိုးများအနေဖြင့် စာကလေး၊ ပျံလွှား၊ ဇီးကွက်၊ မြီးညှောက်ငှက်၊ ခို၊ မိုးစာငှက်၊ သပိတ်လွယ်ငှက်များနှင့် အခြားငှက်မျိုးစုံကိုလည်း တွေ့ရသဖြင့် ငှက်ကြည့်ဝါသနာပါသူများ သွားရောက်လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်နေကြောင်း ဒေသခံများက ပြောသည်။

**ငွေအိုး(ကသာ)**

## တောင်ကုတ်ကျေးလက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သံတွဲ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးသည် သံတွဲခရိုင် ကျေးလက်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့နှင့်အတူ ဇန်နဝါရီ ၁၉ ရက်က တောင်ကုတ်မြို့နယ်အတွင်း ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ခေါ်ကျေးရွာ၊ ကိုင်းရှည်နှင့် တာရဲကျေးရွာတို့တွင် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်စစ်ဆေးကာ ကုမ္ပဏီတာဝန်ခံများနှင့်တွေ့ဆုံ၍ လုပ်ငန်းအရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးတို့အတွက် ဆောင်ရွက်ကြရန် မှာကြားပြီး ရန်ခေါ်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



သုံးခွမြို့ အမှတ် ၂ ရပ်ကွက်နှင့် အမှတ် ၄ ရပ်ကွက်အတွင်းရှိ အောင်မြေလောကသွန်းဘုရားကြီး၏ (၁၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်မှ ၂၁ ရက်ထိ ကျင်းပလျက်ရှိရာ ဘုရားဖူးများ၊ ဈေးဝယ်လာသူများဖြင့် စည်ကားနေသည်ကို ဇန်နဝါရီ ၂၀ ရက် ညပိုင်းက တွေ့ရစဉ်။ ကိုကျော်(သုံးခွ)

## ပုဏ္ဏားကျွန်းမြို့နယ် စမြို့တော်ဓာတ်နှင့် ဂူဝဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စမြို့တော်ဓာတ်နှင့် ဂူဝဘုရား၏ (၄၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘုရားအနေကဇာတင်ပွဲနှင့်အတူ သံဃဒါနဆွမ်းကျွေးပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ(ရွှေမောင်းတန်း၊ ငွေမောင်းတန်း)၊ ဇာတ်ပွဲ၊ နတ်ပွဲ၊ ချောတိုင်တက်ပွဲအစရှိသော ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘုရားပွဲတော်ကို စဉ်ဆက်မပြတ် ကျင်းပလာခဲ့သည်မှာ (၄၁)ကြိမ်အထိရှိခဲ့ပြီဖြစ်ပြီး ယခုနှစ်တွင် ၄၂ နှစ်မြောက် ဘုရားပွဲတော်ကို ယခင်နှစ်များကထက် ပိုမိုစည်ကားအောင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်တတိယနေ့ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာ အပါး ၁၅၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုလည်း စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌ ဦးထွန်းအေးခိုင်က ပြောသည်။

စမြို့တော်ဓာတ်စေတီတော်မြတ်ကြီးကို ရုပ်ရှင်တော်မဟာမြတ်မုနိဘုရားကို သွန်းလောင်းတော်မူခဲ့သည်မှစ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအဓွန့်ရှည် တည်တံ့စေသောငှာ ဗျာဒိတ်တော်ဖြင့် သက္ကရာဇ် ၂၂၂ ခုနှစ်တွင် ရခိုင်ပြည့်ရှင် သူရိယစက္ကမင်းက သာလာမယတောင်ထိပ်၌ တည်ထားကိုးကွယ်တော်မူခဲ့ပြီး သက္ကရာဇ် ၉၉၇ ခုနှစ်တွင် မင်းဗာဘုရင်က အမြင့် ၂၂ ပေရှိသော ကျောက်တုံးကြီးကို ဂူပေါက် ၁၁ ပေါက် ဖောက်လုပ်ကာ ရတနာများ ဌာပနာထည့်သွင်း၍ ဂူဘုရားများကို ထွင်းထုပြီး တည်ထားကိုးကွယ်တော်မူခဲ့ကြောင်း ဘုရားသမိုင်းအထောက်အထားများအရ သိရသည်။



ပြီးခဲ့သည့်နှစ် ဘုရားပွဲတော်တွင် ရခိုင်ရိုးရာ ကျင်ကိုင်ပွဲ ကျင်းပစဉ်။

**နီထွန်းအောင်(ပြန်/ဆက်)**

## တာချီလိတ်စက်ဘီးစီးအဖွဲ့၏ မိုင်ပေါင်း ၁၁၀၀ ကျော်ခရီးရှည် စတင်ထွက်ခွာ

**တာချီလိတ် ဇန်နဝါရီ ၂၂**

ရွှေတြိဂံဒေသ လူငယ်ပြန်လည်ထူထောင်ရေး(ဆေးဖြတ်စခန်း)အတွက် ရန်ပုံငွေရှာဖွေရေးအစီအစဉ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် ကျိုင်းတုံ စက်ဘီးအသင်းအဖွဲ့မှ အဖွဲ့ဝင် ခုနစ်ဦးတို့သည် ဇန်နဝါရီ ၂၀ ရက် နံနက်တွင် တာချီလိတ်မြို့မှ ကချင်ပြည်နယ် ပူတာအိုအထိ မိုင်ပေါင်း ၁၁၀၀ ကျော် ခရီးရှည်ကို အပျော်စီးကိုယ်ပိုင်စက်ဘီး ခုနစ်စီးဖြင့် စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ရှိ ကိုဂျော်နီအားကစားပစ္စည်းဆိုင်မှ ခရီးစဉ်စတင်ရာတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားဟောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်ဘီးဝါသနာရှင်များနှင့် အလှူရှင်များက လာရောက်အားပေးအမှာစကားပြောကြားပြီး ရွှေတြိဂံဒေသ လူငယ်ပြန်လည်ထူထောင်ရေး (ဆေးဖြတ်စခန်း)အတွက် အလှူငွေများထည့်ဝင်ကာ တာချီလိတ် ရှမ်းအရှေ့စက်ဘီးအသင်းက စက်ဘီးများဖြင့် တောင်သုံးလုံးကျေးရွာအထိ လိုက်လံပို့ဆောင်ပေးခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် တာချီလိတ် Mountain Bike Group အဖွဲ့ခေါင်းဆောင် ကိုနေဇာနှင့် ကိုခမ်းရှိန်၊ ဦးစိုင်းဆန်း၊ ဦးချူးစိန်တို့ လေးဦးသည် စက်ဘီးဖြင့် တာချီလိတ်မှ ကျိုင်းတုံ ၁၀၂ မိုင်သို့ ထွက်ခွာပြီး ဇန်နဝါရီ ၂၁ ရက်တွင် ကျိုင်းတုံစက်ဘီးသင်းမှ ဦးစိုင်းရီဆိုင်(ခ) ပီနန်၊ ဦးလှမြင့်မိုး(ခ)ကိုတူးနှင့် ဦးလောလူတို့ သုံးဦးသည် တာချီလိတ်စက်ဘီးအသင်းမှ လေးဦးတို့နှင့်အတူ ပူးပေါင်းကာ စုစုပေါင်း ခုနစ်ဦးတို့သည် ကျိုင်းတုံ-ကာလိ-လားရှိုး-ကွတ်ခိုင်-ဗန်းမော်-မြစ်ကြီးနား-ပူတာအိုအထိ မိုင်ပေါင်း ၁၁၀၀ ကျော် ခရီးစဉ်ကို ရက်ပေါင်း ၂၀ ကျော် စက်ဘီးစီးနင်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ရွှေတြိဂံဒေသ လူငယ်ပြန်လည်ထူထောင်ရေး(ဆေးဖြတ်စခန်း)အတွက် ရန်ပုံငွေရှာဖွေရေးအနေဖြင့် မိုင် ၁၁၀၀ ကျော် ခရီးရှည် စက်ဘီးစီးနင်းမည့် ခရီးစဉ်တစ်လျှောက်တွင် စေတနာရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပြီး ရပ်နီးရပ်ဝေးမှ စေတနာရှင်များအနေဖြင့် ဘဏ်များမှတစ်ဆင့်လည်း ငွေလွှဲ၍ လှူဒါန်းနိုင်ရန် ဘဏ်အကောင့်များ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## ကျောင်းဝန်းကျင်တွင် မူးယစ်ဆေးသုံးသူများက ဆေးထိုးအပ်များ စည်းကမ်းမဲ့လာပစ်နေသဖြင့် အုတ်တံတိုင်းခတ်ရန် အရေးတကြီးလိုအပ်နေ

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း အနီးဝန်းကျင်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများရှိနေပြီး ဆေးသုံးသူများက ၎င်းတို့သုံးစွဲထားပြီးသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်များနှင့် အခြားဆက်စပ်ပစ္စည်းများကို ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းအတွင်းသို့ စည်းကမ်းမဲ့လာရောက်စွန့်ပစ်ခြင်းများ ရှိနေခြင်းကြောင့် အုတ်တံတိုင်းခတ်ရန် အရေးတကြီးလိုအပ်နေကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာဝင်းက ပြောသည်။



"ကျွန်မတို့ကျောင်းနားမှာနဲ့ ကျောင်းဝင်းထဲတွေမှာ လာပစ်ထားတာတွေရှိတယ်၊ ဒါကြောင့် ကလေးတွေ ကို ဆေးထိုးအပ်စူးမိတာတို့ ဘာတို့နဲ့ တခြားအရာတွေလည်း စိုးရိမ်ရလို့ ကျောင်းလုံခြုံရေးနဲ့ ကလေးတွေရဲ့လုံခြုံရေး၊ ကျန်းမာရေးအတွက် ကျောင်းအုတ်တံတိုင်းခတ်ဖို့ အမြန်ဆုံး လိုအပ်နေပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ပြောကြားသည်။

ကျောင်းဝင်းကို အုတ်တံတိုင်းခတ်ထားနိုင်ခြင်းမရှိသောကြောင့် ကျောင်းနေကလေးများအတွက် လုံခြုံမှုမရှိသလို ကျောင်းပတ်ဝန်းကျင်၌ စည်းကမ်းမဲ့အမှိုက်များ လာရောက်စွန့်ပစ်နေခြင်းများကြောင့် ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးနှင့် အန္တရာယ်ကင်းရေးအတွက် ကျောင်းဝင်းလုံခြုံမှုရှိရန် လိုအပ်ကာ လက်ရှိ ခတ်ထားသော ခြံစည်းရိုးများမှာ ပြုပြင်ရန်လိုအပ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျောင်းဟာ အရင်ကဆို တော်တော်လေးကို အခြေအနေဆိုးရွားပါတယ်၊ ခြံစည်းရိုးတွေလည်း ပေါက်ပြဲနေတော့ ကျောင်းလုံခြုံရေးအတွက် မကောင်းဘူးပေါ့၊ အခုမှ ဆရာမကြီးရဲ့ကြိုးစားမှုကြောင့် စည်းရိုးတော့ နည်းနည်း လုံလာပါပြီ၊ ဒါပေမယ့် အုတ်တံတိုင်းက လေးဘက်စလုံးမပြည့်သေးလို့ လိုနေပါသေးတယ်၊ ကျွန်တော်တို့ကျောင်းကို ကျောင်းကော်မတီနဲ့ ကျောင်းသားမိဘတွေအနေနဲ့ ဆရာမကြီးတို့နဲ့ ပူးပေါင်းတိုင်ပင်ပြီး ကူညီဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်"ဟု ကျွန်းပင်သာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းလှဒင်က ပြောသည်။

**မင်းမင်းဦး**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရန် ညှိနှိုင်း

**ကျောက်ဖြူ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အဝတောင်ကျေးရွာအုပ်စု ဒွေးချကျေးရွာသို့ မြို့နယ်ဦးစီးမှူး ဦးဦးတင်မောင်နှင့်အဖွဲ့ ဇန်နဝါရီ ၁၈ ရက်က ကွင်းဆင်းကာ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခဲ့သည်။

အဆိုပါ အဖွဲ့သည် ကျေးရွာသူ ကျေးရွာသား ၁၆၈ ဦးနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) (Village Development Program) အား ဆောင်ရွက်မိတ်ဆက်ရှင်းလင်းခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျေးရွာအိမ်ထောင်စုစာရင်း ကောက်ယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ အုပ်စု ၅ အုပ်စု အကြံပေးဆွေးနွေးမှုအပေါ် အခြေခံကာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# လေးမျက်နှာ (သို့မဟုတ်) သာ၍ မဝေးတော့သော မြို့လေးဆီသို့

**● မြင့်စိုး(နတလ) ●**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့စာပေဟောပြောပွဲမှ အပြန် ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်က သာ၍ဝေးရာဆီကိုပါ ဝတ္ထုဖြင့် စာပေဟောပြောပွဲခရီးကို ဂုဏ်ပြုရေးသားခဲ့သည်။ ဆရာကြီးလာရောက်ဟောပြောခဲ့သည့် ၁၉၇၄ ခုနှစ်တွင် ကျွန်တော်လေးမျက်နှာမြို့သို့ မရောက်သေးပါ။ လှော်ကထား အလကတွင် အဌမတန်း တက်ရောက်နေဆဲဖြစ်သည်။ ကွယ်လွန်သွားပြီဖြစ်သော ဦးလေးဟန်စိန်တို့နှင့်အတူ ရွာကနေ လေးမျက်နှာမြို့သို့ လိုက်ပါပြီး အထက်တန်းကျောင်း အားကစားရုံခန်းမထဲ၌ ဆရာကြီး၏ စာပေဟောပြောပွဲကို နားထောင်ခဲ့ဖူးခြင်းဖြစ်သည်။ ထိုစာပေခရီးမှအပြန် ၁၉၇၅ ခုနှစ်၌ သာ၍ဝေးရာဆီကိုပါ ဝတ္ထုကိုရေးသားထုတ်ဝေခဲ့သည်။ ဝတ္ထု၏ အဓိကဇာတ်ကောင်များမှာ ကိုသာခုနှင့် မသင်းနု။ ကိုသာခုဆိုတာက ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရပြီး အတိတ်မေ့ကာ မီးရထားတစ်တန်၊ ကားတစ်တန်၊ မော်တော် ဘုတ် တစ်တန်စီးလျက် လေးမျက်နှာမြို့သို့ ရောက်ရှိလာသူ။ သူ၏ မူလဘဝက ရန်ကုန်မြို့မှ တရားရုံးချုပ် ဝတ်လုံတော်ရ ဦးသက်လွင်။ မသင်းနုက လေးမျက်နှာမြို့ခံ တက္ကသိုလ်ကျောင်းသူ၊ အမှန်အတိုင်း ဝန်ခံရပါမူ ဆရာ၏ဝတ္ထုကို ထိုစဉ်အချိန် ကာလတုန်းက ဖတ်ရတာ သိပ်ပြီးနားမလည်ခဲ့ပါ။ အသက်အရွယ်ရပြီးနောက် တစ်ကြိမ်ပြန်ဖတ်သောအခါမှ ဆရာပေးချင်သော Message ကို တိတိပပကြီး ဖမ်းနိုင်ခဲ့သည်။ သို့သော် ထိုစဉ်က လေးမျက်နှာမြို့၏ အနေအထားကတော့ ဆရာ့ဝတ္ထုထဲမှာပါသလိုပင် တစ်မြို့လုံးမှ တစ်လမ်းတည်းသာရှိသော၊ ထိုတစ်လမ်းမှာလည်း ဆိုက်ကား တစ်စီးသွားရုံသာ ကျယ်သော၊ ကတ္တရာလမ်းမဟုတ်သည့် တာရိုးရှည်တစ်ခုသာဖြစ်သော လေးမျက်နှာမြို့ဖြစ်လို့နေပါသည်။

ဆရာရေးဖွဲ့ခဲ့သည့် ထိုလမ်းပေါ်မှာ ကျွန်တော်တို့ ပျော်ရွှင်စွာလျှောက်ရင်း ကျောင်းတက်ခဲ့ကြသည်။ ခုံကြီးပိုင်းရှိ ပရဟိတကျောင်းမှာနေ၍ နဝမတန်း၊ တက္ကသိုလ်ဝင်တန်းကို အထက်တန်းကျောင်းမှာ သွားတက်ကြရသည်။ ထိုစဉ်က (၁၉၇၅၊ ၇၆ ပတ်ဝန်းကျင် အချိန်ကာလက) ဝေနမြစ်သည် လေးမျက်နှာမြို့ဟောင်းကို ရန်သတ္တုရမပြုသေး။ ဆရာတက္ကသိုလ် ဘုန်းနိုင်ရေးဖွဲ့ခဲ့သည်က မြစ်သည် သာမန်မြစ်နှင့်မတူ၊ ကမ္ဘာမြေပြင်ကို နှစ်ခြမ်းခွဲထားသော ချောက်ကြီးနှင့်တူ၏...တဲ့။ မြစ်၏တစ်ဖက်တစ်ချက်က ကမ်းပါးတွေ အလွန်မတ်စောက်နေသည်ကို ရေးဖွဲ့ထားခြင်းပင် ဖြစ်သည်။

မိမိ၏မွေးရပ်ဇာတိမြေ စိန်တောင်ရွာလေးသို့ ပြန်ရောက်တိုင်းရောက်တိုင်း ရွာထိပ်ကနေ လေးမျက်နှာမြို့ဟောင်းဘက်သို့ ငေးမောကြည့်ရှုနေရင်း ငယ်စဉ်က လေးမျက်နှာမြို့သို့ ခရီးသွားရပုံများ၊ လေးမျက်နှာမှတစ်ဆင့် ဟင်္သာတမြို့ ရန်ကုန်မြို့များသို့ ခရီးသွားရပုံများကို သတိရမိသည်။ မိုးတွင်းအခါ ဦးခလေးကြီး၏ ကူးတို့လှေဖြင့် လှော်ကထားရွာ၊ မိုးကုတ်ရွာ၊ အင်းလွတ်နှင့် ရေသိုးရွာများကိုဖြတ်၍ သွားရသလို နွေအခါမှာတော့ ခုနစ်မိုင် ခရီးအား ခြေကျင်လျှောက်၍ ချီတက်ကြရသည်။ လေးမျက်နှာမှ ဟင်္သာတနှင့် ရန်ကုန်မြို့များသို့သွားလျှင်လည်း နံနက် ၄ နာရီလောက်ထ၍ ဝေနမြစ်ကမ်းသို့ ဆင်းကာ မော်တော်ဘုတ်စောင့်ရသည်။ ဘုရားကြီးပိုင်းမှ ဖုတ်ချက်ဖုတ်ချက်နှင့် မော်တော်ဘုတ်လေး ဆင်းလာပြီဆိုလျှင် ကျွန်တော်တို့ကလည်း အလွန်နက်သော ဝေနမြစ်ကမ်းပါးမှဆင်းကာ စောင့်ကြိုရသည်။ ထိုမှ အိုင်သပြုသို့ရောက်ပြီး စိန်ဝေလျှံ၊ 'ဝ' တစ်လုံးစသော ချက်ပလက် ကားကြီးများကိုစီးကာ အိပ့်အိပ့်နှင့် ခမောက်စု၊ ယုံသလင်း၊ နိဗ္ဗာန်၊ နတ်မော်ရွာများသို့ဖြတ်၍ ဟင်္သာတသို့ ရောက်သည်။ ဟင်္သာတမှသာရဝေါသို့ ကူးတို့သင်္ဘောနှင့် ရွှေပြောင်ပြောင်ဆိပ်ကမ်းမှ ကူးသည်။ နွေအခါ ကူးတို့သင်္ဘောမကပ်နိုင်၍ ခေါင်းဆေးကျွန်းကြီးပေါ်မှာ အုပ်စုလိုက်အုပ်စုလိုက် လမ်းလျှောက်သွားရင်း သွားကြရသည်။ မွန်းလွဲ ၁ နာရီခွဲလောက်မှ ရထားစထွက်ပြီး ရန်ကုန် ကြည့်မြင်တိုင်ဘူတာသို့ ရောက်ချိန်က ည ၈ နာရီ ။ နောက်ကျသည့် နေ့များတွင် ၉ နာရီ၊ ၉ နာရီခွဲခန့်ရောက်သည်။ ဆိုတော့ကာ လေးမျက်နှာ...ရန်ကုန်ခရီးသည် နံနက် ၄ နာရီထွက်၍ ည ၉ နာရီမှ ရောက်သောခရီးဖြစ်ခဲ့သည်။ ထိုစဉ်က သည်ခရီးကို သည်လိုသွားကြရုံကလွဲ၍ အခြားနည်းလမ်းမရှိပြီ။



လွန်ခဲ့သော နှစ် ၂၀ နီးပါးအချိန်ကာလအထိ အိုင်သပြုကျေးရွာလေးသို့ ရောက်လျှင် ကားလမ်းကဆုံးပြီ။ ဘယ်ကိုမှ ဆက်သွားလို့မရတော့ပါ။ ထိုသောအခါ ကားပေါ်မှာပါလာသော လူအားလုံး၏ ခြေလှမ်းများသည် ကားဂိတ်နှင့် မလှမ်းမကမ်းတွင်ရှိနေသော ဝေနမြစ်ဆိပ်သို့ ဦးတည်ကာ ခပ်သုတ်သုတ်သွားကြရသည်။ အချို့က လေးမျက်နှာသို့သွားမည့် စက်လှေပေါ်ကို တက်ကြသည်။ အချို့ကမူ ဝေနမြစ်အောက်ပိုင်းရှိ မဲဇလီ၊ ဘုတ်ချောင်း၊ ငါးသိုင်းချောင်းဘက်သို့ သွားရောက်ရန်အတွက် အဆင်ပြေရာ စက်လှေများပေါ်သို့ မေးရင်းစမ်းရင်းတက်ကြသည်။ ၁၉၉၄ ခုနှစ်လောက်အချိန်အထိ ထိုမြင်ကွင်းများက မပြောင်းလဲသေးပါ။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် လေးမျက်နှာစာပေဟောပြောပွဲလာစဉ်ကလည်း ပုသိမ်ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင်စဉ် လာခြင်းဖြစ်၍ ကျွန်တော့်အထင် ဆရာကြီးသည် ပုသိမ်မှ ခမောက်စုသို့ ရထားစီးလာပြီးလာ၊ ထိုမှ ကားကြုံဖြင့် အိုင်သပြုသို့ရောက်၊ ဆက်လက်၍ ဝေနမြစ်ကမ်းသို့ဆင်းကာ လေးမျက်နှာမြို့သို့ စက်လှေဖြင့် လိုက်ပါလာခြင်းဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီး ရေးခဲ့သော လေးမျက်နှာမြို့နောက်ခံ 'သာ၍ ဝေးရာဆီကိုပါ' ဝတ္ထု၌ လေးမျက်နှာမြို့နှင့် ဝေနမြစ်၏ အခြေအနေကို ပီပီပြင်ပြင် ဖော်ညွှန်းထား၍ဖြစ်သည်။ ကျွန်တော်သည်ပင်လျှင် ဟင်္သာတမှ နတ်မော်၊ နိဗ္ဗာန်၊ ယုံသလင်း၊ ခမောက်စုစသော မြို့ရွာများကိုဖြတ်၍ ကားဖြင့် မောင်းလာပြီး သကာလ အိုင်သပြုမှ လေးမျက်နှာမြို့ကားလမ်းအတိုင်း ဆက်လက်မထွက်ခွာမီ မရောက်တာကြာ၊ မမြင်တွေ့ရတာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော အိုင်သပြုဆိပ်ကမ်းဟောင်းလေးကို သွားရောက်ငေးမောကြည့်ရှုမိခဲ့သေးသည်။ မော်တော်ဘုတ်ခေါ်စက်လှေတို့က ရှိမြဲရှိနေဆဲဖြစ်သော်လည်း အများစုက ရေလမ်းကို သိပ်ပြီး အသုံးမပြုကြတော့ပါ။ လေးမျက်နှာဘက်သို့ရော၊ ငါးသိုင်းချောင်းဘက်သို့ပါ ကားလမ်းပေါက်နေပြီဖြစ်သည်။ ယခင် စက်လှေငယ်လေးဖြင့် အိုင်သပြုမှ လေးမျက်နှာကို ၁ နာရီနီးပါး သွားရသော်ငြား၊ ယခုအခါ ကားဖြင့် ငါးမိနစ်ပင် မကြာလိုက်ပါ။ လေးမျက်နှာမြို့လေးသို့ ရောက်သွားမည် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ယခု ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် ကျွန်တော်ရောက်ခဲ့သော လေးမျက်နှာမြို့က ဝေနမြစ်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့ထားပြီးဖြစ်သော မြို့သစ်လေးဖြစ်သည်။ ဝေနမြစ်ရေ တိုက်စားခြင်းခံရသောကြောင့် အနောက်ဘက်ကမ်းမြို့ဟောင်းမှ ရပ်ကွက်တော်တော်များများ ရေထဲမျောပါကုန်သဖြင့် အရှေ့ဘက်ကမ်းသို့ ရွှေ့ပြောင်းပေးထားသည်မှာ ကာလအတန်ကြာပေပြီ။ ကျွန်တော်နေခဲ့ဖူးသည့် ပရဟိတကျောင်းတည်ရှိရာ ခုံကြီးပိုင်းရပ်ကွက်နှင့် ထူပါရုံစေတီတော်မြတ်ကြီး စံပယ်တော်မူရာ ခတ္တူပိုင်းရပ်ကွက်များသာ ကျန်ရှိနေပြီး ကျန်ရပ်ကွက်များနှင့်လမ်းများက ဝေနမြစ်ရေအောက်သို့ ရောက်သွားခြင်းဖြစ်သည်။ လေးမျက်နှာမြို့သစ်လေး၏ အနေအထားသည် စ၍ရွှေ့ပြောင်းတည်ခါစ၌ မြို့သစ်တို့ထုံးစံအတိုင်း ဟိုနေရာ ကျဲတောက်တောက်၊ သည်နေရာ ကျဲတဲတဲနှင့် ဌာနဆိုင်ရာရုံးများကလည်း ဟိုမှာတစ်စု၊ သည်မှာတစ်စု၊ လူနေအိမ်တွေ ကြည့်လိုက်ပြန်တော့လည်း မြို့ဟောင်းကို သံယောဇဉ်ကြီးစွာနှင့် ရေဘေးအန္တရာယ်ကြောင့် မပြောင်းချင့်၊ ပြောင်းချင် ပြောင်းလာကြသော အနေအထားဖြစ်၍ စည်စည်ကားကား မရှိသေး။ ဟော၊ ခုတော့... ဆေးရုံတွေ၊ ကျောင်းတွေ၊ ရုံးတွေက ခမ်းခမ်းနားနား၊ လူနေအိမ်ခြေတွေကလည်း တဖြည်းဖြည်း စည်ကားများပြားလို့ လာခဲ့သည်။ လေးမျက်နှာ- အိုင်သပြု- ငါးသိုင်းချောင်းလမ်းအတိုင်း ကားဖြင့် ပုသိမ်-မုံရွာလမ်းမကြီးပေါ် တက်မလား၊ လေးမျက်နှာ တလုတ်ထော်-ဟင်္သာတ ကားလမ်းအတိုင်း ဇလွန်နှင့်နေဖြူကိုဖြတ်၍ ရန်ကုန်မြို့ကို ချီတက်မလား၊ အားလုံးသွားလမ်းသာ၍ လာလမ်းသင့်နေကြပြီဖြစ်သည်။

ယခုအခါ လေးမျက်နှာမြို့သစ်ကို ပို၍ကျက်သရေမင်္ဂလာ ရှိသွားစေသည်ကတော့ အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကိတ္တိသာရက ဦးဆောင်လျက် တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေတိဂုံပုံတူ သံသရာငြိမ်းအေး စတုမုခဇေယျသိဒ္ဓိစေတီတော်မြတ်ကြီးသည် မြို့ဦးထိပ်တွင် တင့်တယ်သပ္ပာယ်စွာ စံနေတော်မူခြင်းပင်ဖြစ်သည်။ မြို့တွင်း လမ်းကလေးများကို နာမည်ပေးထားရာ၌လည်း လေးမျက်နှာမြို့ မြစ်ကျိုးရွာဇာတိဖြစ်သော မင်းသားကြီး ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းကို ဂုဏ်ပြုသောအားဖြင့် ဦးစိန်အောင်မင်းလမ်းဟု အမည်ပေးထားသည့် လမ်းကလေးတစ်ခုကို တွေ့ခဲ့ရ၍ ကြည်နူးဝမ်းသာဖြစ်မိသည်။ လေးမျက်နှာမြို့သာ ယခုထက် စည်ကားတိုးတက်၍ လမ်းများစွာပေါ်ပေါက်လာဦးမည်ဆိုပါက အခြားသော လေးမျက်နှာဇာတိဖွား နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ ဒေါ်ကြည်ကြည်ဌေး၊ ဇာတ်မင်းသားကြီး ဦးဘသော်၊ စန္ဒရားလူမော် အစရှိသည့် အနုပညာရှင်များစွာကိုလည်း ဂုဏ်ပြုချင်စိတ်တွေ ပေါ်ပေါက်လာမိသည်။

ဝေနမြစ်ကမ်းနဖူးပေါ်မှနေ၍ လှမ်းမျှော်ကြည့်လိုက်သောအခါ ဝေနတံတား (လေးမျက်နှာ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှမ်း၍တွေ့နေရသည်။ တံတားအရှည်ပေ ၁၉၆၈ ဒသမ ၆ ပေ၊ တံတားအကျယ် ၂၄ ပေ၊ တံတားအမျိုးအစား Steel Box Girder, Plate Girder နှင့် RC Girder ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက် ရေးအဖွဲ့ (၄)၊ တံတားအထူးအဖွဲ့ (၁၆) မှ တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်အောင်က ဦးစီးတည်ဆောက်နေခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ တွင် လုပ်ငန်းစတင်ခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့၌ ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ထိုတံတားပြီးစီးသွားလျှင် လေးမျက်နှာမြို့သစ်မှ ဝေနမြစ်ကိုဖြတ်၍ ပန်းတောကြီးကျေးရွာအထိ လမ်းပေါက်သွားမည်ဖြစ်ပြီး ပုသိမ်-မုံရွာလမ်းပေါ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထိုလမ်းကိုသာ အသုံးပြုနိုင်မည်ဆိုပါက လေးမျက်နှာမြို့လေးသည် လမ်းသုံးသွယ်ဆုံသည့် မြို့တစ်မြို့ဖြစ်လာရုံမျှမက တစ်ချိန်ကလို လမ်းဆုံးမြို့လေးမဟုတ်တော့ဘဲ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည့် မြို့အဖြစ် ပြောင်းလဲသွားမည်မှာ မလွဲပါ။

တစ်စတစ်စပြောင်းလဲနေပြီဖြစ်သော မြို့ကလေးကို ကြည့်၍ တွေးလိုက်မိသည်ကတော့ ဆရာတက္ကသိုလ် ဘုန်းနိုင်၏ သာ၍ဝေးရာဆီကိုပါ ဝတ္ထုထဲက အဓိကဇာတ်ကောင်ကို သာခုတစ်ဖြစ်လဲ ဝတ်လုံတော်ရ ဦးသက်လွင်သာ ပြန်လည်ရောက်ရှိလာဦးမည်ဆိုပါက လေးမျက်နှာမြို့ကလေးသည် သူ့အတွက်၊ သူချန်ထားရစ်ခဲ့သော နှလုံးသား တစ်စုံအတွက် သာ၍မဝေးတော့သော မြို့ကလေးတစ်မြို့အဖြစ် တည်ရှိနေတော့မည် ဟူ၍သာ.....။ ။

**"ယခုအခါ လေးမျက်နှာမြို့သစ်ကို ပို၍ကျက်သရေမင်္ဂလာ ရှိသွားစေသည်ကတော့ အောင်ဆန်းတောရ တပ်ဦးကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တကိတ္တိသာရက ဦးဆောင်လျက် တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေတိဂုံပုံတူ သံသရာငြိမ်းအေး စတုမုခဇေယျသိဒ္ဓိစေတီတော်မြတ်ကြီးသည် မြို့ဦးထိပ်တွင် တင့်တယ်သပ္ပာယ်စွာ စံနေတော်မူခြင်းပင်ဖြစ်"**

## ဆင်းရဲချို့တဲ့စွာဖြင့် အသက်ရှင်နေရသော အသက် ၁၀၄ နှစ်ကျော်ရှိ အဘွားဒေါ်ချစ်စိန် ထောက်ပံ့ငွေများ လိုအပ်နေ

**ဆားလင်းကြီး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နှင့် နှစ်မိုင်ခန့်ကွာဝေးသော ဒူးထောက်ကျေးရွာ၌ ယခု ၁၃၇၉ ခုနှစ်တွင် အသက် ၁၀၄ နှစ် ခြောက်လပြည့်ပြီးဖြစ်သော အဘွားဒေါ်ချစ်စိန်မှာ ဘဝကို ဆင်းရဲချို့တဲ့စွာဖြင့် အန်တုရုန်းကန်ရင်း အသက်ရှင်သန်နေထိုင်လျက်ရှိကြောင်း သိရသည်။



ယင်း အဘွား ဒေါ်ချစ်စိန်ကို (အဖ) ဦးသာပိုင်+(အမိ)ဒေါ်စံမေ တို့မှ ၁၂၇၅ ခုနှစ် ဝါခေါင်လတွင် မွေးဖွားခဲ့ပြီး မွေးချင်း သုံးယောက်အနက် အငယ်ဆုံးသမီးဖြစ်ကြောင်း သိရသည်။ မွေးချင်း အစ်ကိုနှစ်ယောက်လုံး သေဆုံးသွားကြပြီးဖြစ်သည်။ အဘွားဒေါ်ချစ်စိန်မှ သား ငါးယောက် သမီးတစ်ယောက် စုစုပေါင်း သားသမီး ခြောက်ယောက် မွေးဖွားခဲ့ရာ သားသုံးယောက်ဖြစ်သော ဦးသန်းလှ၊ ဦးသန်းမြ၊ ဦးသန်းခတို့မှ သေဆုံးသွားကြပြီဖြစ်ရာ ယခုလက်ရှိတွင် ကျန်သား/သမီးသုံးဦးဖြစ်သော ဒေါ်ခင်လေး၊ ဦးဝင်းလေး၊ ဦးကျော်လင်းတို့သာ ကျန်ရှိတော့ကြောင်း သိရှိရသည်။ အဘွားဒေါ်ချစ်စိန်သည် အိမ်ထောင်ကျစမှသည် ယခု အသက် ၁၀၄ နှစ်ကျော်လာသည်အထိ ဘဝကို ကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရပြီး အနေဆင်းရဲ၊ အစားဆင်းရဲဖြင့်သာ အသက်ရှင်ရပ်တည်နေခဲ့ရသည်။

ကျန်သည့် သားသမီး သုံးဦးမှာလည်း လက်လုပ်လက်စား အလုပ်သမားများသာ ဖြစ်သည့်အတွက် ထမင်းမှလွဲ၍ ဆေးဝါးနှင့်အခြားသော ကိစ္စအရပ်ရပ်များ၊ လိုအပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကိုလည်း ကြားသိရသည်။ အဘွားဒေါ်ချစ်စိန်နေသည့်အိမ်မှာပင်လျှင် လေပွေတိုက်လျှင်ပင် ပြိုတော့မည့်အနေအထားသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ အဘွား ဒေါ်ချစ်စိန်၌ မှတ်ပုံတင်လည်းမရှိ၊ အိမ်ထောင်စုဇယားလည်း မရှိသောကြောင့် နိုင်ငံတော်မှ ထောက်ပံ့သော ငွေများကိုလည်း ရရှိခဲ့ဖူးခြင်းမရှိသလို၊ အခြားသော သက်ကြီးဘိုးဘွားများ လှူဒါန်းမှုများတွင်လည်း ပါဝင်ခဲ့ရဖူးခြင်းမရှိကြောင်း ဒေါ်ချစ်စိန်က ပြောသည်။

အသက်အရွယ် ကြီးရင့်နေကြပြီးဖြစ်သော ဘိုးဘွားများအား ကျန်းမာရေး၊ စားဝတ်နေရေး၊ နေထိုင်ရေး စသော လူမှုကိစ္စများအတွက် ထောက်ပံ့ကူညီလှူဒါန်းပေးနိုင်ခြင်းဖြင့် ကုသိုလ်ပြုနိုင်ကြရန်နှင့် အဖွားဒေါ်ချစ်စိန်နှင့် အခြားသော သက်ကြီးဘိုးဘွား များအားဆေးဝါး၊ အခြားသော အသုံးအဆောင်များနှင့် အလှူငွေများထောက်ပံ့ လှူဒါန်းလိုပါက ဖုန်း ၀၉-၉၆၀၁၅၄၉၇၁၊ ၀၉-၇၉၉၁၀၇၂၅၉ နှင့် ၀၉-၂၅၆၃၀၂၁၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။
(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။
(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။
(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ)။
(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ)။
(၃) **သိပ္ပံဘွဲ့များ** (ရုက္ခဗေဒ၊ ဇီဝနည်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ)။
(၄) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**။
(၅) **တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့**။
(၆) **ဥပဒေဘွဲ့**။
(၇) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်)။
(၈) **မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့**။

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။
(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။
(ဆ) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထားနိုင်သည်။
(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။
(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၇ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံ အဘိဓမ္မာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ၊ ရွှေပါရမီပညာရေး၊ ကျန်းမာရေးဖောင်ဒေးရှင်းများဥက္ကဋ္ဌ၊
တက်လမ်းကုမ္ပဏီများအုပ်စု၏ဥက္ကဋ္ဌ
**ဦးရှိန်ဝင်း** အား
နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် အမြင့်ဆုံးသာသနာ့ဂုဏ်ထူးဘွဲ့ **'အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ'** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရခြင်းအတွက် လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း မေတ္တာဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဝင်းနိုင် (Shine Mahar General Enginnering Work)
ဦးဝင်းကို (Aung Paing San Co., Ltd & Tet Lann Painting Group)
ဦးအောင်ရဲ (Tet Lann Electrical Group)
ဦးမင်းစံမောင် (Tet Lann Electrical Group)
ဦးမြင့်ထွန်း (Tet Lann Construction Group)
ဦးသိန်းရွှေ (Tet Lann Construction Group)
ဦးမောင် (Tet Lann Decoration Group)
ဦးကိုးလေး (Tet Lann Water Supply & Sanitation Group)

( ဒဂုံမြို့သစ် )
ဆိပ်ကမ်း၊တောင်ပိုင်း
မြေကွက်များဝယ်လိုသည်
Ph:09 43083879

ကလေးနာမည်ပေးဆရာကြီး
ရာဇာမောင်ဝင်း
01-399136,09-73009994,09-5152521(LL.B)
09-253997740, လူကြီးလိုရာမေးအိမ်အမြန်ရောင်းထွက်ဖို့
တိုက်(94)ပထပ်၊မန္တလေးလမ်း(လယ်)မင်္ဂလာတောင်ညွန့်ရန်ကုန်၊(ဗိုလ်ရက်မရှိ)

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေနစ်၊ ပွဲခပေးရန်မလို
ဖုန်း 01-2339310,01-2339355,01-578044

ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း၊ 09-5401011, 09-73095677,09-5002931

## " 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "




(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသောကြောင့်စီးပွားရေးအကွက်အကွင်းကျသောနေရာ ..........
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ရွှေပြည်သာ တံတား(၄)စင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာသွားလာနိုင်သောနေရာ ...........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ .............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ...........
- ခေတ်မီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ ....




ဖုန်း-၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉-၇၃၀၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ptt Lubricants

## JOURNEY OF POWER

ANNIVERSARY 10 YEARS

" ကံစမ်းမဲအစီအစဉ် "




PTT စက်ချောဆီအား အစဉ်တစိုက်ဝယ်ယူ အားပေးခဲ့ကြသော Customer များအား ကျေးဇူးတုန့်ပြန်သောအနေဖြင့်
Tunn Star Co., Ltd မှ PTT စက်ချောဆီအား မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချခြင်း 10 နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပါသည်။

### ကံစမ်းမဲအစီအစဉ်

ကံစမ်းမဲ ကူပွန်တွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ဝယ်ယူသည့်ဆိုင်တို့ကို ပြည့်စုံစွာ ဖြည့်စွက်ပြီးနီးစပ်ရာ အင်ဂျင်ဝိုင်အရောင်းဆိုင်ရှိ ကံစမ်းမဲပုံးများ (သို့မဟုတ်) စာတိုက်သေတ္တာအမှတ် 1056 သို့ ပေးပို့ရပါမည်။
ကံစမ်းမဲ ကူပွန်များအား 31st March 2018 နောက်ဆုံးထား၍ ပေးပို့ ရပါမည်။ 0.8 Litres နှင့် အထက် 1 ဘူး ဝယ်ယူတိုင်း ကံစမ်းမဲ ကူပွန် 1 စောင်ရရှိမည်။
အသေးစိတ် အချက်အလက်များကို PTT Lubricants Myanmar Facebook Page ကို Like & Follow လုပ်ထားရုံဖြင့် သိရှိနိုင်မည်ဖြစ်ပြီး မေးမြန်းလိုသည်များကိုလည်း စုံစမ်းမေးမြန်းနိုင်ပါသည်။ (သို့မဟုတ်) ဖုန်းနံပါတ် 09 762010200, 09 762010300, 01 298124 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကံစမ်းမဲ ကာလ 15th December 2017 - 31st March 2018

PTT Lubricants Myanmar

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းထွန်းခိုင်
### ယာဉ်မောင်း(၅)၊ အမျိုးသားလွှတ်တော်ရုံး
### နေပြည်တော်
### အသက်(၅၄)နှစ်

အမျိုးသားလွှတ်တော်ရုံးမှ ယာဉ်မောင်း(၅) ဦးထွန်းထွန်းခိုင် အသက်(၅၄)နှစ်သည် ၂၁-၁-၂၀၁၈ရက် ညနေ ၆း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းထွန်းခိုင်
### ယာဉ်မောင်း(၅)၊ အမျိုးသားလွှတ်တော်ရုံး
### နေပြည်တော်
### အသက်(၅၄)နှစ်

အမျိုးသားလွှတ်တော်ရုံးမှ ယာဉ်မောင်း(၅) ဦးထွန်းထွန်းခိုင် အသက်(၅၄)နှစ်သည် ၂၁-၁-၂၀၁၈ရက် ညနေ ၆း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားလွှတ်တော်ရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသန်းအုန်း(ငြိမ်း)
## DSA(10)
## အသက်(၇၃)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ အနိုပ်တော်ရပ်၊ ရေစစ်ကန်အရှေ့၊ အေးစေခြ်နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ မောင်ရေချမ်း၊ မောင်အောင်ကျော်စိုး၊ မသပြေတို့၏ဖခင်၊ မောင်သြရသစိုး၏အဘိုး၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်းတွင် ရဲဘော်ရဲဘက်၊ တိုက်ဖော်တိုက်ဖက် စိတ်အပြည့်ဖြင့် တိုင်းပြည်အတွက် တိုက်ပွဲပေါင်းများစွာ အတူတိုက်ပွဲဝင်ခဲ့တဲ့ ဗိုလ်ကြီးသန်းအုန်း(ငြိမ်း)သည် ၁၉-၁-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**D.S.A(9)th, Intake**
**သူငယ်ချင်းများနှင့်မိသားစုများ**

### မရွှေရည်ဝင်း
### အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊တိုက် ၃၅၊ အခန်း ၃၂နေ ဦးအုန်းမောင်-(ဒေါ်ကြည်ကြည်)၊ တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ ရပ်ကွက်(၅)နေ အဘွားဒေါ်ရီ၊ (ဦးသိန်းမောင်)-ဒေါ်လှတို့၏မြေး၊ ဒေါ်နှင်းချိုချို၊ ဒေါ်သင်းချိုချို၊ ဦးမြတ်ငြိမ်း၊ ဦးမြတ်သက်ငြိမ်း၊ ဦးကျော်လှိုင်ဘွား၊ ဒေါ်အေးမိစံ၊ ဦးကျော်မျိုးဟန်၊ ဒေါ်ခင်စန်းအောင်၊ ဒေါ်မြမြသိန်း၊ ဒေါ်အေးအေးသိန်း၊ ဦးတိုး၊ ဦးမျိုး၊ ဦးဒူးဝါးတို့၏တူမ၊ ဦးကျော်စိုး-ဒေါ်ဝင်းချိုချိုတို့၏သမီး၊ မရွှေရည်ဝင်း (ဒု-ဦးစီးမှူး)၊ FDA၊ နေပြည်တော်သည် ၂၁-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(ဦးဝိစာရနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက် နံနက်တွင် ဦးဝိစာရအိမ်ရာနှင့် နေပြည်တော်၊ တိုက် ၇၁၇၊ အခန်း ၁၄ တို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### မရွှေရည်ဝင်း
### အသက်(၂၆)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒေါ်ဝင်းချိုချို၏သမီး မရွှေရည်ဝင်းသည် ၂၁-၁-၂၀၁၈ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရွှေရည်ဝင်း အသက်(၂၆)နှစ်
### ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)

နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) ဒေါ်ရွှေရည်ဝင်းသည် ၂၁-၁-၂၀၁၈ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/8906 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7500 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဦးထွန်းထွန်းခိုင်(ခ)ဦးတိုးကြီး
### ယာဉ်မောင်း(၅)၊ အမျိုးသားလွှတ်တော်ရုံး
### အသက်(၅၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ သရဖီအိမ်ရာ၊ တိုက် ၄၃၆၇၊ အခန်း ၀၅နေ ဒေါ်ခင်စန်းဝေ (အကြီးတန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန)၏ခင်ပွန်း၊ မောင်မွန်မြတ်သူ၏ဖခင်သည် ၂၁-၁-၂၀၁၈ရက် ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်တီ(ကြခတ်ကုန်းကြီး) အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ အမှတ် ၄၈နေ (ဒေါ်ငွေသိန်း)၏ညီမ၊ (ဦးချန်ထွန်း)၏ဇနီး၊ ဒေါ်ဝင်းငွေ၊ (ဦးငွေတိုး)-ဒေါ်ခင်လှမော်၊ ဦးဝင်းအောင်(လ/ထညွှန်မှူးဆည်မြောင်းဦးစီးဌာန၊ သန်လျင်)-ဒေါ်ယုကြည်၊ ဒေါ်ငွေငွေမြင့်(အလက၊ ကြခတ်ကုန်းကြီး)၊ ဦးငွေဦးခိုင်-ဒေါ်အေးအေးမော်(အလက၊ကြခတ်ကုန်းကြီး)၊ ဦးစိုးလှိုင်(လ/ထညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၊ အင်းကုန်း) - ဒေါ်ညိုညိုဝင်း(လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၊ အင်းကုန်း)၊ ဦးမောင်မောင်-ဒေါ်လှဲ့လှဲ့ဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ရင်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၃)ရပ်ကွက်၊ သခင်ဖိုးလကြီးလမ်း၊ အမှတ် ၂၉၉နေ (ဦးထွန်းရင်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးတင့်လွင်)၊ (ဒေါ်ခင်သန်းမူ)၊ (ဦးဝင်းနိုင်)တို့၏အစ်မကြီး၊ (ဦးဘကြည်)၏ဇနီး၊ ဦးဝင်းထိန်(လက်ထောက်ညွှန်မှူး၊ ဆည်/ရေ)-ဒေါ်လှနွယ်နီဝင်း၊ ဒေါ်မြင့်စန္ဒာကြည်တို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းသုတထိန်(ILBC)တို့၏အဘွားသည် ၂၁-၁-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင်SSCဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မေအေး(မုဒုံ) အသက်(၈၁)နှစ်
### ကန်တော့ခံဆရာမကြီး
### [အမက(၄)အလုံ၊ အထက(၅)ကြည့်မြင်တိုင်၊ အလက(၉)အင်းစိန်]

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၁၀၇၀နေ (ဦးတင်ဝေ)၏ဇနီး၊ ဒေါက်တာဥမ္မာအေး (လ/ထ ညွှန်မှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကွေး)၊ (ဦးစိုင်းရန်အောင်စိုး-ဒေါ်ယဉ်ယဉ်ဝေ)၊ ဦးအောင်ကိုကို-ဒေါ်မြင့်မြင့်ဝင်း(ကညန၊ ရုံးချုပ်)၊ (ဦးထွန်းထွန်းဝေ)၊ ဦးခင်မောင်ထွေး(JSM Co.,Ltd)-ဒေါ်လှသူဇာဝင်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက် (စနေနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြွယ်
### ရုံးခွဲမှူး၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း
### မြန်မာ့စီးပွားရေးဘဏ်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၄၂၄နေ(ဦးဟုတ်စိန်-ဒေါ်ကျင်ကြူတ်)တို့၏သမီး၊ (ဦးမောင်လွင်-ဒေါ်ကျင်ပို)တို့၏သမီးချွေးမ၊ ဦးမြင့်စိုး(လ/ထ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ဇနီး၊ မဇင်မင်းစိုး(Chief: Account MDG Co.,Ltd.)၊ မောင်သီဟစိုး-မနှင်းနှင်းအိ(ခေတ္တ-စင်ကာပူ)တို့၏မိခင်သည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ရီ (ရေးမြို့)
### အသက်(၈၄)နှစ်

ရေးမြို့နေ(ဦးရှိန်ပု-ဒေါ်မအစ်)တို့၏သမီး၊ (ဦးချောကဲ-ဒေါ်မယ်အေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွှန့် စံပြရပ်ကွက်၊ အမှတ် ၁၄နေ (ဦးထွန်းရီ) ရွှေပန်းထိမ်၏ဇနီး၊ (ဦးမြင့်စိုး)-ဒေါ်နီနီမြ၊ ဦးအောင်ချစ်-ဒေါ်ယုယုမော်၊ ဦးမောင်မောင်ငြိမ်း - ဒေါ်ခိုင်ခိုင်မော်၊ (ဦးကျော်မြတ်စိုး) - ဒေါ်လွင်လွင်မော်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၈း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှမြင့်
### (ဒုဦးစီးမှူး၊ကညန၊မန္တလေးတိုင်းရုံး)
### အသက်(၅၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်၊ စီပီလိုင်းရပ်၊ အမှတ် ၂၈နေ (ဦးစိန်ဝင်း-ဒေါ်စန်းစန်း)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွာသာကုန်းရွာနေ (ဦးတင်-ဒေါ်စိန်ရင်)တို့၏ချွေးမ၊ ဒေါ်အေးအေးခိုင်၏ညီမ၊ ဦးဇော်လင်း-ဒေါ်တင်တင်တို့၏အစ်မ၊ ဦးသီဟဇော်-ဒေါ်သူဇာခင်တို့၏မိခင်၊ ဒေါ်ဇွန်ဇာလင်း၏အဒေါ်၊ မရွှေရည်လင်းလက်၏အဘွား၊ ဦးခင်ဇော် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ MOGE)၏ချစ်လှစွာသောဇနီးသည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးသိန်းလှိုင်
### (မုဒုံ၊ တံခွန်တိုင်-မုဒုံမြို့နယ်
### အသင်းဝင်)
### အသက်(၉၈)နှစ်

မွန်ပြည်နယ်၊မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ (ဦးပါ-ဒေါ်စောရွှေ)တို့၏သား၊ (ဦးနာကွတ်-ဒေါ်ပု)တို့၏သားသမက်၊(ဦးညွန့်တင်-ဒေါ်ဘုတ်)၊ (ဦးသိန်းမြင့်-ဒေါ်ဝင်းကြည်)၊ (ဦးစံသိန်း)-ဒေါ်ခင်ကြည်၊ ဒေါ်ခင်ငယ်-(ဦးအောင်ခင်)၊ ဦးစိုးတင့်-ဒေါ်ခင်သန့်၊ ဦးသန်းမြင့်-(ဒေါ်အေးသန်း)၊ (ဦးဟန်နွယ်)-ဒေါ်မြတ်ပိုးတို့၏အစ်ကို၊ (ဦးဟုတ်ကြီး-ဒေါ်လှရီ)၊ (ဦးအေးမြင့်)-ဒေါ်ခင်သန်းကြည်၊(ဦးစိုးမြင့်)-ဒေါ်သန်းရီ၊ ဦးသိန်းထွန်း-ဒေါ်ခင်ရီ၊ ဦးစိန်မြင့်-ဒေါ်အေးသိန်း၊ ဦးဝင်းနိုင်-ဒေါ်ဝင်းဝင်းမြင့်တို့၏ဖခင်၊ (ဒေါ်ငြိမ်းတင်)၏ခင်ပွန်း၊ မြေး ၃၅ယောက်၊ မြစ် ၄၅ယောက်၊ တီ ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၈း၄၅နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အရှေ့(၃)ရပ်ကွက်၊ မာန်ပြေ(၁၇)လမ်း၊ အမှတ် ၃၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) တွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်နှင်းလွင်
### မြန်မာ့လေကြောင်း(ငြိမ်း)
### အုပ်ချုပ်ရေးဌာန
### အသက်(၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းသွယ်(၂)၊ အမှတ် ၆၂/ဘီနေ (ဦးကျော်စိန်-ဒေါ်တင်ဦး)တို့၏သမီး၊ (ဦးသင်းမောင်)-ဒေါ်အေးကြွယ်တို့၏ညီမ၊(ဒေါ်သိန်းငွေ၊ ကက/လေ၊ ငြိမ်း)၏အစ်မ၊ (ဦးချစ်ညွှန့်) - ဒေါ်ကြည်စန်းတို့၏ ညီမသည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၆း၁၈နာရီတွင် အင်းစိန်မြို့နယ်သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောခဲနက်(ခ)စောနဲတာ
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၁၄၀၆နေ (ဦးစောကျော်အုံး)-နော်ရီးနာဇင်းတို့၏သား၊(ဦးအောင်ဇေ-ဒေါ်နန်စီ)တို့၏သားသမက်၊ နော်အယ်လ်မီးနာအုံး-စောဆန်နီဘွိုင်းတို့၏မောင်၊ စောခေးတန်း-နော်ဖောစော့၊ နော်အယ်ဒီးနာအုံး-စောပေါလ်၊ စောတာမူ-နော်ပပဝင်းတို့၏အစ်ကို၊ နော်မြင့်မေခင်(ဆရာမ၊ အလက-၃၊ အင်းစိန်)၏ချစ်လှစွာသောခင်ပွန်း၊ နော်တင်ဇာအုံး(Park Royal Hotel)၊ နော်စန္ဒီအုံး (သရပ်ပြ၊ ဒဂုံ တက္ကသိုလ်)၊ စောကျော်ဝေဟင် (Mingalardon Cargo Service)၊ နော်အိမ့်မေမီအုံး(Community Architect)၊ နော်ထိုက်ထက်ထက်အုံး (ဆရာမ၊ အလက-၃၊ အင်းစိန်)တို့၏ ဖခင်သည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၂၅-၁-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် နံ့သာကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်စီစီချို
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်(၂)လမ်း၊ အမှတ် ၆နေ [ဦးကျင်တင်း(ခ)ဦးချို-ဒေါ်ကျင်သိန်း]တို့၏သမီး၊ ဒေါ်ဆင်ငွေး၏တူမ၊ (ဦးမင်းဆွေ)၊ ဦးမင်းလွင်-ဒေါ်သက်မာရီတို့၏ညီမ၊ မောင်ထက်အောင်လှိုင်(ခ)ပိုင်ပိုင်၊ မနန္ဒာလွင်(ခ)ဒါဒါ (Producer MNTV)တို့၏အဒေါ်သည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## လင်ထုန်ကျင်(ခ)ဦးမောင်ကျင် (ပုသိမ်)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၅၆၊ (မြေညီထပ်)နေ (လင်ဘွန်ဖတ်-ဒေါ်အွန်နား)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ဝင်း)၊ ဦးကျော်ဝင်း-ဒေါ်ကျင်အေး၊ (ဦးအောင်ဝင်း)-ဒေါ်နီနီခိုင်၊ ဒေါ်ကျင်လှ၊ ဦးခင်မောင်ဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းဆွေ(တိုက်ကြီး) အသက်(၉၀)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ် ၁၁/ဃ၊ ၇မိုင်နေ (ဦးစံမြင့်-ဒေါ်အေးဖြူ)တို့၏သား၊ ဒေါ်ခင်မိမိ၏ခင်ပွန်း၊ ဒေါက်တာယဉ်ယဉ်ဦး(ကလေးအထူးကုဆရာဝန်ကြီး၊ ပြည်မြို့)၊ ဒေါက်တာသန့်ဇင်လင်း(မျက်စိအထူးကုဆရာဝန်ကြီး)၊ ဦးမောင်မောင် (ဒုညွှန်မှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်မာလာဆွေ၊ ဦးသန့်ဇော်(ဒုညွှန်ချုပ်၊ စစ်ဆေးရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး)-ဒေါက်တာဆွေဆွေရည်(မျက်စိအထူးကုဆရာဝန်ကြီး)၊ ဦးသိန်းအောင်(Myanmar Trademark & Patent Law Firm)-ဒေါ်မြတ်သန္တာတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၁/ဃ၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးသန်းဆွေ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း) အသက်(၉၀) ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် ၂၁-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**(ယခင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)**

## ဗိုလ်ကြီးအုန်းသွင်(ငြိမ်း)
### (ဦးပတ်စိန်၊ မုံရွာ)
### အသက်(၇၀)

မုံရွာမြို့နေ (ဦးသန်းရီ-ဒေါ်ငုတ်လန်)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးကိုကြီး-ဒေါ်ခင်မေ)တို့၏သားသမက်၊ မော်လမြိုင်မြို့နေ ဒေါ်ခင်ထားရီ၏ခင်ပွန်း၊ ဗိုလ်ကြီးဘုန်းနိုင်သွင်(ငြိမ်း)-မစန်းစန်းဦး၊ မထားလင်းလင်းသွင်၊ ကိုအောင်ကိုကို-မအေးမြတ်သွင်၊ (မလွင်လွင်အုန်းသွင်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၈ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့၊ ဖေယျာမြိုင်ရပ်ကွက်၊ သပြေလမ်း၊ အမှတ် ၂၀၅/ခမှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၈ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ မုခ်ဦး ဒါယကာကြီး
## ဦးမော်ဝင်း (တပ်ကုန်း)
### ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်
### အသက်(၆၄)နှစ်

ရမည်းသင်းမြို့၊ ဝါတိုးအလယ်ရပ်နေ (ဦးတင့်ဆွေ-ဒေါ်စိန်မေ)တို့၏သား၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်သန်းညွှန့်(ထွေ/အုပ်၊ ငြိမ်း)၏ခင်ပွန်း၊ ကိုဇော်ဇော်(လင်းရတနာ၊ စာရေးကိရိယာ)-မတင်နန္ဒာဝင်း(ထက်ပြ၊ ရွှေးစု)၊ ဗိုလ်မှူးနိုင်သူရဝင်း(ဒု-ရင်းမှူး၊ခလရ-၇၈)-မမေဖြိုးဝင်း၊ မခင်ချိုချိုဝင်း(ဝင်းရတနာ-စာရေးကိရိယာစတိုး)၊ မဇင်မာဝင်း(လယ်ပြ၊ နွယ်ရစ်)၊ မအေးငြိမ်းဝင်း(ထက်ပြ၊ ထ-၁)တို့၏ဖခင်၊ မမေချမ်းနိုင်မှူး၊ မဟေသာမိုးထန့်၊ မပိုးမေမီဇော်တို့၏အဘိုးသည် ၂၀-၁-၂၀၁၈ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် တပ်ကုန်းမြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်းအောင်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ(ဦးထွန်းအောင်)-ဒေါ်ခင်ထားတို့၏သား၊ ပြည်မြို့နေ (ဦးခင်မြ-ဒေါ်တင်မြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ တိုက် B-၆၊ အခန်း ၁၀၅နေ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုရဲဖြိုးအောင်(Sky Net Sport Channel)-မအိအိလွင်(MOB ဘဏ်)တို့၏ဖခင်၊ (ဦးအေးသိန်း)-ဒေါ်စုစုဝင်းတို့၏ညီ/မောင်၊ ဦးသက်ဆွေအောင်-ဒေါ်စန်းစန်းနွယ်၊ ဦးစောဝင်းနိုင်-ဒေါ်ဖြူဖြူအောင်တို့၏အစ်ကိုသည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၉နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ Medanta ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် နယူးဒေလီမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးထွေး(တောင်ကြီး) အသက်(၆၀)

တောင်ကြီးမြို့၊ ကံရှေ့ရပ်ကွက်၊ ရေထွက်ဦးလမ်း၊ နယ်မြေ(၈)၊ အမှတ် ၂၀၇နေ (ဦးချင်မင်ချောင်-ဒေါ်ပေါခင်)တို့၏သမီး၊ (ဦးမောင်စိန်)-ဒေါ်ခင်ရီ၊ ဒေါ်မေဟန်ချမ်း၊ ဦးစိန်ဝင်းချမ်း-ဒေါ်ရိမ်ကြည်၊ (ဒေါ်စိန်သန်းချမ်း)တို့၏ညီမ၊ ကိုဆန်းထွေး-မဝင်းရီချမ်း၊ မနီအေးချမ်း၊ ဒေါက်တာဝေခိုင်ချမ်း၊ မဝေလှိုင်ချမ်း၊ ဒေါက်တာမွန်မွန်လင်းချမ်း၊ မဟန်နီချမ်းတို့၏အဒေါ်၊ မဆန်းသီရိချမ်းတို့၏အဘွားလေးသည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံကွမ်းတုံ ဗုဒ္ဓဘာသာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ စီးပွားရေးမူဝါဒများ အကောင် အထည်ဖော်ဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းပါက စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ပြည်သူ့လွှတ်တော် စာ-၇

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကိုချမှတ်ပြီး ဘက်စုံ လွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍသစ်ကို အကောင်အထည် ဖော်ဆောင်နေ အမျိုးသားလွှတ်တော် စာ-၈




ကျော်မင်းသန်းအား ဆုယူအပြီး တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ၂၀၁၈ မောင်မြန်မာပြိုင်ပွဲ ကျော်မင်းသန်း ရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား အဖွဲ့ချုပ်က ကျင်းပသည့် အမျိုးသားတံခွန်စိုက်ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်း MCC ခန်းမ၌ ကျင်းပခဲ့ရာ ၂၀၁၈ ခုနှစ်အတွက် မောင်မြန်မာဆုကို ကျော်မင်းသန်းက ဆွတ်ခူးရရှိသွားသည်။

"ကျွန်တော်တို့ မောင်မြန်မာပြိုင်ပွဲ မကျင်းပဖြစ်တာ ၁၀ နှစ်ရှိပြီဖြစ်ပါတယ်၊ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပတာဖြစ်ပါတယ်၊ ပြိုင်ပွဲကို နှစ်စဉ်ကျင်းပသွားမှ မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာမှာပါ၊ ဒီပြိုင်ပွဲမှာ ကီလိုတန်းအလိုက် ပထမရရှိတဲ့ ကစားသမားတွေ ယှဉ်ပြိုင်ကြတာပါ၊ အာရှနဲ့ကမ္ဘာ့ပြိုင်ပွဲတွေမှာ ဆုရရှိတဲ့သူတွေကလွဲလို့ အလွတ်တန်းဝင်ပြိုင်ကြတာဖြစ်ပါတယ်၊ ကီလိုတန်းအနည်းဆုံးဖြစ်တဲ့ ၆၀ ကီလိုတန်းက ကျော်မင်းသန်း ရသွားတဲ့ ဗိုက်ကြွက်သားတွေက ရှစ်လုံးစလုံးပေါ်တယ်၊ အရပ်အမောင်းနဲ့မလိုက်အောင် ကြွက်သားတွေကြီးမားပေါ်လွင်မှုက ပိုများတယ်၊ ခန္ဓာကိုယ်ကြီးတာ၊ သေးတာနဲ့ မဆိုင်ဘူး၊ ခန္ဓာကိုယ်အချိုးအစားကျနမှု၊ ကြွက်သားပေါ်လွင်မှု၊ ကြီးထွားမှုနဲ့ ကိုယ်ဟန်ပြတာ သေသပ်မှုတွေကို ကြည့်ပြီးပေးခြင်းဖြစ်ပါတယ်" ဟု ကာယဗလ အကဲဖြတ်ဒိုင် ဦးကျော်စိန်သန်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ကာယဗလမောင် ၆၀၊ ၆၅၊ ၇၀၊ ၇၅ကီလိုတန်းနှင့်အထက် ပြိုင်ပွဲဝင်များအား ပဏာမရွေးချယ်ကြသည်။ ဆက်လက်၍ ကီလိုတန်းအလိုက် ပြိုင်ပွဲဝင်ငါးဦးစီတို့က အပြည်ပြည် ဆိုင်ရာ သတ်မှတ်ကိုယ်ဟန်ပြ ခုနစ်မျိုးတို့ကို ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲတွင် ပထမဆုရရှိသူများက ၂၀၁၈ ခုနှစ် မောင်မြန်မာပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ကြရာ ၆၀ ကီလိုတန်းမှ ကျော်မင်းသန်းက မောင်မြန်မာဆု ရရှိသွားသည်။ ထို့ပြင် အမျိုးသား Sport Physique ပြိုင်ပွဲများ၊ အမျိုးသမီး Model Physique ပြိုင်ပွဲဝင်များက သတ်မှတ်ကိုယ်ဟန်ပြကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား

*စာမျက်နှာ ၄ ကော်လံ ၅* ❖

# အင်အားအသင့်အတင့်ရှိ ဖြူးငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ်များ ထပ်မံလှုပ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဇန်နဝါရီ ၁၂ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ်များ ထပ်မံလှုပ်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက် **(ယနေ့)**တွင် အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၉ အဆင့်ရှိ ငလျင်ငယ်တစ်ခု ထပ်မံလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါမြေငလျင်သည် မြန်မာစံတော်ချိန် ၁၄ နာရီ ၀၈ မိနစ် ၀၁ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် ၉၅ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း ဖြူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၂၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၃ ဒီဂရီ၊ မြေအောက်အနက် ၂၉ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ ဇန်နဝါရီ ၂၀ ရက်ကလည်း တစ်ရက်တည်း မြေငလျင် လေးကြိမ်လှုပ်ခဲ့ရာ မြန်မာစံတော်ချိန် ၂၂ နာရီ ၃၅ မိနစ် ၂၂ စက္ကန့်က စစ်တွေမြို့ မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၄၂ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း သံတွဲမြို့၏ အနောက်- အနောက်တောင်ဘက် ၁၉ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းအနီး မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၆ ဒီဂရီ၊ မြေအောက် အနက် ၅၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိ ငလျင်ငယ်တစ်ခု၊ ယင်းနေ့ မြန်မာစံတော်ချိန် ၁၉ နာရီ ၄၁ မိနစ် ၁၄ စက္ကန့်က ဟားခါးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၄၆ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း ကလေးဝမြို့၏ တောင်ဘက် ၃၂ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၁ ဒီဂရီ ၊ မြေအောက်အနက် ၆၉ ကီလိုမီတာကို ဗဟိုပြု၍

*စာမျက်နှာ ၄ ကော်လံ ၁* ❄




# KBZ Bank Women's League ပွဲစဉ်(၅)ယနေ့ စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက် ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပွဲစဉ်(၅)ကို ဇန်နဝါရီ ၂၃ ရက် **(ယနေ့)**စတင်ကျင်းပမည်ဖြစ်ပြီး အသင်းကြီး များဖြစ်သည့် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းတို့ ထိပ်တိုက် တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၅)အဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် မြဝတီ အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန အသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် အား/ကာသိပ္ပံ အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ဂန္ဓမာအသင်းနှင့် တက္ကသိုလ်အသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ဇွဲကပင်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။ ပွဲစဉ်(၄)အပြီးတွင် သစ္စာအားမာန်နှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့က ၁၀ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ကိုးမှတ်၊ YREO အသင်းက ခုနစ်မှတ်၊ ဇွဲကပင် အသင်းက ခြောက်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးမှတ်ရထားပြီး ဂန္ဓမာအသင်းနှင့် တက္ကသိုလ် အသင်းတို့က လေးပွဲစလုံးရှုံးကာ အမှတ်မရသေး ပေ။ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း သည် အမှတ်တူသော်လည်း ဂိုးကွာခြားချက် အသာရထားသည့် သစ္စာအားမာန်အသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ပွဲစဉ်(၄)တွင် ပထမဆုံး ရှုံးပွဲကြုံတွေ့ပြီး နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရသည့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ထိပ်ဆုံးမှ အသင်းနှင့် အမှတ်ပြတ်မသွားစေရန် ယခုပွဲတွင် ရှုံးပွဲကြုံတွေ့၍ မရတော့ဘဲ လက်ရှိချန်ပီယံ မြဝတီအသင်းမှာလည်း သစ္စာအားမာန်အသင်းကို အမီလိုက်နိုင်ရန် မဖြစ်မနေ နိုင်ပွဲရယူရမည်ဖြစ်ရာ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင် ပေသည်။

**ရဲရင့်ရှိုင်း**



